# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

အတွဲ (၅၂)
အမှတ် (၁၉၃)

၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

၂၀၁၃ ခုနှစ်၊ ဧပြီ ၁၁ ရက်၊ ကြာသပတေးနေ့။


**ဒို့တာဝန် အရေး(၃)ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

**ယနေ့ မာတိကာ**


လယ်ယာလုပ်ငန်းကို ထိထိရောက်ရောက် အောင်မြင်အောင် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ ပြည်သူတစ်ဦးစီ၏ဝင်ငွေ တိုးတက်ကောင်းမွန်ကာ စီးပွားဖွံ့ဖြိုးသော နိုင်ငံတစ်နိုင်ငံအဖြစ်သို့ အမြန်ဆုံးရောက်ရှိလာမည်ဖြစ်
ခေါင်းကြီး စာ - ၂

ဧပြီလမှစ၍ တိုးမြှင့်ပင်စင်လစာ ခွင့်ပြု စာ - ၂

ငြိမ်းငြိမ်းချမ်းချမ်းနှင့် ဘာသာပေါင်းစုံ စည်းလုံးစွာ နေထိုင်တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် သံသယကင်းစွာ နေထိုင်
စာ - ၅

သွန်းတဲ့ညောင်ရေ ပန်းသပြေ
ဆောင်းပါး စာ - ၆

ရိုးရဲတို့ရှုံးသော်လည်း အကြိုဗိုလ်လုပွဲတက် စာ - ၁၄


**ကြော်ငြာအချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျာမန်ပါလီမန်အဖွဲ့အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ခိုင်မာရေးဆွေးနွေး

**နေပြည်တော် ဧပြီ ၁၀**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျာမနီနိုင်ငံ ဂျာမန်ပါလီမန် ဒုတိယဥက္ကဋ္ဌ H.E.Dr. WolfgangThierse ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးအောင်ကြည်၊ ဦးစိုးမောင်နှင့် ဦးမောင်မြင့်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဂျာမန်ပါလီမန်ဒုတိယဥက္ကဋ္ဌခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr. Christian-Ludwig Weber-Lortsch တက်ရောက်သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ခိုင်မာရေး၊ ဂျာမနီနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ယဉ်ကျေးမှုနှင့်ဘာသာစကား ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေးအဟန့်အတားများကို ဖယ်ရှားပေးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရေး၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ဂျာမနီနိုင်ငံက ကူညီဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျာမနီနိုင်ငံ ဂျာမန်ပါလီမန် ဒုတိယဥက္ကဋ္ဌ H.E.Dr. Wolfgang Thierse အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ရခိုင်ပြည်နယ်တစ်ခွင် လျှပ်စစ်မီးရရှိရေး ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများရောက်ရှိ


သတင်း စာမျက်နှာ ➤ ၂

**လှည်းတန်းခုံးကျော်တံတား**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ရန်ကုန်-အင်းစိန်လမ်း၊ ပြည်လမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ လှည်းတန်းလမ်းတို့ ဆုံရာလမ်းဆုံရှိ လှည်းတန်းခုံးကျော်တံတားကို ယနေ့နံနက်ပိုင်းမှစတင်၍ မော်တော်ယာဉ်များ ဖြတ်သန်းခွင့်ပေးလိုက်ရာ မောင်းနှင် ဖြတ်သန်းနေကြသော မော်တော်ယာဉ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-ထင်ပေါ်ဝင်း)


(သတင်းအကျယ်ကို စာမျက်နှာ-၁၂ တွင် ဖတ်ရှုနိုင်ပါသည်။)

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လယ်ယာစီးပွား ပြည့်အင်အား

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် နှစ်ကာလကြာမြင့်စွာ မိုးကောင်းရေသောက်ဖြင့်သာ စိုက်ပျိုးရေးလုပ်ကိုင်ခဲ့ကြပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်များမှစပြီး နိုင်ငံတစ်ဝန်း ဆည်မြောင်းတာတမံများ တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် မိုးကောင်းရေသောက်စနစ်မှ ဆည်ရေသောက်စနစ်သို့ ကူးပြောင်းလာခဲ့ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းတစ်ခု၏ အသက်သွေးကြောသည် ရေဖြစ်ပါသည်။ ရေရှိလျှင် စိုက်ပျိုးရေးလုပ်ငန်းသည် အောင်မြင်ဖြစ်ထွန်းနိုင်ပါသည်။ ကျွန်ုပ်တို့နိုင်ငံသည် စိုက်ပျိုးရန် မြေသယံဇာတ အလွန်ပေါကြွယ်ဝသည့် နိုင်ငံဖြစ်ပါသည်။ သို့ပါသော်လည်း ရေမရှိလျှင် စိုက်ပျိုးရေးကို ကောင်းစွာလုပ်ကိုင်နိုင်မည်မဟုတ်ပါ။ ယခုအခါ ရာသီဥတုဖောက်ပြန်လာသည့် အလျောက် မိုးလေဝသမှာလည်း မမှန်တော့ပါ။ သည့်အတွက် မိုးရွာချစဉ် မိုးရေများ အလဟဿမဖြစ်ရလေအောင် ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်းဖြင့် စိုက်ပျိုးရေးကို ၁၂ ရာသီပတ်လုံး လုပ်ကိုင်နိုင်ကြမည်ဖြစ်ပါသည်။

နိုင်ငံနှင့်အဝန်း ဆည်ရေသောက်စနစ်များ ပေါ်ထွန်းလာသည်နှင့်အမျှ စိုက်ပျိုးရေးလုပ်ငန်းကို နွေ၊ မိုး၊ ဆောင်း ရာသီမရွေး လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ အချိန်ရာသီမရွေး စိုက်ပျိုးရေးလုပ်ကိုင်နိုင်ခြင်း သီးထပ်သီးညှပ် စိုက်ပျိုးခြင်းတို့ကြောင့် တောင်သူများ ဝင်ငွေတိုးပွားလာမည်မှာ အမှန်ပင် ဖြစ်ပါသည်။

ယခုအခါ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့သစ်နှင့် ပုဗ္ဗသီရိမြို့သစ် နှစ်ခုကြား နယ်နိမိတ် ဆုံရာအနီး စက်စက်ယိုဆည်ရေသောက်စနစ် စက်မှုလယ်ယာမြေဧက ၉၀၀ ဖော်ထုတ်ရေးနှင့် ရေလွှဲဆည် တည်ဆောက်ရေးလုပ်ငန်းကို ဆောင်ရွက်နေပြီဖြစ်ပါသည်။ ဤဒေသသည် တစ်ချိန်က မိုးတွင်းကာလ နှစ်စဉ်ရေကြီးနစ်မြုပ်ခြင်းကြောင့် တစ်သီးစားပင် အောင်မြင်စွာလုပ်ကိုင်နိုင်ခြင်း မရှိပါ။ ယခုအခါ ထိုလယ်မြေဧက ၉၀၀ ကျော်အတွက် ရေနုတ်မြောင်းစနစ်များ ဆောင်ရွက်နေပြီဖြစ်၍ မိုးစပါး အောင်မြင်စွာ စိုက်ပျိုးနိုင်မည့်အပြင် ဤရေလွှဲဆည်၏ ရေကူစနစ်ဖြင့် သီးထပ်သီးညှပ်တို့ကိုလည်း အောင်မြင်စွာ စိုက်ပျိုးလာနိုင်တော့မည်ဖြစ်ပါသည်။ သို့ဖြစ်ခြင်းကြောင့် ဒေသခံတောင်သူလယ်သမားများအတွက် များစွာအကျိုးဖြစ်ထွန်းလာတော့မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း စိုက်ပျိုးရေးနည်းပညာများနှင့် အရင်းအနှီးများ လိုအပ်နေဆဲဖြစ်ပါသည်။ ယင်းအတွက် ဂျပန်နိုင်ငံကဲ့သို့သော နိုင်ငံများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတွင် ပူးပေါင်းလုပ်ကိုင်ရန် ဖိတ်ခေါ်လျက်ရှိနေပြီလည်း ဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံတွင် စိုက်ပျိုးရေးလုပ်ကိုင်ရန် မြေရှိသည်။ ရေလည်းရှိသည်။ နည်းပညာလည်းရမည်။ ရင်းနှီးမြှုပ်နှံမှုလည်းရဦးမည်ဆိုလျှင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းအောင်မြင်သော နိုင်ငံတစ်နိုင်ငံအဖြစ် အမြန်ဆုံးရောက်ရှိလာမည်ဖြစ်ပါသည်။ လယ်ယာလုပ်ငန်းကို ထိထိရောက်ရောက် အောင်မြင်အောင် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ ပြည်သူတစ်ဦးချင်းစီ၏ဝင်ငွေတိုးတက်ကောင်းမွန်ကာ စီးပွားဖွံ့ဖြိုးသော နိုင်ငံတစ်နိုင်ငံအဖြစ်သို့ အမြန်ဆုံးရောက်ရှိလာမည်ဖြစ်ပါကြောင်း။ ။

# ဧပြီလမှစ၍ တိုးမြှင့်ပင်စင်လစာ ခွင့်ပြု

**ရန်ကုန် ဧပြီ ၁၀**

လက်ရှိပင်စင်ခံစားနေသော အငြိမ်းစားများအား လက်ရှိပင်စင်လစာအပြင် ဝန်ထမ်းများအား လစာတိုးမြှင့်ခွင့်ပြုသည့် ကျပ် ၂၀၀၀၀ အပေါ် ပင်စင်နည်းဥပဒေနှင့်အညီ တွက်ချက်၍ ၂၀၁၃ ခုနှစ် ဧပြီလ လစာမှစ၍ တိုးမြှင့်ခံစားခွင့်ပြုခဲ့သည်။

ပင်စင်စားများ တိုးမြှင့်ပင်စင်လစာကို လွယ်ကူမြန်ဆန်စွာ ခံစားခွင့်ရရှိရေးအတွက် ပင်စင်စားများက လျှောက်ထားဆောင်ရွက်ရန်မလိုဘဲ ပင်စင်ဦးစီးဌာနက တိုးမြှင့်ပင်စင်လစာသစ်ကို တာဝန်ယူတွက်ချက်၍ လက်ရှိပင်စင်လစာ ထုတ်ယူလျက်ရှိသော မြန်မာ့စီးပွားရေးဘဏ်လုပ်ငန်းအဖွဲ့အစည်းများသို့ အကြောင်းကြားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပင်စင်ဦးစီး**

## ပြည်တွင်းသတင်း

# နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၁၀**

မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများ ဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ရက်တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းရက်များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ ခေတ္တနားမည်ဖြစ်သည်။

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းရက်များတွင် ကြေးမုံသတင်းစာ ခေတ္တနားမည်ဖြစ်သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျ ပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံပေးသွားမည်ဖြစ်ပြီး ဧပြီ ၂၂ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ဒေသတစ်ခုလုံး လျှပ်စစ်မီး ၂၄ နာရီ ဖြန့်ဖြူးနိုင်ရေး အိန္ဒိယနိုင်ငံမှ ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများရောက်ရှိ

**ရန်ကုန် ဧပြီ ၁၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းသည် ရခိုင်ပြည်နယ်အတွင်းသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် အောက်ဖော်ပြပါ မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံကြီးများ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အိန္ဒိယနိုင်ငံမှ ဝယ်ယူထားသော (၂၃၀/၁၃၂/ ၁၁)ကေဗွီ (၃၃ ဒသမ ၃၃) အမ်ဗွီအေ 1- Phase Power Transformer ၁၂ လုံးနှင့် ဆက်စပ်ပစ္စည်းများ တင်ဆောင်လာသည့် သင်္ဘောသည် ရန်ကုန်မြို့ အေးရှားဝေါလ်ဆိပ်ကမ်းသို့ ရောက်ရှိလာပြီး အဆိုပါ ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများကို ဧပြီ ၈ ရက်တွင် သင်္ဘောပေါ်မှချ၍ မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ တည်ဆောက်ရေး စီမံကိန်းအသီးသီးသို့ ပို့ဆောင်လျက်ရှိသည်။ ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်မီးရရှိရေး တည်ဆောက်လျက်ရှိသော စီမံကိန်းများမှာ ၂၃၀ ကေဗွီ ဥဿျှစ်ပင်-တောင်ကုတ် ဓာတ်အားလိုင်း မိုင် ၆၀၊ ၂၃၀ ကေဗွီ မန်း-အမ်းဓာတ်အားလိုင်း ၆၇ မိုင်၊ ၂၃၀ ကေဗွီ တောင်ကုတ်-မအီ-ကျောက်ဖြူ ဓာတ်အားလိုင်း မိုင် ၁၁၀၊ ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်း ၁၁၅ ဒသမ ၇၃ မိုင်၊ ၂၃၀/၃၃ ကေဗွီ ၁၀၀ အမ်ဗွီအေ အမ်းပင်မဓာတ်အားခွဲရုံ၊ ၂၃၀/၆၆ ကေဗွီ ၁၀၀ အမ်ဗွီအေ ပုဏ္ဏားကျွန်း ပင်မဓာတ်အားခွဲရုံ ၊ ၂၃၀/ ၆၆ ကေဗွီ ၁၀၀ အမ်ဗွီအေ တောင်ကုတ်ပင်မဓာတ်အားခွဲရုံ ၊ ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ကျောက်ဖြူပင်မဓာတ်အားခွဲရုံတို့ဖြစ်ကြောင်း။

အဆိုပါ စီမံကိန်းများ ပြီးစီးပါက ရခိုင်ပြည်နယ်၌ ဓာတ်အားကောင်းမွန်စွာ အသုံးပြုနိုင်မည်ဖြစ်ပြီး အမ်းပင်မဓာတ်အားခွဲရုံမှတစ်ဆင့် အမ်းဒေသတစ်ဝိုက်သို့လည်းကောင်း၊ ပုဏ္ဏားကျွန်းပင်မဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက စစ်တွေ၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြားမြို့များနှင့် ဆက်စပ် ကျေးရွာများတစ်ဝိုက်သို့လည်းကောင်း၊ တောင်ကုတ်ပင်မဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက တောင်ကုတ်၊ ကျိန္တလီ၊ ဂွ၊ သံတွဲမြို့များသို့လည်းကောင်း၊ ကျောက်ဖြူပင်မဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးပါက ရမ်းဗြဲမြို့၊ ကျောက်ဖြူဒေသတစ်ဝိုက်နှင့် ကျောက်ဖြူစက်မှုဇုန်များသို့ လည်းကောင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်မည်ဖြစ်ပြီး ရခိုင်ပြည်နယ်ဒေသတစ်ခုလုံးသို့ လျှပ်စစ်ဓာတ်အားကို ၂၄ နာရီပတ်လုံး ဓာတ်အား လုံလုံလောက်လောက် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အန္တရာယ်ရှိသောဓာတ်တိုင် ပြုပြင်ရန်လိုအပ်

**ထင်သာမြင်သာ ပြုပြင်စရာ**

**မကွေး ဧပြီ ၁၀**

မကွေးမြို့ ရန်ပယ်ရပ်ကွက် ပြည်တော်သာလမ်း အမက(၁၂) ကျောင်းရှေ့ လျှပ်စစ်ဓာတ်တိုင်သည် သစ်သားတိုင်ဖြစ်ပြီး ခြများတက်ကာ အိုမင်းဆွေးမြည့်လျက် ယိမ်းယိုင်လဲပြိုတော့မည် အနေအထားကို တွေ့ရသည်။ ဓာတ်တိုင်တွင် ဓာတ်ကြိုးတင်ထားသော ပျဉ်ချောင်းသည်လည်း မူလီများချောင်လျက် ဟန်ချက်ပျက်ကာ မီးကြိုးများက ကစဉ့်ကလျားဖြစ်နေပြီး လေပြင်းတစ်ချက် တိုက်လိုက်ရုံနှင့် ပြုတ်ကျပြီး လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်နိုင်ပါသည်။

"မိုးရွာရင် ဓာတ်တိုင်နားက သစ်ပင်ကို ထိလိုက်ရင် "ကျင်" ခနဲဖြစ်သွားတယ်။ သစ်ပင်ထဲကို လျှပ်စစ်ဓာတ်စီးဝင်နေတယ်"ဟု ဓာတ်တိုင်အနီး နေထိုင်သူတစ်ဦးက ပြောကြားသည်။ ထိုဓာတ်တိုင်နှင့် မျက်နှာချင်းဆိုင်၌ အမက(၁၂)ကျောင်း ရှိပါသည်။ မိုးဦးကာလ လေပြင်းများကျရောက်ချိန်တွင် ကလေးသူငယ်များ အန္တရာယ်ရှိပါသဖြင့် အဆိုပါဓာတ်တိုင်အား အချိန်မီ ပြုပြင်သင့်ပါကြောင်း ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍမှတစ်ဆင့် ဖော်ပြလိုက်ရပါသည်။

**(ဝဇဇ)**

# တရုတ်နိုင်ငံ CIFG Group မှ မီးသတ်ယာဉ်ခြောက်စီးအား ပေးအပ်လှူဒါန်း

**မူဆယ် ဧပြီ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် ဧပြီ ၉ ရက် နံနက် ၉ နာရီက တရုတ်နိုင်ငံ CIFG Company Gorup မှ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ မီးသတ်ယာဉ်ခြောက်စီး ပေးအပ်လှူဒါန်းပွဲကို မူဆယ်ခရိုင် သစ်တောဦးစီးဌာနရုံးဝင်း၌ ကျင်းပခဲ့သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံ နယ်နိမိတ်ချင်းထိစပ်နေသည် သာမက သစ်တောနယ်နိမိတ်များပါ ထိစပ်နေသည့်အတွက် နှစ်နိုင်ငံ သစ်တောကဏ္ဍ ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုနှင့် သစ်တောစီးပွားဖြစ်ထွန်းမှု၏ အဓိကအန္တရာယ်ဖြစ်သော တရားမဝင်သစ်ခုတ်လှဲရောင်းချမှုကို ပူးပေါင်းတားဆီးတိုက်ဖျက်ရေးအစီအစဉ်ဖြင့် မီးသတ်ယာဉ်ခြောက်စီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၇၉၄၀၆ ဒေါ်လာ လှူဒါန်းသည်ကို လက်ခံရရှိခြင်းဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်လုပ်ရေးဌာန အထွေထွေမန်နေဂျာ ဦးဝင်းရွှေက ရှင်းလင်းတင်ပြသည်။

အဆိုပါ မီးသတ်ယာဉ်ခြောက်စီး လက်ခံခြင်းသည် (၆)ကြိမ်မြောက်ဖြစ်ပြီး လှူဒါန်း လွှဲပြောင်းလက်ခံခဲ့သော ယာဉ်စုစုပေါင်း ၅၁ စီးရှိခဲ့၍ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၀၁၈၈၈၆ ဒေါ်လာ ရှိခဲ့ပြီဖြစ်သည်။ ယင်းအခမ်းအနားတွင် တရုတ်နိုင်ငံမှ China International Forestry Group မှ ဦးဆောင်ညွှန်ကြားရေးမှူး Mr.Li Zhong Shu က စာရွက်စာတမ်းဖြင့် ပေးအပ်ခဲ့ရာ မြန်မာနိုင်ငံမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကိုယ်စား မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်လုပ်ရေးဌာနမှ အထွေထွေမန်နေဂျာ ဦးဝင်းရွှေက လက်ခံရယူခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

ပြည်တွင်းသတင်း

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဂျာမန်ပါလီမန်ဒုတိယဥက္ကဋ္ဌအားလက်ခံ တွေ့ဆုံ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေးရင်းနှီးစွာဆွေးနွေး

ပြည်ထောင်စု လွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဂျာမနီနိုင်ငံ ဂျာမန်ပါလီမန် ဒုတိယဥက္ကဋ္ဌ H.E. Dr. Wolfgang Thierse အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၀

**ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဂျာမနီနိုင်ငံ ဂျာမန်ပါလီမန် ဒုတိယဥက္ကဋ္ဌ H.E. Dr. Wolfgang Thierse ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မြင့်ဖေ၊ ဦးစံထွန်း၊ ဗိုလ်မှူးကြီး မောင်မောင်ထူးနှင့် ဦးမှတ်ကြီး၊ လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ၂၀၀၈ခုနှစ်တွင် အတည်ပြုခဲ့သော မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှု၊ လွှတ်တော် အစည်းအဝေးများကျင်းပခဲ့မှုနှင့် လွှတ်တော်၏ဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဂျာမနီနိုင်ငံမှလိုလောက်သောအကူအညီများ ထောက်ပံ့ကူညီရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေးတို့နှင့်စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မြို့ပတ်ရထားတွဲများ၊ လမ်းပိုင်းများ ကောင်းမွန်ရန် လိုအပ်

**နေပြည်တော် ဧပြီ ၁၀**

ရန်ကုန်မြို့နေ ပြည်သူလူထု၏ လူမှုစီးပွားဘဝ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော ပို့ဆောင်ရေးကဏ္ဍ၏ အစိတ်အပိုင်းဖြစ်သည့် မြို့ပတ်ရထားပြေးဆွဲခြင်းလုပ်ငန်းချောမွေ့ပြီး အချိန်မှန်ကန်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရထားတွဲများ၊ လမ်းပိုင်းများ ကောင်းမွန်ရေး လိုအပ်သည့်အပြင် ပြည်သူများ၏ သဘောထားအသံများအပေါ် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနေရမည်ဖြစ်ကြောင်းနှင့် ရထားပြေးဆွဲချိန်များအား အဝင်/အထွက်ချိန်များ မှန်ကန်တိကျစေရေးအတွက် အပိုင်းလိုက်တာဝန်ယူဆောင်ရွက်ကြရန် တာဝန်ရှိသူများအနေဖြင့် မိမိတာဝန်ယူရသည့် အဆင့်အလိုက် တာဝန်သိသိဖြင့် လိုက်ပါဆောင်ရွက်ကြရန်လိုကြောင်း ဧပြီ ၆ ရက်တွင် ရန်ကုန်ဘူတာကြီး ဧည့်ခန်းမ၌ မြန်မာ့မီးရထားတိုင်းအမှတ်(၇)မှ တာဝန်ရှိသူများအားတွေ့ဆုံ၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ လက်ယာရစ် မြို့ပတ်ရထားဖြင့် အင်းစိန်ဘူတာမှ ရန်ကုန်ဘူတာကြီးအထိ လိုက်ပါစီးနင်းပြီး လမ်းခရီးတစ်လျှောက် ခရီးသွားပြည်သူများနှင့် တွေ့ဆုံ၍ ဘူတာစဉ်များ တစ်လျှောက်ရှိ လမ်းပိုင်းများ ကောင်းမွန်စေရေး၊ ဘူတာရုံများ သန့်ရှင်းသာယာလှပရေး၊ ကားလမ်းဖြတ်ကူးနေရာများ(Level Crossing) ရှိဂိတ်တံခါးများ စနစ်တကျရှိစေရေး၊ အချက်ပြစနစ်များအား တိကျစွာလိုက်နာဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးပိုက်ထွေး ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း(ဥပဒေကြမ်း)နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲနှင့် အကြံဉာဏ်တောင်းခံခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးပိုက်ထွေး ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း (ဥပဒေကြမ်း)နှင့်ပတ်သက်၍ မကွေးမြို့၌ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဧပြီ ၁၀**

စာနယ်ဇင်းဆိုသည်မှာ ဒီမိုကရေစီရှင်သန်မှုအတွက် အသက်ရှူရန် လေကောင်းလေသန့်ကဲ့သို့ အရေးကြီးကြောင်း၊ စာပေစိစစ်ရေးစနစ်ကို ဖျက်သိမ်းပြီးနောက်ပိုင်း လောင်းကစားအားပေးဖော်ပြမှုများ၊ လိင်ကိစ္စအသားပေးဖော်ပြမှုများ၊ စာပေကို အဆိပ်အတောက်ဖြစ်စေမည့် ဖော်ပြမှုများအား ကာကွယ်တားဆီးနိုင်ရန် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း(ဥပဒေကြမ်း)ကို ရေးဆွဲရခြင်းဖြစ်ကြောင်းဖြင့် ယနေ့ နံနက် ၁၀ နာရီတွင် မကွေးမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း (ဥပဒေကြမ်း) နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲနှင့် အကြံဉာဏ်တောင်းခံခြင်း အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ရှင်းလင်းပြောကြားခဲ့သည်။

### ရှင်းလင်းဖြေကြား

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာသော သတင်းစာဆရာများ၊ ပုံနှိပ်လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြမှုများအပေါ် ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ စာရေးဆရာများ၊ ပုံနှိပ်လုပ်ငန်းရှင်များ၊ သတင်းစာဆရာများ၊ လေ့လာသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ် (၁၀/၂၀၁၃)**
**၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်**
**(၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်)**

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း**

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၂-၆-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၁/၂၀၁၂)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၁၀၈၂<br>ဗိုလ်မှူးကျော်မင်းထွန်း | (အစား) | ကြည်း၂၄၈၆၁<br>ဗိုလ်မှူးအေးဇော် |

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ

**နေပြည်တော် ဧပြီ ၁၀**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိရာ ဧပြီ ၁၀ ရက်တွင် ဦးအောင်တင်အပါအဝင် ပုဂ္ဂိုလ် ၁၆ ဦးတို့က **ကယားလူမျိုးစု ဒီမိုကရေစီပါတီ**ကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ(၄)နှင့် ပုဒ်မ(၆)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ၊ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားသည်။ **(သတင်းစဉ်)**

## မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ယဉ်ကျေးမှုဆိုင်ရာ ဟောပြော

**နေပြည်တော် ဧပြီ ၁၀**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နာယကများ၊ အဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစု အမျိုးသမီးများ တက်ရောက်ကြသည်။

### ပညာပေးဟောပြော

ဟောပြောပွဲတွင် ဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးက ယဉ်ကျေးမှုနယ်ချဲ့ခြင်းအန္တရာယ်အကြောင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်က ယဉ်ကျေးမှုကဏ္ဍအတွက် မြန်မာအမျိုးသမီးများနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ အသိပညာပေးခြင်းအကြောင်းတို့ကို ဟောပြောကြသည်။

ထို့နောက် ဝန်ကြီးဌာန သင်္ကြန်ယိမ်းအဖွဲ့မှ သင်္ကြန်အကများဖြင့် ကပြဖျော်ဖြေရာ အဖွဲ့နာယကများက ယိမ်းအဖွဲ့အား ဆုငွေများချီးမြှင့်ကြသည်။

ယင်းနောက် နေပြည်တော် ပျဉ်းမနားမြို့ရှိ ဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး အဘိုးအဘွား ၃၄ ဦးတို့အား ဆေးဝါး၊ မုန့်မျိုးစုံနှင့် အလှူငွေ စုစုပေါင်းတန်ဖိုး ငွေကျပ် ခုနစ်သိန်းနှစ်သောင်း လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မီးသုံးစွဲလျှင် သတိယှဉ် အစဉ်သတိအမြဲရှိ**

နိုင်ငံတကာသတင်း

# ဘင်္ဂလားဒေ့ရှ်သမ္မတ ရွေးကောက်ပွဲ ဧပြီလနောက်ဆုံးပတ်၌ ကျင်းပမည်

ဒါကာ ဧပြီ ၁၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သမ္မတသစ်ရွေးကောက်ပွဲကို ဧပြီလ နောက်ဆုံးပတ်တွင် ကျင်းပသွားမည်ဟု ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ကြေညာချက်ကို ဧပြီ ၁၀ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ကာဇိုင်ရာကီ ဘူတင်အာမက်က ဒါကာမြို့ရှိ ၎င်း၏ရုံး၌ ဧပြီ ၉ ရက် ညနေပိုင်းက ကျင်းပသော ညှိနှိုင်းအစည်းအဝေးတွင် ရွေးကောက်ပွဲ ကျင်းပမည့်ရက်ကို ဧပြီ ၂၉ ရက်ဟု ထုတ်ဖော်ကြေညာလိုက်ခြင်းဖြစ်သည်။

ယခင်သမ္မတဟောင်း ဇီလာရာဟာမန်သည် စင်ကာပူနိုင်ငံ မောင့်အဲလိဇဘက်ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် မတ် ၂၀ ရက်က ကွယ်လွန်သွားခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သမ္မတနေရာမှာ လစ်လပ်နေခဲ့သည်။ ထို့ကြောင့် ပါလီမန်ဥက္ကဋ္ဌက ခေတ္တသမ္မတရာထူးအား တာဝန်ယူပေးနေရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အယောက် ၂၀ မြောက်သမ္မတရာထူးနေရာအား ယခုနှစ် ဇွန်လမတိုင်မီ အပြီးသတ်ရွေးချယ်တင်မြှောက်ရမည်ဖြစ်သည်။ ဧပြီ ၂၁ ရက်တွင် ခေတ္တ သမ္မတက ပါလီမန်အစည်းအဝေး ဆင့်ခေါ်သွားမည်ဖြစ်ပြီး ယင်းနေ့တွင် ရွေးကောက်တင်မြှောက်မည့် ပုဂ္ဂိုလ်အမည်စာရင်း အဆိုပြုလွှာကို တင်သွင်းရမည်ဖြစ်သည်။ အဆိုပြုလွှာပြန်လည်ရုပ်သိမ်းမည်ဆိုပါက ဧပြီ ၂၄ ရက်နောက်ဆုံးထား၍ ရုပ်သိမ်းနိုင်သည်ဟု ကြေညာထားသည်။ **(ပရက်စ်တီဗွီ)**

# အီရန်ငလျင် ၃၇ ဦးသေဆုံးပြီး ၈၅၀ ကျော်ဒဏ်ရာရ

တီဟီရန် ဧပြီ ၁၀

အီရန်နိုင်ငံတောင်ပိုင်း ဘူရှိဟာမြို့အနီးရှိ ကာကီဒေသတွင် ဧပြီ ၉ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့်ရှိ အင်အားပြင်း ငလျင်လှုပ်မှုကြောင့် ၃၇ ဦးထက်မနည်း သေဆုံးပြီး ၈၅၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါငလျင်သည် ဘူရှိဟာမြို့အရှေ့တောင်ဘက် ကီလိုမီတာ ၃၀ ခန့်အကွာ ကာကီမြို့တွင် ယင်းနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီ ၂၂ မိနစ်၌ လှုပ်ခတ်ခဲ့ပြီး မြေအောက် ၁၂ ကီလိုမီတာအနက်၌ ဗဟိုပြုသွားခဲ့ခြင်းဖြစ်ကြောင်း အီရန်မြေငလျင်တိုင်းတာရေးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

ပါရှန်ပင်လယ်ကွေ့ အာရပ်နိုင်ငံများဖြစ်သည့် ကူဝိတ်၊ ကာတာနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)တို့တွင်လည်း အဆိုပါငလျင်လှုပ်မှုဒဏ်ကို ခံခဲ့ရသည်ဟုဆိုသည်။ ဘူရှိဟာနျူကလီးယားဓာတ်အားပေးစက်ရုံဆောက်လုပ်လျက်ရှိသော ရုရှားကုမ္ပဏီအနေဖြင့် ယင်းငလျင်ကြောင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းများ ထိခိုက်မှုမရှိခဲ့ဟုဆိုသည်။

အဆိုပါ နျူကလီးယားဓာတ်အားပေးစက်ရုံသည် ငလျင်လှုပ်သည့်ဒေသမှ ကီလိုမီတာ ၁၆၀ ခန့်အကွာနှင့် ဘူရှိဟာတောင်ဘက် ၁၈ ကီလိုမီတာအကွာ၌ တည်ရှိသည်။ **(ဆင်ဟွာ)**

လုံခြုံရေးစောင့်ကြပ်နေသော မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များ။

# တရုတ်-မြောက်ကိုရီးယားနယ်စပ် ခရီးသည်များသွားလာမှု ပိတ်ပင်

ပေကျင်း ဧပြီ ၁၀

**ကိုရီးယားကျွန်းဆွယ်အပေါ်တွင် တင်းမာမှုများ အရှိန်မြင့်မားနေစဉ် တရုတ်နှင့်မြောက်ကိုရီးယား၏ အဓိကနယ်စပ်ဖြတ်သန်းသည့် နေရာတစ်ခုတွင် ကမ္ဘာလှည့်ခရီးသည်များကို သွားလာမှုပိတ်ပင်ထားခဲ့ကြောင်း ဧပြီ ၁၀ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။**

ခရီးသွားအေဂျင်စီများအနေဖြင့် အဆိုပါနယ်စပ်ကို ဖြတ်သန်းပြီး မြောက်ကိုရီးယား နိုင်ငံအတွင်းသို့ ကမ္ဘာလှည့်ခရီးသည်များ သွားလာမှုကို ခွင့်မပြုခဲ့ကြောင်း၊ သို့သော်လည်း အရောင်းအဝယ်သမားများ မပါဝင်ကြောင်း ဒန်ဒုံနယ်စပ်ရုံးရှိ တရုတ်အရာရှိတစ်ဦးက ဧပြီ ၁၀ ရက် ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားချက်အရ သိရသည်။

မြောက်ကိုရီးယား အစိုးရက ပြည်ပနိုင်ငံသားများအား ထွက်ခွာရန် မေတ္တာရပ်ခံထားခဲ့သည့် အချိန်ကတည်းက အဆိုပါနယ်စပ်သို့ ဖြတ်သန်းပြီး ကမ္ဘာလှည့်ခရီးသည်များ သွားလာမှုကို ခရီးသွားအေဂျင်စီများက ခွင့်မပြုတော့ကြောင်း၊ သို့သော်လည်း အရောင်းအဝယ်သမားများအနေဖြင့် မြောက်ကိုရီးယားနိုင်ငံအတွင်းသို့ လွတ်လပ်စွာ ဝင်ထွက်သွားလာနိုင်သည်ဟုသိရကြောင်း ၎င်းက ပြောကြားခဲ့သည်။ မြောက်ကိုရီးယား၏ အာရှ-ပစိဖိတ် ငြိမ်းချမ်းရေးကော်မတီက တောင်ကိုရီးယားနိုင်ငံအတွင်းရှိ ပြည်ပနိုင်ငံသားများအားလုံးကို နိုင်ငံအတွင်းမှထွက်ခွာရန် တိုက်တွန်းခဲ့ပြီးနောက် အဆိုပါထုတ်ပြန်ချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ပေကျင်းသည် ပြုံယမ်း၏ အဓိကမဟာမိတ်ဖြစ်ပြီး ဒန်ဒုံနယ်စပ်ကို အများဆုံးဖြတ်သန်းကာ ၎င်း၏ကုန်သွယ်မှု အများအစုကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ **(ပရက်စ်တီဗွီ)**

# မလေးရှား ရွေးကောက်ပွဲကျင်းပမည်

ကွာလာလမ်ပူ ဧပြီ ၁၀

လာမည့် မေ ၅ ရက်တွင် မလေးရှားနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ် နာဂျစ်ရာဇတ်၏ အာဏာရညွန့်ပေါင်းပါတီသည် အဓိကစမ်းသပ်မှုကြီးနှင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်က ပြောကြားသည်။

ရွေးကောက်ပွဲတွင် တရားဝင်မဲဆွယ်စည်းရုံးမှုများကို ဧပြီ ၂၀ ရက်မှ စတင်ပြီး အတိုက်အခံပါတီကို ဒုတိယဝန်ကြီးချုပ်ဟောင်း အန်ဝါအီဘရာဟင်က ဦးဆောင်မည်ဖြစ်သည်။ **(ဘီဘီစီ)**

# မြောက်ကိုရီးယားကို ကင်းထောက်လေယာဉ်မှူ တောင်ကိုရီးယားအရှိန်မြှင့်

ဆိုးလ် ဧပြီ ၁၀

မြောက်ကိုရီးယားက တာလတ်ပစ်ဒုံးကျည်တစ်စင်း စမ်းသပ်ရန် ပြင်ဆင်နေချိန်တွင် တောင်ကိုရီးယားက ၎င်း၏ကင်းထောက် လေယာဉ်မှုကို မြှင့်တင်လိုက်သည်။ ယခင်က တစ်ကြိမ်မျှ စမ်းသပ်ခြင်းမရှိသေးသော ကီလိုမီတာ ၃၀၀၀ ပစ်ခတ်နိုင်သည့် အဆိုပါဒုံးကျည်ကို ဆီဖြည့်ထားပြီး ပစ်လွှတ်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း အမေရိကန်နှင့် တောင်ကိုရီးယားသတင်းရပ်ကွက်များက ပြောကြားသည်။

**မျှော်လင့်ထား**

ပြုံယမ်းက တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်အခြေစိုက် စခန်းများကိုပစ်ခတ်ရန် ခြိမ်းခြောက်ထားသည်။ မြောက်ကိုရီးယားက အရှေ့ဘက်ကမ်းခြေတွင် Musudan ဒုံးကျည်နှစ်လုံးကို ရွှေ့ပြောင်းထားရာ ပစ်လွှတ်ရန်အသင့်ဖြစ်နေလိမ့်မည်ဟု တောင်ကိုရီးယားက မျှော်လင့်ထားသည်။

**ထောက်လှမ်းလျက်ရှိ**

တောင်ကိုရီးယားနှင့် အမေရိကန်ပူးပေါင်းတပ်ဖွဲ့ဝင်များကလည်း မြောက်ကိုရီးယား၏ ဒုံးကျည်စခန်းကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ထောက်လှမ်းလျက်ရှိကြောင်း တောင်ကိုရီးယားစစ်ဘက်တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်ကို ကိုးကားလျက် ယွန်ဟတ်သတင်းစာက ကိုးကားဖော်ပြသည်။ **(ရိုက်တာ)**

**တင်မောင်လွင် - စုစည်းသည်**

ပြည်တွင်းသတင်း

# ငြိမ်းငြိမ်းချမ်းချမ်းနှင့် ဘာသာပေါင်းစုံ စည်းလုံးစွာနေထိုင် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် သံသယကင်းစွာနေထိုင်နိုင်ရေးစုံစမ်းစစ်ဆေးရခြင်းဖြစ်

ရန်ကုန် ဧပြီ ၁၀

**ဆော်ဒီကီးရားရေကျော်ဗလီ မီးလောင်မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးချက်များကို စာနယ်ဇင်းများအား ရှင်းလင်းပွဲကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ကျင်းပသည်။**

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေ ဆော်ဒီကီးရားရေကျော်ဗလီမီးလောင်မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးချက်များကို စာနယ်ဇင်းများအားရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေက အဆိုပါ မီးလောင်မှုနှင့်စပ်လျဉ်း၍ ဧပြီ ၂ ရက် နံနက် ၁၀ နာရီတွင် ကနဦး ရှင်းပြခဲ့ကြောင်း၊ ညနေ ၅ နာရီတွင် မီးအားမြှင့်စက်အပူရှိန်မြင့်တက်ပြီး မီးလောင်ခြင်းဖြစ်သည်ကို ထပ်မံရှင်းလင်းပြောကြားခဲ့ကြောင်း၊ သံသယရှိနေသည့် ဒီဇယ်ဆီဆွတ်ထားသော မီးလောင်ထားသည့်စောင်၊ အဝတ်စုတ်များသည် အပြင်မှ ပစ်ချသည့် အမျိုးသမီးအဝတ်စများဖြစ်သည်ဟူသော ထင်မြင်ယူဆချက်များကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ အသေးစိတ်စုံစမ်းချက်များအရနှင့် ဗလီမှကလေးများ၏ထွက်ဆိုချက်များအရ အသေးစိတ်သိရသည်မှာ မီးအားမြှင့်စက်အပူရှိန်လွန်ကဲရာမှ စလောင်ခြင်းဖြစ်ကြောင်း၊ဒီဇယ်ဆီများသည် မီးမလာလျှင်မီးစက်အတွက် သုံးရန်ထားသည့် ဒီဇယ်ဆီများဖြစ်ကြောင်း၊ မီးလောင်ရာတွင် တွေ့ရှိရသည့်ဒီဇယ်များပေကျံနေသော အဝတ်စများသည် ကလေးများ၏ခေါင်းအုံးစွပ်များ၊ ယောကျ်ားလေးရှပ်အင်္ကျီများဖြစ်ကြောင်း၊ စောင်ကလည်း ရေဆွတ်ပြီး မီးငြိမ်းသတ်ထားသည့် စောင်ဖြစ်ပြီး ဒီဇယ်အနံ့များလည်းရကြောင်း၊ စောင်မှာ ကလေးများခြုံသည့်စောင်ဖြစ်ပြီး စောင်များမှာ တူနေသည့်အတွက် ပိုင်ရှင်မသိရကြောင်း၊ မီးစက်တွင် အသုံးပြုသည့် ဒီဇယ်ဆီများဖြစ်ကြောင်း အကြမ်းဖျင်း လက်ခံထားကြကြောင်း။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏အသေးစိတ်စစ်ဆေးချက်အရ မီးအားမြှင့်စက် အပူရှိန်လွန်ကဲရာမှ မီးစလောင်ခြင်းဖြစ်ကြောင်း ၊ နည်းပညာပိုင်းဆိုင်ရာ တွေ့ရှိချက်အရ မီးအားမြှင့်စက်မှ မီးအားမြှင့်လာပြီး ရှော့ခ်ဖြစ်၍လောင်ခြင်းဖြစ်ကြောင်း၊ ၁၃ နှစ်နှင့် ၁၆ နှစ်အတွင်း ကလေးများမှာ ထပ်ခိုးတွင် အိပ်ပြီး ၁၆ ဦးအနက် ကလေးသုံးဦးမှာ လွတ်ပြီး ၁၃ ဦး သေဆုံးသွားရကြောင်း၊ အစ္စလာမ်ဘာသာရေးအဖွဲ့ ငါးဖွဲ့ကိုလည်း စုံစမ်းတွေ့ရှိချက်များ၊ ကလေးများ၏ ထွက်ဆိုချက်များ၊ ဗလီဆရာနှစ်ဦး၏ ထွက်ဆိုချက်များ၊ မော်လဝီအဖွဲ့ချုပ်မှ ဦးရဲနောင်သိန်း နောက်ဆုံးထွက် ဆိုချက်များအရ မီးအားမြှင့်စက် Voltage မြင့်တက်ပြီး အပူရှိန်လွန်ကဲရာမှ ရှော့ခ်ဖြစ်ကာ လောင်ကျွမ်းရခြင်းဖြစ်ကြောင်းကို ရှင်းပြပြီးဖြစ်ကြောင်း၊ အစ္စလာမ်ဘာသာရေးအဖွဲ့ ငါးဖွဲ့ကလည်း ရှင်းပြချက်ကို လက်ခံကြောင်း၊ မီးပေါ့ဆသည့် ဗလီဆရာနှစ်ဦးကိုလည်းတရားဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဗလီကျောင်းဆရာ ဦးဇေယျာဖြိုးကလည်း ဖြစ်ဖြစ်ချင်း ရိုးသားစွာဝန်ခံသင့်ကြောင်း၊ ထင်ယောင်မြင်ယောင်ဖြစ်အောင်ပြောလိုက်သည့်အတွက် အထင်မြင်လွဲမှားစရာများ ဖြစ်လာကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ဖော်ထုတ်ချက်များကို သက်ဆိုင်ရာဘာသာရေးအဖွဲ့ငါးဖွဲ့နှင့် ကလေးမိဘများကလည်း လက်ခံသွားကြောင်း၊ ယခုလို ရှင်းပြလိုက်သည့်အတွက် တိုင်းပြည်အတွင်း တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်နှင့် အရှည်သဖြင့် ငြိမ်းချမ်းစွာ အတူတကွနေထိုင်သွားနိုင်မည်ဖြစ်ကြောင်း၊ ယခင်ကတည်းက ငြိမ်းငြိမ်းချမ်းချမ်းနှင့် ဘာသာပေါင်းစုံ စည်းလုံးစွာနေထိုင်လာခဲ့သည့်အတွက် တစ်ဦးနှင့်တစ်ဦး ချစ်စကို ရှည်စေ၊ မုန်းစကို တိုစေဆိုသကဲ့သို့ ချစ်ချစ်ခင်ခင်နှင့် သံသယကင်းစွာ နေထိုင်သွားနိုင်ရန်အတွက် ယခုလို အမြန်ဆုံးစုံစမ်းစစ်ဆေးရခြင်းဖြစ်ကြောင်း ရှင်းလင်းသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်သိန်းက စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးချက်များ အစီရင်ခံစာကို ဖတ်ကြားသည်။

ယင်းနောက် တက်ရောက်လာကြသော မီဒီယာများ၏မေးမြန်းချက်များကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်၊ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားကြသည်။

**(သတင်းစဉ်)**

## သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီး အတွင်း ယာဉ်မောင်းသူများလိုက်နာရန်။

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ် မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ နောက်ဖုံးများဖြုတ်၍မောင်းနှင်ခြင်း မပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်)မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(၁၀) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည့်သည့် မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်းလုံးဝမပြုရ။
(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER )ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA , RED LIGHT RUNNING CAMERA များတပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(င) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန်မညစ်နွမ်းပါစေနှင့်"

(စ) "ယာဉ်တိုက်မှုကင်းရှင်းအောင်ဆောင်ရွက်ရန်။"

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ကားဝပ်ရှော့မီးလောင် ငွေကျပ်သိန်း ၂၀၀ ကျော်ဖိုး ဆုံးရှုံး

**ရန်ကုန် ဧပြီ ၁၀**

မင်္ဂလာဒုံမြို့နယ် ပုလဲရပ်ကွက်(၁) စကားဝါပင်လမ်း အမှတ် ၁၅၆ ရှိ ကားဝပ်ရှော့၌ မီးလောင်မှုဖြစ်နေကြောင်း အရန်မီးသတ်တပ်ဖွဲ့ဝင် တစ်ဦး၏ သတင်းပေးပို့မှုကို ဧပြီ ၇ ရက် မွန်းတည့် ၁၂ နာရီက မီးသတ်တပ်ဖွဲ့မှ သတင်းလက်ခံရရှိခဲ့သည်။

မီးလောင်ရာသို့ မြောက်ဥက္ကလာပ၊ မြောက်ဥက္ကလာပခွဲ၊ ရွှေပေါက်ကံ၊ ထောက်ကြန့်တို့မှ မီးသတ်ယာဉ်ခြောက်စီးဖြင့် ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် မီးကိုထိန်းနိုင်ခဲ့ပြီး ၁၂ နာရီ မိနစ် ၄၀ တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

ဖြစ်ပွားပုံမှာ ကား (CNG)ပိုက်ကို ကာဗိုက်ဆော်ရာမှ စတင်မီးလောင်မှုဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ၁၀×၂၀ ပေ သွပ်မိုး၊ ထရံကာပျဉ်ခင်း အလုပ်ရုံအဆောက်အအုံဟောင်းတစ်လုံးနှင့် ကားတစ်စီးဆုံးရှုံးခဲ့ရပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၂၀၀၂၅၀၀၀ ဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် မောင်သူရိန်ဟိန်း ၁၇ နှစ်၊ မောင်ကြည်ဖြိုးအောင် ၁၉ နှစ်၊ မောင်ဇော်မင်းထိုက် ၁၉ နှစ်၊ ဦးဝင်းဇော်ဦး(ခ)မောင်ဇော်၊ ဦးမျိုးလင်းလှိုင် ၃၀ နှစ်၊ ဗိုလ်ကြီးညွန့်ဝင်း (ယာဉ်ပိုင်ရှင်) ၄၅ နှစ်တို့တွင် ရရှိသောဒဏ်ရာများမှာ မစိုးရိမ်ရသော်လည်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မင်္ဂလာဒုံမြို့နယ် ပုလဲဆေးရုံနှင့် တပ်မတော်စစ်ဆေးရုံ ခုတင်(၁၀၀)သို့ တင်ပို့ကုသခံယူလျက်ရှိကြောင်း သိရှိရသည်။ **ကိုကြီးတင်**

# သင်္ခင်မတောင်ပန်းကောက်ပွဲ ကျင်းပမည်

**ပုသိမ်ကြီး ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီးပုသိမ်ကြီး မြို့နယ် အင်ကျယ်ကျေးရွာ သခင်မတောင်ပန်းကောက်ပွဲကို နှစ်စဉ်ကဲ့သို့ပင် တန်ခူးလဆန်း ၄ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

သခင်မတောင် (မရွှေဥနတ်) နတ်ပွဲသည် ပါးစပ်ရာဇဝင်အရပုဂံပြည့်ရှင် အနော်ရထာမင်းလက်ထက် တောင်ပြိုး မင်းနှစ်ပါးဖြစ်သော ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ် ညီအစ်ကို နှစ်ဦး၏ ရည်းစားဖြစ်သော အင်ကျယ်ကျေးရွာသူ ရက်ကန်းယက်သမလေး မရွှေဥကို အကြောင်းပြု၍ နှစ်စဉ် တန်ခူးလဆန်း ၄ ရက်နေ့ရောက်တိုင်း ကျေးရွာအသီးသီးမှ ကန်တော့ပွဲများပင့်၍ သခင်မတောင်ပေါ် (ကျားပါးစပ်) လိုဏ်ဂူအတွင်းရှိ မရွှေဥရုပ်တုအား ဆည်းကပ်ပူဇော်ပသကြသည်။ ထို့နောက် သရဖီပန်းများ အလုအယက်ကောက်ယူကြသည်။ ရပ်ဝေးရပ်နီးမှ ဘုရားဖူးဧည့်သည်များသည် လှည်းများ၊ ထော်လာဂျီများ၊ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် လာရောက်ကြသည်။

ယခုနှစ်သည် အတာသင်္ကြန်ပွဲတော်နှင့် တိုက်ဆိုင်နေသဖြင့် ဈေးဆိုင်ခန်းများ၊ အငြိမ့်၊ ဇာတ်၊ ရုပ်ရှင်ရုံများဖြင့် ပြည့်နှက်နေသည်။ သခင်မတောင်(မရွှေဥနတ်) ပန်းကောက်ပွဲကို အကြောင်းပြု၍ ဒါရိုက်တာ မောင်တင်ဦး၏ ပန်းဒဏ္ဍာရီရုပ်ရှင်ဇာတ်ကားမှာလည်း အောင်မြင်မှုရရှိခဲ့သည်။ မြန်မာပြည်အလယ်ပိုင်းနှင့် အထင်ကရဖြစ်သော နတ်ပွဲများတွင် သခင်မတောင် နတ်ပွဲသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

အဆိုပါနေရာသို့သွားရောက်လျှင် မန္တလေးမြို့မှ မြောက်ဘက်ကြာနီကန်ကျေးရွာသို့လည်းကောင်း၊ ကြာနီကန်ကျေးရွာမှ အရှေ့ဘက် တစ်မိုင်ခန့်အကွာ အိမ်ရှေ့မင်း ထန်းတောအနီး သခင်မတောင်တော်ကြီးအား တွေ့မြင်ရမည်ဖြစ်သည်။ ကားလမ်းပေါက်သဖြင့် မော်တော်ယာဉ်များဖြင့် အလွယ်တကူ သွားရောက်နိုင်သည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# ဆိုင်ကယ်ကိုရှောင်ရာမှ ဆီဘောက်ဆာယာဉ် တိမ်းမှောက်

**တောင်ငူ ဧပြီ ၁၀**

တောင်ငူမြို့နှင့် အုတ်တွင်းမြို့နယ်ကြား ခပေါင်းတံတားစပ်အကွေ့တွင် ဧပြီ ၁၀ ရက် ညနေ ၃ နာရီခွဲခန့်က ယာဉ်မောင်း သွင်မောင်မောင်စိုး (အသက် ၃၀) (ဘ) ဦးအေးသွင် (၂)ရပ်ကွက် ရေတာရှည်မြို့နေသူသည် ရန်ကုန်မှ နေပြည်တော် အေလာလေဆိပ်သို့ပို့ဆောင်မည့် လေယာဉ်ဆီဂါလန် ၇၂၀၀ ကို တင်ဆောင်မောင်းနှင်လာစဉ် တောင်ငူမြို့ ခပေါင်းတံတား အကွေ့အရောက်တွင် ဖြတ်ဝင်လာသော မော်တော်ဆိုင်ကယ်ကို ရှောင်ရာမှ နောက်ဝိတ်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်ရာသို့ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်၊ တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး၊ တောင်ငူမီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်နှစ်စီးဖြင့် ကြပ်မတ်ဆောင်ရွက်ခဲ့ခြင်းကြောင့် မီးလောင်မှုဖြစ်ပွားခြင်းမရှိဘဲ ယာဉ်မောင်းအား သက်ဆိုင်ရာမှ အရေးယူထားကြောင်း သိရှိရသည်။ (၁၂၃)

**တိမ်းမှောက်သွားသော ဆီဘောက်ဆာယာဉ်ကို တွေ့ရစဉ်။**

ဆောင်းပါးနှင့်ကြော်ငြာ

# သွန်းတဲ့ညောင်ရေ ပန်းသပြေ

**ခင်ဆွေမြင့် (မြန်မာစာ)**

**"သူ့ခေါင်းမှာလည်း သပြေညို့ တို့ခေါင်းမှာလည်း သပြေညို။ တို့ပြည်မှာ တို့မေကမ်းပါတဲ့ သပြေညို ရွှေဘိုပန်းဟာက လန်းလျက်ပါကို။ ဘာမလျှော့လေနှင့် လာတော့မကွယ့် ရွှေပဟိုရ် လေချိုကအသွေး။ လင်းကြက်အဆော် ကွင်းထက်မှာ တူပျော်ပျော်နဲ့ ပြည်တော်ကို ရည်မျှော်မှန်းကာပ ရောင်နီမှာအောင်စည်ရွှမ်းရအောင် သပြေညို ရွှေဘိုပန်းရယ်နဲ့ လှမ်းခဲ့မယ်လေး။ ။"**

၁၉၃၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်က ဆရာကြီးမင်းသုဝဏ်သည် "သပြေညို" ကဗျာကို ဖွဲ့ဆိုခဲ့ပါသည်။ ဗြိတိသျှကိုလိုနီဘဝမှ လွတ်မြောက်ရေးအတွက် လူတန်းစားအသီးသီး အလွှာအသီးသီး အဖွဲ့အစည်းအသီးသီးက တိုက်ပွဲအမျိုးမျိုးကို ဆင်နွှဲနေသောအချိန်တွင် ဆရာကြီးသည် မြန်မာ့လွတ်လပ်ရေးကို "သပြေညို" ပန်းနှင့်တင်စားကာ လွတ်လပ်ရေးကို ကြိုဆိုခဲ့ပါသည်။ "သပြေညို" ကဗျာကို ဖွဲ့ဆိုပြီး ဆယ်နှစ်တင်းတင်းပြည့်သည့် နေ့တွင်မှ မြန်မာပြည်သူတို့သည် လွတ်လပ်ရေး သပြေညိုပန်းကို ဆင်မြန်းခဲ့ကြရပါသည်။

သပြေပန်းသည် စင်စစ်အားဖြင့် ပန်းမဟုတ်။ မြရောင်ကဲ့သို့စိမ်းညိုစိုပြည်သော အရွက်အခက်များသာ ဖြစ်ပါသည်။

သို့သော် ကျွန်မတို့မြန်မာလူမျိုးများသည်ရှေးအတိတေနှစ်များစွာကပင် သပြေရွက်ညွန့်များကို ပန်းအဖြစ် တန်ဖိုးထားသတ်မှတ်ခဲ့ကြပါသည်။ အောင်အတိတ် အောင်နိမိတ်ကို ဆောင်သောပန်း၊ အောင်မြင်ခြင်း၏ သင်္ကေတဖြစ်သောပန်း၊ ကျက်သရေမင်္ဂလာရှိသော ပန်းအဖြစ် အလေးအမြတ်ထားခဲ့ကြပါသည်။

ရှေးရောမခေတ်အခါက ဂရိလူမျိုးများသည် သံလွင်ရွက် သံလွင်ခက်များကို အောင်အတိတ် အောင်နိမိတ်ဆောင်သည့် အဆောင်အယောင် အောင်ပန်းအဖြစ် အသုံးပြုခဲ့ခြင်းနှင့်ဆင်တူပါသည်။

သပြေပန်းသည် မြန်မာ့လူ့အဖွဲ့အစည်းတွင် ရှေးမြန်မာမင်းများ လက်ထက်ကပင် "အဂ္ဂဇေယျ၊ ပဿအောင်ပန်း၊ ရွှေနန်းမင်းသုံး၊ ဒန်းအုန်းညွန့်ညို၊ ကုက္ကိနေစာ၊ မာလာချယား၊ ပတ္တမြားထီး၊ "သပြေသီး"ဟု၊ ပန်းကြီးအမြတ်ခုနစ်ရပ်" ဟူသည့် နန်းသုံးမင်းသုံးဖြစ်သော တော်ဝင်ပန်းမြတ်ခုနစ်ပါးတွင် အပါအဝင်ဖြစ်ပါသည်။ နန်းတွင်းနေသူများ၊ သားတော်သမီးတော်များ သိရှိမှတ်သားနိုင်ရန် ပန်း ၁၂၀ ကို ရောင်စုံပန်းချီရေးဆွဲခဲ့ရာတွင်လည်း "သပြေပန်း" ပါဝင်ကြောင်း မှတ်သားခဲ့ရဖူးပါသည်။

"လောကဗျူဟာအင်ရုံစာတမ်း" လာဆယ့်နှစ်ရာသီပွဲတော်အစီအရင်များအနက် တန်ခူးလ သင်္ကြန်ခါနှင့် ကဆုန်လရေခပ်သွားရာတွင်-

"သပြေညွန့်နှင့် တံခွန်ကြက်လျှာကို ဝင်းစချီတို့ကယူ၍ တာအိုးတွင်စိုက်သည်"ဟု ဖော်ပြထားပါသည်။

"မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း"လာ "ဘိသိက်ခံနည်းရကန်" တွင် "ဂင်္ဂါငါးရပ်ရေ၊ စီးထွေမပြန်၊ ဝတ်ဆံကြာမျိုး၊ မည့်ပြုံးပန်းသပြေနှင့်ညွန့်ဝေမြက်နေစာ၊ ရေဖန်းပျဉ်၊ ယှဉ်သည်နံ့သင့်ရာ၌" ဟူ၍လည်းကောင်း၊

အင်းဝမြို့နန်းတည် အခမ်းအနားကျောက်စာ တတိယမျက်နှာကြောင်းရေ ၇၀တွင် "ပိတောက်ရွက်၊ သပြေရွက်၊ နေစာတို့ကို အဖျား၌ တပ်၍" ဟူ၍လည်းကောင်း

"မန္တလေးနန်းတည်စာတမ်း" တွင်လည်း- "ထွန်သန်ထွန်ကိုင်း စည်းရန် သပြေပန်းစည်းရေ ၁၀၀ ကို ဥယျာဉ်အုပ်၊ ဥယျာဉ်စာရေးတို့ကို ဆင့်ဆိုအသင့်ရှိရသည်"ဟူ ၍လည်းကောင်း မှတ်တမ်းတင်ထားပါသည်။ ရှေးမြန်မာမင်း အဆက်ဆက်သည် သပြေပန်းသပြေညွန့်များကို မင်္ဂလာပန်းအောင်ပန်းအဖြစ် အတိတ်နိမိတ်ဆောင်ခဲ့ကြသည်ကို သိရှိရပါသည်။

ကျွန်မတို့ မြန်မာများသည် မင်္ဂလာရှိသော၊ အလေးအမြတ်ထားသော ကိစ္စရပ်များကို လုပ်ဆောင်ကြသည့်အခါတိုင်း သပြေပန်းကို ဆောင်ပန်းအဖြစ် အောင်ပန်းအဖြစ် သုံးလေ့ရှိကြပါသည်။

ဘုရားစင်တွင် သပြေပန်းများကို အလေးအမြတ်ထား၍ ကပ်လှူပူဇော်ကြသည်။ ဘုရားကန်တော့ပွဲတွင် သပြေပန်း ထိုးကြသည်။ နှစ်သစ်မင်္ဂလာပွဲ၊ အလှူတော်မင်္ဂလာပွဲ၊ လက်ထပ်မင်္ဂလာပွဲ၊ ပန္နက်တင်ပွဲ၊ အိမ်သစ်ကျောင်းသစ်တက်ပွဲ၊ ပရိတ်ရွတ်ပွဲစသော ကျက်သရေမင်္ဂလာ ဆောင်ရမည့် ပွဲများအားလုံးတွင် သပြေပန်းသည် ပါဝင်ရသည့် အောင်ပန်းဖြစ်ပါသည်။

ရိုးရာ နတ်ကနားပွဲများတွင်မူ သပြေပန်းသည် နတ်ပသရာ၌ မပါမဖြစ် ပါဝင်ရသည့် ပန်းဖြစ်ပါသည်။ မဟာဂီရိနတ်သည် လက်ဝဲကခါးနှင့် သပြေပန်းကို ကိုင်ရကြောင်း၊ အမတော်တောင်ကြီးရှင် နတ်သည် လက်ဝဲလက်ယာ သပြေပန်းတစ်ဖက်တစ်ဆုပ်စီကိုင်၍ ကရကြောင်း၊ ငအောင်စွာမကြီးနတ်သည် ဓားတွင်သပြေပန်းကို စာခွေအဟန်တင်လျက် ကရကြောင်းစသည်ဖြင့် မှတ်မှတ်သားသားခဲ့ခြားထားသည်ကို ကြားသိဖူးပါသည်။

ရှေးခေတ် မြန်မာ့ရဲမက်များသည်လည်းကောင်း၊ ယနေ့ခေတ် မြန်မာ့တပ်မတော်သားများသည် လည်းကောင်း စစ်ချီစစ်ထွက်ရာ၊ စစ်ပွဲတိုက်ပွဲများမှ ပြန်လာရာများတွင် သပြေပန်းသည်အမြတ်တနိုး တန်ဖိုးထားပြီး မပျက်မကွက် ကမ်းလှမ်းကြဆောင်ယူကြသော ဆောင်ပန်းဖြစ်ပါသည်။ ငြိမ်းချမ်းရေးအတွက် ပြန်လည်ပေါင်းစည်းမိကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အမိအိမ်သို့အပြန် ကြိုဆိုပွဲများတွင် အောင်သပြေညိုပန်းများ ဖြိုးဖြိုးဝေနေသည်ကိုလည်း သတိပြုမိကြပါလိမ့်မည်။

"သပြေ" ဟူသော ဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို "ဝေါဟာရတ္ထပကာသနီကျမ်း" တွင် "အပြစ်အဆာတစ်ရံမလောက် ပြေပျောက်သည်ဟူသော သုတိသာမင်္ဂလာကိုလိုက်၍ သစ်ပြေဟူလိုလျက် အဆိုအမိန့်လွယ်ရာ သပြေဟူသော အမည်တွင်" သည်ဟူ၍ ဖွင့်ဆိုခဲ့ပါသည်။ "ဘေးအန္တရာယ် မကပ်မရောက် ပြေပျောက်စေသောပန်း" ဟူ၍ ဆိုလိုပါသည်။

"ဝေါဟာရလီနတ္ထဒီပနီကျမ်း" ကမူ "ထိုသစ်သီးသည် ပြေသော အဆင်းရှိသည်ကို အစွဲပြု၍ သီးပြေပင်ဟုခေါ်ဝေါ်ရေးသားကြသည်" ဟု ဖွင့်ဆိုထားပါသည်။ "ပြေပြစ်သော အဆင်းရှိသည့် ပန်းသဖွယ်အရွက်အညွန့်များ" ဖြစ်သောကြောင့် သပြေပန်း သပြေညွန့်ဟု ခေါ်ဆိုကြသည်ဟု ယူဆရမည် ဖြစ်ပါသည်။

ရုက္ခဗေဒပညာရပ်အရ သပြေသည် မာလကာမျိုးရင်း ဖြစ်ပါသည်။ ရုက္ခဗေဒအမည်မှာ Eugenia Jambolana Linn ဖြစ်ပါသည်။ သပြေသည် သပြေညို၊ သပြေဖြူ၊ သပြေကြီး၊ အောင်သပြေ၊ ကျောက်သပြေ၊ သပြေချဉ်၊ သပြေနီစသည်ဖြင့် အမျိုးအစားများစွာ ရှိပါသည်။ ယခုအခါ အာဆီယံသပြေဟုခေါ်သော သပြေမျိုးစိတ်တစ်ခုပင် ထပ်တိုးတွေ့မြင်လာပါသည်။ အချို့သပြေမျိုးများသည် အသားကိုလှေ၊ လှည်း၊ ပရိဘောဂများ ပြုလုပ်၍ရကြသည့် သစ်ပင်ကြီးများ ဖြစ်ပါသည်။

ဗုဒ္ဓကျမ်းဂန်စာပေများတွင် သပြေပင်၊ သပြေသီး၊ ဇမ္ဗူ့သပြေပင် စသည်တို့၏ ထူးခြားအံ့ဖွယ် ကြီးကျယ်ခမ်းနားသော အကြောင်းခြင်းရာများကို ဖတ်ရှုခဲ့ရပါသည်။

ပုဂံမြို့ မင်းနန်သူရွာမြောက်ဘက်အနီး တရုတ်ပြေးဘုရား နံရံဆေးရေးမင်စာတွင်-

"သပြေပင်ကြီးမှ သပြေသီး လတ်၍ သိဒ္ဓတ္ထဘုရားသခင်ကို လှူ၏" ဟူ၍ ပုံပြစာရေးထိုးထားသည်ကို တွေ့ရပါသည်။

"အာဒိကပ္ပကမ္ဘာဦးကျမ်း" တွင် ဇမ္ဗူ့သပြေပင်သည် သစ်ပင်တို့၏ အဓိပတိမင်းဖြစ်ကြောင်း၊ လူ့သက်တမ်းအလိုက် အသီးအပွင့်များသည် အယုတ်အတက်ဖြစ်ကြောင်း၊ လေတိုက်လျှင် တူရိယာသံမြည်ကြောင်း၊ ဖော်ပြထားပါသည်။

"မှန်နန်းရာဇဝင်"တွင် ဇမ္ဗူ့သပြေပင်သည် ဇမ္ဗူဒီပါမြောက်ကျွန်းဦး၌ ပေါက်ကြောင်း၊ လုံးပတ် တစ်ဆယ့်ငါးယူဇနာ၊ ပင်ရင်းမှအခွထိ ယူဇနာ ငါးဆယ်၊ အခွမှ ခက်ဖျားထိ ယူဇနာ ငါးဆယ်ရှိကြောင်း၊ အသီးသည် အိုးစရည်းခန့် ပမာဏရှိကြောင်း၊ အနံ့အရသာသည် နတ်သုဓာကဲ့သို့ဖြစ်ကြောင်း ဖွင့်ဆို ရှင်းပြထားပါသည်။

ရှေးမြန်မာကဗျာစာပေများ၊ ဂီတသီချင်းတွင် သပြေပန်းကို သာယာခြင်း၊ အပန်းပြေခြင်း၊ အေးချမ်းခြင်း၊ အောင်မြင်ခြင်းစသော နိမိတ်များအဖြစ် ရေးသီဖွဲ့ဆိုခဲ့ကြပါသည်။

အင်းဝသွား ချစ်သူမောင်အား ကျေးလက်သူ နှမပျိုက-

"သပြေညို သာတဲ့စခန်းဆီက အပန်းဖြေခိုလို့၊ လူပျိုလို ဝင်မထောင့်ပါနှင့်၊ လမ်းဖြောင့်ဖြောင့်သွား" ဟူ၍ မှာတမ်းခြွေခဲ့ဖူးပါသည်။

ညောင်ရမ်းခေတ်သူ ကျေးလက်ပျိုဖြူလေးက-

"မောင်ကလေးမောင့်ကို လွမ်းတော့၊ သောက်တော်ရေချမ်း၊ စားတော်ကွမ်းနှင့်၊ သွန်းတဲ့ညောင်ရေ၊ ပန်းသပြေနှင့်၊ မပြေပါလို့၊ သောက်တော်ရေအိုး၊ ကွမ်းထိုးကောင်နှယ်၊ အပျိုဖြူမယ်နှမမှာ၊ ကြိုရလေတယ်ရှင့်" ဟူ၍ ရင်ဖွင့်ခဲ့ပါသည်။

ကုန်းဘောင်ခေတ်စာဆို ဦးကြော့ကလည်း

"ခင်တန်းလျှို သပြေပင်က၊ ရွှေသဇင်သုတ် လေနှောပြန်တော့၊ နေဝင်လျှင် ဘုတ်တွေရောပါလို့၊ အုတ်ရွှေဩရယ်တဲ့ တွန်သံချို၊ ဌာနီနှင့်ကွာဝေး" ဟူ၍ သပြေပင်ထက်က ဘုတ်ငှက်နှင့်ဥဩငှက်တို့၏ လွမ်းဖွယ်တေးသံကို ဖွဲ့ဆိုခဲ့ပါသည်။

အာဒိစ္စရံသီမထေရ်၏ "ကုသပျို့တွင်"

"အောင်ခွင့်မသွေ၊ အောင်ပါလေသည်၊ သပြေပန်းနှင့် လောင်းသွန်းညောင်ရေ၊ အောင်မြင်စေဟု၊ အောင်ဇေယတု၊ အောင်ကြောင်းရှု၍ရုံးစုမပျက်၊ ငြိမ့်ငြိမ့်ထွက်သည်၊ အုတ်ကျက်သဘင်တစ်ပွဲတည်း" ဟု သွန်းလောင်းညောင်ရေပန်းသပြေဖြင့်အောင်ဆုပေး၊ အောင်ဆုတောင်းခဲ့ကြပုံကို ရေးဖွဲ့ထားပါသည်။

သပြေသည် လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော်ခန့်ကပင် ဗုဒ္ဓဝင်ကျမ်းဂန်စာပေများတွင် ကျက်သရေမင်္ဂလာရှိသော သစ်ပင်အဖြစ် ပါဝင်ခဲ့ပါသည်။ ဗုဒ္ဓသာသနာကို ကြည်ညိုကိုးကွယ်ကြသော ရှေးမြန်မာမင်းများလက်ထက်တွင်လည်း မင်းနှင့်ပြည်သူတစ်ရပ်လုံး၏ မင်္ဂလာပန်းအဖြစ် အထွတ်အမြတ်ထားရှိခဲ့ကြပါသည်။ ရိုးရာဓလေ့ယဉ်ကျေးမှုဖြစ်သော နတ်ပွဲများတွင် နတ်ပန်းအဖြစ် အရာထားသော နေရာကို ရရှိသည့် အဆောင်အယောင်ပန်းဖြစ်ပါသည်။

မြန်မာ့ လူ့အဖွဲ့အစည်းတွင် "မြတ်ပန်းသပြေညို"သည် အောင်မြင်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ကျက်သရေမင်္ဂလာရှိခြင်းဟူသော အောင်ခြင်းနိမိတ်အောင်အတိတ်ဖြင့် စွဲမြဲစွာတည်ရှိနေသည့် **"အမျိုးသားပန်း" "မင်္ဂလာပန်း" "အောင်ပန်း"** ပင်ဖြစ်ပါကြောင်း ကျွန်မမှတ်သားလေ့လာမိသမျှတင်ပြလိုက်ရပါသည်။


## နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ



### အမည်ပြောင်း

ဟသ်ာတမြို့၊ အလက(၅) အဌမတန်းမှ ဦးမိုးအောင်စိုး၏သမီး မခင်မြတ်မြတ်နိုးအား ယနေ့မှစ၍ မစကားဝါဟု ပြောင်းလဲခေါ်ပါရန်။

မစကားဝါ



### ပျောက်ဆုံးကြောင်း

ကျွန်မ မေလဲ့ခိုင်၏ နိုင်ငံကူးလက်မှတ် A-၂၆၇၄၀၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၀၀၆၇၄၀၁

## ဓာတ်ဆီဖြည့်မှု သတိပြု

**ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။**

မီးသတ်ဦးစီးဌာန



## ကန့်ကွက်နိုင်ပါသည်နှင့် အများသိသာစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၁၄)၊ လူနေရပ်ကွက်အမှတ် (သဘော်ကျင်း)၊ မြေကွက်အမှတ် (ခ/၁၅၇)၊ အလျား×အနံ (၂၅×၅၀) ပေ၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧက၊ စတုရန်းပေ(၁၂၅၀)ရှိ နှစ် (၆၀) ဂရန်၊ ဦးသန်းစိန်၁၂/ဒပန(နိုင်)၀၂၁၅၂၇ အမည်ပေါက်မြေကွက်အနက်မှ ဒေါပုံမြို့နယ် သဘော်ကျင်းရပ်ကွက် မြို့ပတ်လမ်း၊ အမှတ် (၃၁/က) ဟု ခေါ်တွင်သော အကျယ်အဝန်း (၁၂½×၆၀) ပေရှိ မြေအိမ်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟုဆိုသူ ဒေါ်စန်းမြင့် (၁၂/ဒပန(နိုင်)၀၂၁၃၅၃) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ ၇ ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထွန်းနိုင်အောင် (LL.B, C.B.L)**
**အထက်တန်းရှေ့နေ (စဉ် -၁၀၂၈၂)**
**အခန်း(၅၀၂)၊ တိုက်(၃)၊**
**ရွှေထီးအိမ်ရာ၊(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၀၉-၅၁၂၅၆၀၂၊၀၉-၇၃၀၈၈၀၈၄၊၀၉-၇၃၀၈၈၅၉၆**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကန်တော်ကြီးရေချိုငါးဥယျာဉ်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
## နေပြည်တော်

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကန်တော်ကြီး ရေချိုငါးဥယျာဉ်အား တိုးချဲ့ဆောင်ရွက်နိုင်ရန် ပြည်တွင်းလုပ်ငန်းရှင်များနှင့် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်ခြင်း**

ငါးလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်း၊ ကန်တော်ကြီး မြေပဒေသာကျွန်းအတွင်း ကန်တော်ကြီးရေချိုငါးဥယျာဉ်အား နိုင်ငံတကာအဆင့်အတန်းနှင့်အညီဖွင့်လှစ်ပြသဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်း၍ဖြစ်စေ၊ ငှားရမ်း၍ဖြစ်စေ ခွင့်ပြုချထားပေးနိုင်ရန်အတွက် ပြည်တွင်းလုပ်ငန်းရှင်များနှင့် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်အပ်ပါသည်။

စိတ်ပါဝင်စားသည့် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်/အဖွဲ့အစည်းများအနေဖြင့် ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ် ၃၆၊ နေပြည်တော်(သို့မဟုတ်)တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ ဘုရင့်နောင်လမ်းမကြီးနှင့် ဘုရင့်နောင်ရိပ်သာလမ်းထောင့်သို့လည်းကောင်း စိတ်ဝင်စားမှုလျှောက်လွှာများကို ၂၀၁၃ ခုနှစ် ဧပြီ ၃၀ ရက် ၁၆:၀၀ နာရီ (မြန်မာစံတော်ချိန်) အရောက်ပေးပို့ရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုသောအချက်အလက်များကို ကန်တော်ကြီးရေချိုငါးဥယျာဉ်တွင် ရယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**
**ကန်တော်ကြီးရေချိုငါးဥယျာဉ်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မိကျောင်းမွေးမြူရေးစခန်း တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
## နေပြည်တော်

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မိကျောင်းမွေးမြူရေးစခန်းအား တိုးချဲ့ဆောင်ရွက်နိုင်ရန် ပြည်တွင်းလုပ်ငန်းရှင်များနှင့် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်ခြင်း**

ငါးလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ စက်မှုလက်မှုရပ်ကွက်၊ မြခွာညိုလမ်းရှိ မိကျောင်းမွေးမြူရေးစခန်းအား နိုင်ငံတကာအဆင့်အတန်းနှင့်အညီ ဖွင့်လှစ်ပြသဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်း/ပြည်ပပုဂ္ဂလိက လုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်း၍ဖြစ်စေ၊ ငှားရမ်း၍ဖြစ်စေ ခွင့်ပြုချက်ထားပေးနိုင်ရန်အတွက် ပြည်တွင်းလုပ်ငန်းရှင်များနှင့် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်အပ်ပါသည်။

စိတ်ပါဝင်စားသည့် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်/အဖွဲ့အစည်းများအနေဖြင့် ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ် (၃၆)၊ နေပြည်တော်(သို့မဟုတ်)တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ ဘုရင့်နောင်လမ်းမကြီးနှင့် ဘုရင့်နောင်ရိပ်သာလမ်းထောင့်သို့လည်းကောင်း စိတ်ဝင်စားမှုလျှောက်လွှာများကို ၂၀၁၃ခုနှစ် ဧပြီ ၃၀ ရက် ၁၆:၀၀ နာရီ (မြန်မာစံတော်ချိန်) အရောက် ပေးပို့ရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုသောအချက်အလက်များကို သာကေတမြို့နယ်၊ မိကျောင်းမွေးမြူရေးစခန်းတွင် ရယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**
**သာကေတမိကျောင်းမွေးမြူရေးစခန်း တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

ပြည်တွင်းသတင်း

# စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရမည် တောင်သူလယ်သမား၊ မွေးမြူရေးသမားများ၏ပြဿနာကိုဖြေရှင်းပေးနိုင်မှသာ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ တည်ဆောက်နိုင်

**ရန်ကုန် ဧပြီ ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည့် တောင်သူလယ်သမားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီများနှင့်ကော်မရှင်များမှ တာဝန်ရှိသူများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့်ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘဏ်များအသင်းနှင့်ပုဂ္ဂလိကဘဏ်များအသင်းတို့မှ တာဝန်ရှိသူများ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် မီဒီယာများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေး၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်သူများ၏ အခြေခံလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်သူများသည် Primary Producer များ ဖြစ်ကြကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပါမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ သို့ရာတွင် တောင်သူလယ်သမား၊ မွေးမြူရေးသမားများမှာ လုပ်ငန်းများအဆင်ပြေမှုမရှိဘဲ အကြွေးများကို ပြန်ဆပ်ရန်အတွက်ပင် အခက်အခဲများရှိနေသည်ကိုမြင်တွေ့ရကြောင်း၊ ယင်းကိစ္စမှာ တောင်သူလယ်သမား၊ မွေးမြူရေးသမားများ၏ ပြဿနာဟုထင်ရသော်လည်း နိုင်ငံနှင့် သက်ဆိုင်သောပြဿနာသာဖြစ်ကြောင်း၊ ယင်းပြဿနာကို ဖြေရှင်းပေးနိုင်မှသာလျှင် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ အခြားနိုင်ငံများ၌လည်း တောင်သူလယ်သမား၊ မွေးမြူရေးသမားများကို ကာကွယ်သည့် ဥပဒေများရှိနေကြောင်း၊ စီးပွားရေးနှင့် လူမှုရေးဘဝဖွံ့ဖြိုးတိုးတက်ရန် ပံ့ပိုးမှုများလည်းရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှ ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ထုတ်လုပ်သောကုန်ပစ္စည်းများ အရည်အသွေးရှိရေးအတွက် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ကျေးဇူးရှင်တောင်သူလယ်သမားကြီးဟု ဂုဏ်ပြုတင်စားခေါ်ဝေါ်ခဲ့ကြသော်လည်း တောင်သူလယ်သမားများ၏ဘဝမှာ နိမ့်ကျပြီး ခက်ခဲစွာရုန်းကန်နေကြရကြောင်း၊ တောင်သူလယ်သမား၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးရန် မိမိတို့တွင် တာဝန်ရှိသကဲ့သို့ နိုင်ငံသားအားလုံးတွင်လည်း တာဝန်ရှိကြောင်း၊ ပြည်သူများသည်လည်း တောင်သူလယ်သမားများဖြစ်ခြင်းကြောင့် ၄င်းတို့ဘဝ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံ၏ အခြေအနေနှင့်လျော်ညီသော ဥပဒေတစ်ရပ်ကို ရေးဆွဲဖော်ဆောင်မှာဖြစ်သောကြောင့် တက်ရောက်လာကြသည့် အတွေ့အကြုံရှိသူများကလည်း လွှတ်တော်ကိုယ်စားလှယ်များနှင့်ပူးပေါင်းကာ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်သော ဥပဒေတစ်ရပ်ကို ဖော်ဆောင်ရမှာဖြစ်ကြောင်း၊ Primary Industry များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသည် အဓိကအခြေခံကျတဲ့ Primary Industry ဟု သတ်မှတ်ပြီး Primary Industry ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြဋ္ဌာန်းသွားရမှာ ဖြစ်ကြောင်း၊ Primary Industry က Primary Goods တွေ ထုတ်ပေးရန်ဖြစ်ကြောင်း၊ ထုတ်ပေးနိုင်သည့် အခြေအနေမျိုး၊ အရည်အချင်းမျိုးဖြစ်အောင် ဝိုင်းဝန်းစောင့်ရှောက်ရမည် ဖြစ်ကြောင်း၊ ခေတ်စနစ်နှင့်အညီ ဥပဒေကိုလည်း ဆောင်ရွက်ရမည် ဖြစ်သည့်အတွက် ယင်းဥပဒေဖြစ်မြောက်ရေးအတွက် စိတ်ကောင်း စေတနာကောင်းဖြင့် အကြံပြုဆွေးနွေးပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**အမှာစကားပြောကြား**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တောင်သူလယ်သမားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဒေါ်သန်းသန်းရီ၊ တောင်သူလယ်သမားနှင့် လူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌ ဦးတင်ထွတ်၊ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းချုပ်၊ မြန်မာနိုင်ငံတောင်သူလယ်သမားအသင်းနှင့် တက်ရောက်လာသူများ၊ အသင်းများက တွေ့ကြုံနေရသည့်အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးအကြံပြုတင်ပြကြသည်။

ဆွေးနွေးအကြံပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြန်လည်ဆွေးနွေးရာတွင် လယ်သမားများအနေဖြင့် ရာသီဥတုဒဏ်ကြောင့် ဆုံးရှုံးမှုများရှိနေသည့်အပြင် ယခင်နှစ်က စိုက်ပျိုးစရိတ်ချေးငွေများကို ယခုနှစ်အတွင်း ပြန်လည်ပေးဆပ်နေမှုများကြောင့် အခက်အခဲများရင်ဆိုင်နေရသည်ကိုလည်း တွေ့မြင်ရကြောင်း၊ လယ်ယာမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလတွင် စိုက်ပျိုးစရိတ်ချေးငွေ ရပ်နားထားမှုများကြောင့် အခက်တွေ့နေမှုများကို ပြေလည်အောင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် လက်တွေ့လုပ်ကိုင်နေရသည့် ကျွမ်းကျင်သူများအား ကော်မရှင်များတွင် တာဝန်ပေးဖွဲ့စည်းထားကြောင်း၊ ဥပဒေများပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်း ပြုလုပ်ရန်ရှိနေကြောင်း၊ ဥပဒေများ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်းလုပ်ဆောင်ရန် ကော်မရှင်ကို တာဝန်ပေးအပ်ထားကြောင်း၊ ဥပဒေကိုလိုက်နာရန် အားနည်းချက်များအား ဖြေလျှော့ရန်လိုကြောင်း၊ လုပ်ချင်သည်များ အကြောင်းအရာများစွာ ရှိနေကြပါကြောင်း၊ ယင်းအထဲမှ လုပ်နိုင်သည်များကို လုပ်ပေးရန်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ စိုက်ပျိုးလိုသည့် ဈေးကောင်းရသည့်သီးနှံကို လွတ်လပ်စွာ စိုက်ပျိုးခွင့်ပြုရန်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများက မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်ကဏ္ဍများကို တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ စီးပွားရေးမပြေလည်မှုကြောင့် လူမှုရေးအခက်အခဲများ ရှိနေကြောင်း၊ Primary Industry များကို အားမပေးပါက မိမိတို့လွှတ်တော်တွင်လည်း တာဝန်ရှိလာမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တောင်သူလယ်သမားများအကျိုး၊ နိုင်ငံတော်အကျိုးအတွက် တောင်သူလယ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေ အမြန်ပေါ်ထွက်လာစေရေး တက်ရောက်လာကြသော လွှတ်တော်ကော်မတီများနှင့် ကော်မရှင်တို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ အဖွဲ့အစည်းအသီးသီးနှင့် ပြည်သူများမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အခြေခံအင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်မည်

**နေပြည်တော် ဧပြီ ၁၀**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ ပညာရေးလုပ်ငန်းအဖွဲ့ခွဲက အမျိုးသမီးများအတွက် အခြေခံအင်္ဂလိပ်စာသင်တန်းကို မေ ၄ ရက်မှ ဇူလိုင် ၇ ရက်အထိ အပတ်စဉ်စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် အထက(၂) စမ်းချောင်း၌ ၁၀ ပတ်ကြာ သင်ကြားပို့ချမည် ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် ပညာအရည်အချင်း တက္ကသိုလ်ဝင်သင်တန်း အောင်မြင်ပြီးသူများနှင့် ဖြေဆိုထားသူများဖြစ်ရမည်။ လျှောက်လွှာများကို အထက(၂) စမ်းချောင်းတွင်ရယူ၍ ဧပြီ ၂၆ ရက် နောက်ဆုံးထား၍ တင်ရမည်။ အသေးစိတ်အချက်အလက်များကို အထက(၂) စမ်းချောင်း ဖုန်း-၀၁-၅၃၅၄၉၇ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**❒ ကျောဖုံးမှ**

မောင်အံ့ခေါင်ထွဋ်တို့ကိုလည်းကောင်း၊ အမျိုးသမီးများဖြစ်သည့် မကေဇင်ဝင်း၊ မဆုမိုးသိမ့်စံ၊ မရွှန်းလဲ့မော်ဦး၊ မခန့်ခန့်စုစံ၊ မအင်ကြင်းကေခိုင်နှင့် မစံပယ်သင်းတို့အား စေလွှတ်ယှဉ်ပြိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲများကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Thammasat University Aquatic Club (TUAC)၌ ကျင်းပပြီး အပြည်ပြည်ဆိုင်ရာ ရေကူးအားကစားမျိုးစုံထည့်သွင်းထားပြီး သက်တမ်းအလိုက် ဖိတ်ခေါ်ဝင်ရောက်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ အမျိုးသားအသက် ၁၁ နှစ်အောက်ပြိုင်ပွဲတွင် ရေကူးအားကစားနည်းကိုးမျိုးကို အံ့ခေါင်ထွဋ်က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတစ်ခု၊ ငွေသုံးခုနှင့် ကြေးတစ်ခုတို့ ရရှိခဲ့သည်။ အမျိုးသမီးအသက် ၁၁ နှစ် အောက်ပြိုင်ပွဲတွင် ရေကူးအားကစားနည်း ခုနစ်မျိုးကို မဆုမိုးသိမ့်စံက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေခြောက်ခု၊ ငွေနှစ်ခုတို့ကို ဆွတ်ခူးရရှိခဲ့ပြီး မခန့်ခန့်စုစံက ရေကူးအားကစားနည်းရှစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေလေးခု၊ ကြေးတစ်ခုတို့ကိုလည်းကောင်း၊ မအင်ကြင်းကေခိုင်က ရေကူးအားကစားနည်း ငါးမျိုးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေတစ်ခုနှင့် ကြေးတစ်ခုတို့ကို အသီးသီးဆွတ်ခူးရရှိခဲ့သည်။ အမျိုးသမီးလေးဦး ညွှန့်ပေါင်းပြိုင်ပွဲတွင် မြန်မာအမျိုးသမီး မဆုမိုးသိမ့်စံ၊ မခန့်ခန့်စုစံ၊ မစံပယ်သင်း၊ မအင်ကြင်းကေခိုင်တို့လေးဦးအဖွဲ့က ရွှေသုံးခုကို ဆွတ်ခူးပေးနိုင်ခဲ့သည်။ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အဖွဲ့ဝင်များသည် ဧပြီ ၁၀ ရက် ည ၈ နာရီတွင် အမိမြန်မာနိုင်ငံသို့ မြန်မာ့လေကြောင်းဖြင့် ပြန်လည်ရောက်ရှိလာသည်။ **(မြန်မာ့အလင်း)**

## အသိပေးကြေညာချက်

၁။ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အတွင်း အောက်ပါအချက်များကို လိုက်နာသွားရန် အသိပေးကြေညာအပ်ပါသည်-

(က) ရေခဲထုပ်၊ ရေပူဖောင်းများ၊ ပစ်ပေါက်ခြင်း၊ ရေဆိုးရေပုပ်များဖြင့် ပက်ခြင်း၊ ဆပ်ပြာမှုန့်ထည့်၍ဂုတ်စ်ဘူးများဖြင့် ပက်ခြင်း၊ ထိခိုက်အန္တရာယ်ရှိသည့်ပစ္စည်းများ အရည်များဖြင့် ပက်ခြင်းများ မပြုလုပ်ရန်။

(ခ) မူးယစ်ရမ်းကားမှုများ မပြုလုပ်ရန်။

(ဂ) အများပြည်သူထိခိုက်စေသော ရိုင်းစိုင်းသည့်အပြုအမူများမပြုလုပ်ရန်။

(ဃ) မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဆန့်ကျင်သော အပြုအမူ၊ အပြောအဆို၊ ဝတ်စားဆင်ယင်မှုများ၊ ကခုန်သီဆိုမှုများ မပြုလုပ်ရန်။

(င) အုပ်စုဖွဲ့ ခိုက်ရန်ဖြစ်ပွားမှုများ မပြုလုပ်ရန်။

(စ) တုတ်၊ ဓား၊ လက်နက် စသည့် အန္တရာယ်ရှိသောပစ္စည်းများ ကိုင်ဆောင်ခြင်း မပြုလုပ်ရန်၊

(ဆ) သင်္ကြန်မဏ္ဍပ်များပေါ်နှင့် အနီးတစ်ဝိုက်တွင် အရက်၊ ဘီယာ၊ မူးယစ်ဆေးဝါးရောင်းချသုံးစွဲခြင်း မပြုလုပ်ရန်။

၂။ အထက်ဖော်ပြပါအချက်များကို တိကျစွာ လိုက်နာသွားကြရန်နှင့် လိုက်နာခြင်းမရှိပါက သင်္ကြန်ကာလအတွင်း ဖွင့်လှစ်ထားသည့် အထူးတရားရုံးများသို့ မဟာသင်္ကြန်စီမံချက်အမှုများဖြစ်သတ်မှတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်း

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ နှစ်နိုင်ငံကာကွယ်ရေးလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် မေ ၁၀

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Yang Houlan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Xiong Shaowei နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-တရုတ်နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူကြီးငါးရပ်နှင့်အညီ နယ်စပ်ဒေသတာဝရ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသစီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသအတွင်း မူးယစ်ဆေးဝါးနှင့် တရားမဝင်မှောင်ခိုမှု ပြဿနာများအား နှစ်နိုင်ငံပူးပေါင်းဖြေရှင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံကာကွယ်ရေး၊ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Yang Houlan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့ လက်မှတ်ရေးထိုး WFP ၏ ထည့်ဝင်ငွေဖြင့် ဆန်နှင့်စားနပ်ရိက္ခာ ၁၇၅၅၄ တန် ဖြန့်ဝေဆောင်ရွက်သွားမည်

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း စီမံကိန်းအကောင်အထည်ဖော်ရေး နားလည်မှုစာတမ်းလက်မှတ်ရေးထိုးပွဲအခမ်းအနား တက်ရောက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၁၀**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) တို့ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းအကောင်အထည်ဖော်ရေး နားလည်မှုစာတမ်းလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက အမှာစကားပြောကြားပြီး WFP (ဗန်ကောက်)ရုံးမှ ဒေသညွှန်ကြားရေးမှူး Mr. Kenro Oshidari က စီမံကိန်း၏ ရည်ရွယ်ချက်များနှင့် ဆောင်ရွက်ပေးမည့် အစီအစဉ်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှနှင့် WFP ကိုယ်စားဌာနေကိုယ်စားလှယ် Mr. Carlos Veloso တို့က နားလည်မှုစာတမ်းကို လက်မှတ်ရေးထိုးကြသည်။

နားလည်မှုစာတမ်းပါ စီမံကိန်း၏ ရည်ရွယ်ချက်များမှာ တုန်လှုပ်ဖွယ်ရာ ဘေးအန္တရာယ်အခြေအနေနှင့် ကြုံတွေ့ရသော ပြည်သူများကို အရေးပေါ် တုံ့ပြန်ကူညီထောက်ပံ့ပေးရေး၊ အခက်အခဲများနှင့်ကြုံတွေ့နေရသည့် ပြည်သူများအတွက် စားဝတ်နေရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရန်နှင့် စားနပ်ရိက္ခာထောက်ပံ့မှုဖြင့် ကူညီဆောင်ရွက်ပေးရေး၊ အိမ်ထောင်စုအလိုက် စားနပ်ရိက္ခာ ဖူလုံမှုရှိရေး၊ လူမှုစီးပွားရေး အခွင့်အလမ်းများ ဖန်တီးပေးရေးတို့ဖြင့် ငြိမ်းချမ်းရေးဆောင်ရွက်ဆဲဒေသမှ ရောက်နေသူများအား ကူညီဆောင်ရွက်ပေးရေး၊ အခက်အခဲကြုံတွေ့နေရသော ပြည်သူများ၏ အာဟာရချို့တဲ့မှုကို ဖြေရှင်းပေးပြီး ခုခံအားကျဆင်းမှုကူးစက်ရောဂါခံစားနေရသူများ၊ အဆုတ်ရောဂါ ခံစားနေရသူများအား စားနပ်ရိက္ခာထောက်ပံ့ပေးရေး၊ ကလေးငယ်များ ပညာသင်ကြားခွင့်ရရှိရေးနှင့်ကလေးငယ်များ ကနဦးဖွံ့ဖြိုးမှု အခွင့်အလမ်းများ ဖော်ထုတ်ပေးရေးတို့ဖြစ်သည်။

အဆိုပါစီမံကိန်းအရ စီမံကိန်းကာလဖြစ်သော ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ကချင်၊ ချင်း၊ ရခိုင်၊ ရှမ်း၊ ကရင်နှင့် မွန်ပြည်နယ်၊ မကွေး၊ တနင်္သာရီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ စားနပ်ရိက္ခာလုံခြုံမှု မရှိသောသူများနှင့် အာဟာရချို့တဲ့သူများအား WFP ၏ ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆၇ ဒသမ ၆၉ သန်းဖြင့် ဆန်နှင့်စားနပ်ရိက္ခာ စုစုပေါင်း ၁၇၅၅၄ တန် ဖြန့်ဝေဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၁၄)ကြိမ်မြောက် ASEAN- OSHNET Coordinating Board Meeting ကျင်းပ အလုပ်သမားများဘေးအန္တရာယ်ကင်းရေးနှင့် ကျန်းမာရေးအတွက် မည်သည့်ကူညီမှုမဆိုလက်ခံကြိုဆို

**နေပြည်တော် မေ ၁၀**

(၁၄)ကြိမ်မြောက် အာဆီယံ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေး (ASEAN- OSHNET Coordinating Board Meeting) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ရွှေနန်းတော် ဟိုတယ် Lake View ခန်းမ၌ ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံ မိတ်ဖက် သုံးနိုင်ငံအနက် ဂျပန်နိုင်ငံ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ ASEAN-OSHNET အတွင်းရေးမှူးချုပ်ရုံး၊ ASETUC၊ GIZ ILO၊ UNITAR တို့မှ ကိုယ်စားလှယ် ၃၄ ဦး၊ မိတ်ဖက်ဌာနအသီးသီးမှ ကိုယ်စားလှယ် ၁၀ ဦးတက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင်အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် **(အပေါ်ယာပုံ)** က အဖွင့်အမှာစကား ပြောကြားရာ၌ ASEAN-OSHNET Coordinating Board Meeting ကို မြန်မာနိုင်ငံ၌ ဒုတိယအကြိမ်မြောက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရ၍ဝမ်းမြောက်မိကြောင်း၊ မြန်မာလုပ်သားထုအတွက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝကိုရရှိစေရန် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးတို့နှင့်စပ်လျဉ်းပြီး နိုင်ငံတော်၏ ခိုင်မာပြတ်သားသော သန္နိဋ္ဌာန်ကို ပြသသည့် လက္ခဏာတစ်ရပ်ဖြစ်ကြောင်း၊ ASEAN-OSHNET အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကောင်းမွန်စေရန်အတွက် မည်သည့် ကူညီနိုင်မှုကိုမဆို လက်ခံကြိုဆိုပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ အစည်းအဝေးကို မေ ၉ ရက်အထိ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံအနေဖြင့် ကုန်ကြမ်းအဖြစ်တင်ပို့နေမှုများမှ တန်ဖိုးမြှင့်ထုတ်ကုန်များတင်ပို့နိုင်ရေး ဆွေးနွေး

**နေပြည်တော် မေ ၁၀**

LG International Corporation အနေဖြင့် မြန်မာနိုင်ငံတွင် လုပ်ကိုင်နိုင်မည့် စီးပွားရေးလုပ်ငန်းများဖြစ်သောသတ္တုတူးဖော်ခြင်း၊ ဆီအုန်းစိုက်ပျိုးရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ အခြေခံအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းများနှင့် မြန်မာနိုင်ငံအနေဖြင့် ကုန်ကြမ်းအဖြစ် တင်ပို့နေမှုများမှ တန်းဖိုးမြှင့်ထုတ်ကုန်များတင်ပို့နိုင်ရေး၊ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် LG International Corporation ဥက္ကဋ္ဌ Mr. Young Bong Ha ဦးဆောင်သည့် အဖွဲ့တို့သည် မေ ၉ ရက် ညနေ ၅ နာရီတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၁-၄-၂၀၁၃ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၂၀ ပြည်သူတို့ရဲ့စကားသံ
- ၇း၅၀ ခါသကြန်အဆိုအကများ
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
- ၈း၂၅ **My Mind Game My SEA Games** (အပိုင်း-၁)
- ၉း၀၀ ပြည်တွင်းသတင်း
- ၁၀း၀၀ ပြည်တွင်းသတင်း

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ဆိုကြမယ်၊ပျော်ကြမယ်
- ၁၁း၄၅ ခါသကြန်အဆိုအကများ
- ၁၃း၀၀ ပြည်တွင်းသတင်း
- ၁၄း၀၀ ပြည်တွင်းသတင်း
- ၁၄း၅၀ ခါသကြန်အဆိုအကများ

**ညပိုင်း**

- ၁၅း၀၀ ပြည်တွင်းသတင်း
- ၁၆း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
- ၁၆း၄၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၁၆း၅၅ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇း၀၀ ပြည်တွင်းသတင်း
- ၁၈း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
- ၁၉း၀၀ ပြည်တွင်းသတင်း
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း၊
- ၂၀း၄၅ ခါသကြန်အဆိုအကများ
- ၂၁း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊
- \- ခါသကြန်အဆိုအကများ
- \- **မက်မန်းထုတ်ကုန်စုံလင် ပန်းမြို့တော်ရဲ့မေလွင်**

ပြည်တွင်းသတင်း

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အစိုးရသာမက နိုင်ငံသူ၊ နိုင်ငံသားများအားလုံး တာဝန်ရှိရှိ၊ တာဝန်သိသိဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လိုအပ်

နေပြည်တော် မေ ၁၀

**လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌသမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၉ နာရီခွဲတွင် စီမံကိန်းနယ်မြေအတွင်းရှိ ကျေးရွာများဖြစ်ကြသည့် ဒုံးတောနှင့် ကံကုန်းကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား ကံကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ရင်းရင်းနှီးနှီးတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံစဉ် ကော်မတီဥက္ကဋ္ဌက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းနိုင်ငံရေးမတည်ငြိမ်မှုများကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရကြောင်း၊ အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်သမ္မတကြီး ဦးဆောင်၍ ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာ အောင်မြင်မှုများရှိလာပြီ ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အစိုးရသာမက နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထို့အတွက် အားလုံးတက်ညီလက်ညီဖြင့် တာဝန်ရှိရှိ၊ တာဝန်သိသိ ပူးပေါင်း ဆောင်ရွက်သွားကြရန် လိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကံကုန်းကျေးရွာနှင့် ဒုံးတောကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ၊ ဆရာမများက ကြေးနီတောင် စီမံကိန်းနယ်မြေအတွင်းရှိ ကျေးရွာများအတွက် အနာဂတ်ကာလ မျှော်လင့်ချက်ဆိုင်ရာများ၊ လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာများ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ထိုမှတစ်ဆင့် ကျော်ရွာအခြေခံပညာမူလတန်းကျောင်း၌ ကျေးရွာနေ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ကျေးရွာနေပြည်သူများ၏ လိုအပ်ချက်များဖြစ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာစေရေး၊ ကျန်းမာရေးလိုအပ်ချက်များဖြည့်ဆည်းပေးရေး၊ အခြေခံပညာကျောင်းများ ပြုပြင်ဆောက်လုပ်ပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် အခြား အခြေခံလိုအပ်ချက်များအပေါ် တင်ပြဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ ဖြည့်ဆည်းပံ့ပိုးကူညီပေးနိုင်မည့်ကိစ္စရပ်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ဒေသအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ပေါ်ထွန်းလာစေရန်အတွက် ဆောင်ရွက်ပေးသွားမည့် အစီအမံများ၊ ပညာရေး၊ ကျန်းမာရေးတို့အပေါ် ကူညီဆောင်ရွက်သွားမည့် အစီအမံများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် စီမံဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆားလင်းကြီးမြို့နှင့် ၁၇ မိုင်ခန့်အကွာတွင် ကြေးနီတောင်စီမံကိန်းနယ်မြေမှ ဒေသခံပြည်သူများအတွက် အစားထိုးလယ်ယာမြေများ ဖော်ထုတ်ပေးနိုင်ရန် လျာထားစီမံဆောင်ရွက်လျက်ရှိသည့်နေရာသို့ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီအနေဖြင့် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကိုအဖွဲ့များဖြင့် တစ်ပြိုင်နက်တည်း ဆောင်ရွက်ပေးလျက်ရှိရာ သိမ်းဆည်းမြေယာများစိစစ်ရေးအဖွဲ့အနေဖြင့် အပြီးသတ် မြေယာတိုင်းတာခြင်းလုပ်ငန်းများပြီးစီးခဲ့ပြီး တောင်သူ ၅၈၈ ဦး၊ မြေဧက ၁၇၃၀ အတွက် လျော်ကြေးငွေကျပ် ၁၈၃၅၇ သိန်းထုတ်ပေးခဲ့ပြီး ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကျေးရွာသစ်များတွင် ပျိုးဥယျာဉ်များထူထောင်ပြီး ယခုနှစ်မိုးရာသီအမီ စိုက်ပျိုးနိုင်ရေး ပျိုးပင်များစုဆောင်းလျက်ရှိသည်။ စီမံကိန်းဧရိယာအတွင်းရှိ ကျေးရွာများမှ ကျေးရွာသစ်များသို့ အိမ်ထောင်စု ၁၃၇ စုပြောင်းရွှေ့နေထိုင်ခဲ့ရာ အိမ်ပြောင်းရွှေ့စရိတ်များကိုလည်း ထုတ်ပေးလျက်ရှိပြီး အိမ်သစ်များတွင် ရေ၊ မီး၊ လမ်းတံတားစသည့် လိုအပ်ချက်များကို တစ်ပါတည်းပြုပြင်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ဒေသခံတောင်သူများ အလုပ်အကိုင်ရရှိရေးအတွက် ကြေးနီစီမံကိန်းများတွင် ဝန်ထမ်းအဖြစ် ခန့်အပ်ပေးရန်အပြင် အခြားအလုပ်အကိုင် အခွင့်အလမ်းများရရှိရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့ဝင်များ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေအတွင်းရှိ ကျေးရွာများမှ ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။**
(သတင်းစဉ်)

✳ *ကျောဖုံးမှ*

ချစ်ကြည်ရင်းနှီးသော အားကစားပွဲ (Green, Clean and Friendship Through Games)အဖြစ် ကျင်းပနိုင်ရေး လမ်းညွှန်မှုများရှိပြီး ဖြစ်ပါကြောင်း၊ ဤအားကစားပြိုင်ပွဲကြီးတွင် အောင်မြင်မှုသုံးရပ်ကို မျှော်မှန်းထားပါကြောင်း၊ အားကစားပြိုင်ပွဲကြီး ပြည့်စုံကောင်းမွန်စွာ ကျင်းပနိုင်သည့် အောင်မြင်မှု၊ အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိသည့် အားကစားအောင်မြင်မှုနှင့် စီးပွားရေးအရအောင်မြင်မှုတို့ ဖြစ်ပါကြောင်း၊ အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖန်တီးမှုနှင့် တီထွင်ဆန်းသစ်မှုရှိသော အားကစားမြှင့်တင်ရေးနှင့် လှုံ့ဆော်ရေးလှုပ်ရှားမှုများ၊ အားကစားသမားများအတွက်ရော အားပေးသူပရိသတ်များအတွက်ပါ ဘေးကင်းလုံခြုံ၍ သက်သောင့်သက်သာရှိသော ပေမိဒေါက်မီ စံချိန်မီ အားကစားနေရာထိုင်ခင်းများ၊ အသုံးပြုသူအတွက် လွယ်ကူအဆင်ပြေစေသော ဝန်ဆောင်မှုလုပ်ငန်းများ လိုအပ်ပါကြောင်း၊ ထို့အပြင် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားသည်လည်း ကြွယ်ဝလှသော မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအမွေအနှစ် ရိုးရာဓလေ့ထုံးတမ်းများကို ခင်းကျင်းပြသနိုင်သည့် စင်မြင့်ဖြစ်၍ယဉ်ကျေးမှုနှင့် အားကစားကို ရသမြောက်စွာ ပေါင်းစည်းပေးနိုင်ရန် ကြိုးပမ်းသွားကြစေလိုကြောင်း၊ အားကစားအောင်မြင်မှုနှင့်ပတ်သက်၍ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် နိုင်ငံတိုင်းသည် ဆုတံဆိပ်အများဆုံးရရှိရန် မျှော်လင့်တတ်ကြပါကြောင်း၊ ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူလူထုအားပေးမှုများဖြင့် အစွမ်းကုန်ယှဉ်ပြိုင်သွားကြရန် အားကစားမောင်မယ်များ အသင့်ဖြစ်နေရန် လိုအပ်ကြောင်း၊ သန့်ရှင်းသော အားကစားပွဲဖြစ်ရေး လမ်းညွှန်မှုအတိုင်း တရားမျှတသန့်ရှင်းစွာ ယှဉ်ပြိုင်၍ အနိုင်ယူခြင်းဖြစ်ရန်လိုကြောင်း၊ အားကစားအမျိုးအစားနှင့်ပွဲစဉ်များ ရွေးချယ်သတ်မှတ်ရာတွင်လည်း အဖွဲ့ဝင်နိုင်ငံအသီးသီး၏ အမျိုးသားအိုလံပစ်ကောင်စီများနှင့် အကျေအလည်ညှိနှိုင်းဆွေးနွေးပြီး နိုင်ငံတကာကျင့်စဉ်များနှင့် အညီအညွတ်ဖြစ်ရန်လိုကြောင်း၊ စီးပွားရေးအောင်မြင်မှုနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ပြီး နိုင်ငံစီးပွားရေးမြှင့်တင်ရန် အခွင့်အလမ်းကောင်းအဖြစ် အသုံးချသွားရန်ဖြစ်ကြောင်း၊ ဒေသန္တရ စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးနိုင်ရန် ကြိုးပမ်းသွားရန်ဖြစ်ပါကြောင်း၊ မြန်မာတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုလက်ရာ ထုတ်ကုန်ပစ္စည်းများဖြန့်ချိမှု၊ သတင်းပြန်ကြားရေးနှင့် အတိုင်ပင်ခံဝန်ဆောင်မှု၊ ဘဏ္ဍာရေးဝန်ဆောင်မှု၊ ပို့ဆောင်ရေး ဆက်သွယ်ရေးဝန်ဆောင်မှု၊ ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများမှ အကျိုးဖြစ်ထွန်းမှုများ ရရှိအောင် ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်း မှာကြားခဲ့သည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ကော်မတီအလိုက် ဦးစီးကော်မတီနာယက၏ လုပ်ငန်းလမ်းညွှန်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှု၊ ပြိုင်ပွဲများကျင်းပမည့် အားကစားရုံနှင့်အားကစားကွင်းများ တည်ဆောက်ပြီးစီးမှု၊ ပြိုင်ပွဲဝင် အားကစားသမားများ တည်းခိုနေထိုင်မည့် အားကစားရွာတည်ဆောက်ပြီးစီးမှု၊ SEA Games အကြိုအားကစားပြိုင်ပွဲများကျင်းပခဲ့မှုနှင့် ပြိုင်ပွဲဝင် အားကစားသမားများ လေ့ကျင့် သင်ကြားပေးမှုများကို အကျယ်တဝင့် ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌက ၂၀၁၄ ခုနှစ် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက လုပ်ငန်းလိုအပ်ချက်များကို အကြံပြုဆွေးနွေးတင်ပြခဲ့ကြသည်။

**(သတင်းစဉ်)**

● *ကျောဖုံးမှ*

အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်များသို့ မူလရေပေးဝေချိန်အတိုင်း ပေးဝေမည်ဖြစ်သည်။

မေ ၁၇ရက် (နှစ်ဆန်းတစ်ရက်နေ့)တွင် မြို့နယ်များအားလုံးသို့ ယခင် ပုံမှန်ရေပေးဝေချိန်အတိုင်း ပြန်လည်ပေးဝေသွားမည်ဖြစ်သည်။ သတ်မှတ် ရေပေးဝေချိန်အတွင်း ရေပိုက်များအရေးပေါ်ပြင်ဆင်ရန် လိုအပ်ပါက သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးတွင် တာဝန်ချထားသည့် (ရေ/သန့်) ဝန်ထမ်းများထံ အကူအညီတောင်းခံနိုင်ပြီး အရေးတကြီးအကူအညီလိုအပ်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဖုန်း ၀၁-၂၄၉၆၅၅၊ ၂၄၃၅၅၀၊ ၃၈၂၉၈၉၊ ၃၈၂၉၉၀နှင့် ၆၆၀၃၄၀ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ယနေ့ သတင်းထုတ်ပြန်သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးပေါ် ဖုန်းနံပါတ်များနှင့် ပြည်သူတို့၏ နစ်နာချက်များတိုင်ကြားနိုင်သော ဖုန်းနံပါတ်များ ထုတ်ပြန်

**နေပြည်တော် မေ ၁၀**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြည်သူတို့၏လုံခြုံရေးအား ကူညီဆောင်ရွက်ရန်နှင့် ပြည်သူလူထုမှ ပူးပေါင်းကူညီရန်အတွက် ထူးခြားဖြစ်စဉ်သတင်းများ၊ ပြည်သူလူထု၏နစ်နာချက်များ၊ ရဲတပ်ဖွဲ့များ၏ ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆောင်ရွက်ချက်များ၊ လုပ်ပိုင်ခွင့်အလွဲသုံးစားပြုလုပ်မှုများ၊ အဂတိလိုက်စားမှုများနှင့် ပတ်သက်၍ တိုင်ကြားနိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များတွင် အရေးပေါ် Hot Line ဖုန်းနံပါတ် ၁၉၉ တယ်လီဖုန်းများ၊ အော်တိုတယ်လီဖုန်းများ တပ်ဆင်ပေးထားကြောင်း သိရှိရသည်။

အဆိုပါ ဖုန်းနံပါတ်များအား အများပြည်သူတို့ သိရှိဆက်သွယ်နိုင်ကြောင်းနှင့် ၎င်းဖုန်းများသို့ ဆူပူမှု၊ နှောင့်ယှက်မှုများ မပြုလုပ်ကြပါရန်လည်း မေတ္တာရပ်ခံထားကြောင်း။

အရေးပေါ် Hot Line တယ်လီဖုန်းအမှတ် ၁၉၉ တပ်ဆင်ထားသော ရဲတပ်ဖွဲ့များမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ နေပြည်တော် ရဲတပ်ဖွဲ့၊ ကချင်၊ ကယား၊ ကရင် ၊ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့များ၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့များဖြစ်ကြပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့တွင် အရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်းနှင့် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးများတွင်လည်းကောင်း၊ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့တွင် အမှတ်(၁)ရဲတပ်ဖွဲ့စခန်း၊ တောင်ကြီးမြို့ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ လားရှိုးမြို့နှင့် ကျိုင်းတုံရဲတပ်ဖွဲ့စခန်း၊ ကျိုင်းတုံမြို့ တို့၌လည်းကောင်း တပ်ဆင်ထားကြောင်း သိရသည်။

ပြည်သူလူထုမှ နစ်နာချက်များ တိုင်ကြားနိုင်သော ဖုန်းနံပါတ်များမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ဖုန်း ၀၆၇-၄၁၂၂၂၂ နှင့် ၀၆၇- ၄၁၂၄၄၄၊ နေပြည်တော်ရဲတပ်ဖွဲ့ ဖုန်း ၀၆၇-၅၅၀၃၃၃၊ ကချင်ပြည်နယ်ရဲတပ်ဖွဲ့ ဖုန်း ၀၇၄-၂၁၄၄၄၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ဖုန်း ၀၅၈-၂၃၃၅၅၊ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း ၀၇၁-၂၄၉၉၆၊ တနင်္သာရီတိုင်း ဒေသကြီး ရဲတပ်ဖွဲ့ ဖုန်း-၀၅၉-၂၃၉၉၈၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဖုန်း ၀၅၂-၂၃၉၉၉၊ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း-၀၆၃-၂၈၀၉၉၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း ၀၂-၆၁၄၄၄၊ မွန်ပြည်နယ် ရဲတပ်ဖွဲ့ ဖုန်း ၀၅၇-၂၄၉၈၇၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ ဖုန်း ၀၄၃- ၂၂၈၃၃၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဖုန်း ၀၁-၂၃၀၂၁၉၉၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ဖုန်း ၀၈၁-၂၁၂၅၄၅၅၊ ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဖုန်း-၀၄၂-၂၃၈၄၄ တို့ ဖြစ်ကြသည်။ **(သတင်းစဉ်)**

## တောင်ကြီးမြို့မှ အဝေးပြေးယာဉ်များ သကြၤန်တွင်း နားမည်

**တောင်ကြီး မေ ၁၀**

ရှမ်းပြည်နယ် တောင်ကြီးမြို့မှ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ပခုက္ကူ၊ လားရှိုး၊ မြင်းခြံ၊ နေပြည်တော်သို့ ပြေးဆွဲလျက်ရှိသည့် အဝေးပြေးယာဉ်လိုင်းများသည် တောင်ကြီးမြို့မှ မေ ၁၂ ရက် နောက်ဆုံးထားထွက်ခွာမည်ဖြစ်ကြောင်းနှင့် မေ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)မှ စတင်ပြီး သက်ဆိုင်ရာ မြို့အသီးသီးမှ ယာဉ်များ ပုံမှန်ပြန်လည်ထွက်ခွာပြေးဆွဲမည် ဖြစ်ကြောင်း သိရသည်။ ပြည်နယ်အတွင်း ပြေးဆွဲနေသည့် ယာဉ်လိုင်းများ အနေဖြင့် ယာဉ်စီးရေလျှော့ချပြေးဆွဲမှုများရှိနိုင်ကြောင်း မထသ တောင်ကြီးမှ သတင်းရရှိသည်။

**နိုင်ထွန်း(TGI)**

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ စည်းဝေး

**နေပြည်တော် မေ ၁၀**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် Sponsorship Management Consultant ရွေးချယ်မှုနှင့် မော်တော်ယာဉ် ဝယ်ယူမှုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နေ့လယ်ပိုင်းတွင် နေပြည်တော် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေး ကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ကော်မတီအဖွဲ့ဝင်များ၊ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ တက်ရောက်ကြပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် Sponsorship Management Consultant ခန့်အပ်နိုင်ရေးနှင့် မော်တော်ယာဉ်များ ဝယ်ယူရေးအတွက် သတင်းစာတွင်ကြော်ငြာ၍ တင်ဒါ ခေါ်ယူခြင်း၊တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းကာ စနစ်တကျစိစစ်ရွေးချယ်ခြင်းတို့ကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း၊ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများနှင့် အတည်ပြုစာချုပ်ချုပ်ဆိုပြီး အချိန်မီ ရောက်ရှိရေးနှင့် စနစ်တကျစိစစ်လက်ခံရေးကိစ္စများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ထူးခြားသည့်နေ့အပူချိန်များ** ၁၀-၅-၂၀၁၃

| | |
|---|---|
| ချောက်မြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ဂန့်ဂေါမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ကြို့ပင်ကောက်မြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |

**မှတ်သားဖွယ်ရာမိုးရေချိန်များ**

| | |
|---|---|
| ပူတာအိုမြို့ | ၀ ဒသမ ၁၆ လက်မ |
| မချမ်းဘောမြို့ | ၀ ဒသမ ၁၆ လက်မ |

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

# မန္တလေးတိုင်း တရားလွှတ်တော် တရားသူကြီးချုပ်အား UNDP ဌာနေကိုယ်စားလှယ်များ လာရောက်တွေ့ဆုံ

**မန္တလေး ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းအား United Nations Development Programme မှ ဌာနေကိုယ်စားလှယ် Mr.Paul Jan Maria van Hoof, Local Governance Assessment Technical Expert, UNDP ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၉ ရက် နံနက် ၁၁ နာရီက မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၏ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့်အတူ တရားလွှတ်တော် တရားသူကြီး ဦးကြည်သိန်း၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးမျိုးတင့်တို့ တက်ရောက်ခဲ့ကြသည်။

**တင်မောင်(မန္တလေး)**

# သောက်သုံးရေ အခမဲ့ဖြန့်ဝေ

**မန္တလေး ဧပြီ ၁၀**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနမှ ပူပြင်းခြောက်သွေ့သောနွေရာသီသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် ဘုန်းတော်ကြီးကျောင်းများ၊ မြို့နယ်၊ ရပ်ကွက်များအလိုက် မိဘပြည်သူများထံသို့ တိုက်ရိုက်သွားရောက်ကာ သောက်သုံးရေအခမဲ့ဖြန့်ဝေပေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရေဖြန့်ဝေပေးရာတွင် ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက် (ဘ-၂၊ ဘ-၄) အတွင်းရှိ ရပ်ကွက်ပြည်သူများအား ရေဂါလန် ၁၂၀၀ ဆံ့ရေသည်ယာဉ်ဖြင့် ဧပြီ ၉ ရက် နံနက်ပိုင်းက သောက်သုံးရေများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ဝ၄ဝ)**

# ဖားအောက်တောရ အထူးတရားစခန်းဖွင့်မည်

**မန္တလေး ဧပြီ ၁၀**

ဖားအောက်တောရ ဆရာတော်ကြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအာစိဏ္ဏ၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တကေသရိန္ဒ ဦးစီးပြီး ၂၀၁၃ ခုနှစ် (၁၇)ကြိမ်မြောက် မဟာသင်္ကြန်အထူးတရားစခန်းကို မန္တလေးတောင်ခြေ ဖားအောက်တောရရိပ်သာ၌ ဧပြီ ၉ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်၍ တရားရှုပွားအားထုတ်လိုသော ဓမ္မမိတ်ဆွေယောဂီများ လူကိုယ်တိုင်ဖြစ်စေ၊ အနုဂ္ဂဟအဖွဲ့ရုံး ဖုန်း ၀၂-၃၉၃၇၁၊ ၀၉-၄၀၂၆၅၃၂၂၂ တို့သို့ဖြစ်စေ အချိန်မီဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကျောက်ပန်းတောင်းတွင် ပညာရေးဝန်ထမ်းရွေးချယ်ရေး စာမေးပွဲဖြေဆိုသူများပြား

**ကျောက်ပန်းတောင်း ဧပြီ ၁၀**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ပညာရေးဝန်ကြီးဌာနက ၂၀၁၃ ခုနှစ် မတ် ၁၈ ရက်မှစတင်၍ မူလတန်းပြဆရာ/ ဆရာမ၊ ဓာတ်ခွဲကျွမ်းကျင်(၃)၊ အငယ်တန်းစာရေး၊ အထွေထွေလုပ်သား(အမျိုးသား)နှင့် အခြေခံလုပ်သားများအား နေ့စားလပေးဝန်ထမ်းအဖြစ် ခန့်ထားနိုင်ရေး အဆိုပြုလျှောက်လွှာများကို မတ် ၃၁ ရက်အထိ ခေါ်ယူခဲ့ရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ကဏ္ဍအသီးသီးတွင် အလုပ်လျှောက်ထားသူအမျိုးသား ၄၅၄ ဦးနှင့် အမျိုးသမီး ၁၄၀၄ ဦးစုစုပေါင်း ၁၈၅၈ ဦးရှိကြောင်း သိရသည်။

အဆိုပါ အလုပ်လျှောက်ထားသူများအား ဧပြီ ၉ ရက် နံနက် ၉ နာရီ၌ ကျောက်ပန်းတောင်းမြို့ အထက(၁)ပင်မစာဖြေဌာန၊ အထက(၁)တိုးချဲ့စာဖြေဌာန၊ အထက(၂) စာဖြေဌာနနှင့် အမက(မြို့မကွက်သစ်) စာဖြေဌာနဟူ၍ ဌာနလေးခုခွဲကာ အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာဘာသာရပ်သုံးခုကို တစ်နာရီမေးခွန်းအဖြစ် ဖြေဆိုစေခဲ့ကြောင်းသိရပြီး အဆိုပါစာဖြေဌာနများ၌ အမျိုးသား ၃၉၇ ဦး၊ အမျိုးသမီး ၁၁၅၁ ဦး စုစုပေါင်း ၁၅၄၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**(၄၁၈)**

# ဘောလုံးသမားဟောင်းများ သက်ကြီးပူဇော်ပွဲကျင်းပ

**မန္တလေး ဧပြီ ၁၀**

အထက်မြန်မာပြည် လက်ရွေးစင်ဘောလုံးသမားဟောင်းများ အသင်း၏ (၁၀)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၇ ရက်က ဗထူးဘောလုံးအားကစားကွင်း အထူးတန်းရှေ့မြက်ခင်းပြင်၌ ကျင်းပရာ ကန်တော့ခံသက်ကြီး လက်ရွေးစင်ဘောလုံးသမားဟောင်း ၃၀ တက်ရောက်ကြပြီး အသင်းနာယက ဦးစိန်ဝင်းက အမှာစကားပြောကြားကာ အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်ကိုနှင့် အတွင်းရေးမှူး ဦးအောင်အောင်တို့က တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်မှ အထက်မြန်မာပြည်လက်ရွေးစင်ဘောလုံးသမားဟောင်းများအသင်းသို့ ငွေကျပ်ငါးသိန်း၊ ကန်တော့ခံသက်ကြီးဘောလုံးသမားဟောင်းများအား ငွေကျပ်တစ်သောင်းစီဖြင့် ငွေကျပ်သုံးသိန်း စုစုပေါင်းငွေကျပ် ရှစ်သိန်းကို အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့ထံ လှူဒါန်းသည်။

ယင်းနောက် တက်ရောက်လာကြသည့် လက်ရွေးစင်ဘောလုံးသမားများက ကန်တော့ခံသက်ကြီး လက်ရွေးစင် ဘောလုံးသမားများအား ပူဇော်ကန်တော့ကြပြီး ကန်တော့ပစ္စည်းလက်ဆောင်များ ပေးအပ်ရာ ကန်တော့ခံများကိုယ်စား ဂြိုဟ်တုညွန့်မောင်က ကျေးဇူးတင်ဆုပေးစကား ပြောကြားသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကျုံးရေပြင်သန့်ရှင်းရေးရေမှော်နှင့် အမှိုက်နေ့စဉ်ဆယ်ယူရှင်းလင်းမည်

**မန္တလေး ဧပြီ ၁၀**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် မန္တလေးမြို့တော် သန့်ရှင်းသာယာလှပရေး၊ မြို့နေပြည်သူများ စိတ်ချမ်းသာရေးနှင့် မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထောင့်စုံ လုပ်ငန်းကဏ္ဍများအလိုက် ကွင်းဆင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ဆောင်ရွက်**

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန မန္တလေးမြို့တော်အတွင်း စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် မြို့နယ်အလိုက် ပျိုးခြံအသီးသီးတို့တွင် အရိပ်ရပင်၊ ပန်းအလှပင်များ ပျိုးထောင်၍ လုပ်ငန်းများတိုးချဲ့ဆောင်ရွက်လျက်ရှိသည့်အပြင် မန္တလေးနန်းမြို့ကျုံးပတ်လည်တစ်လျှောက် ကျုံးရေပြင်ကြည်လင်သန့်ရှင်းစေရေးအတွက် မှော်ဆယ်ခြင်း၊ အမှိုက်သရိုက်များရှင်းလင်းခြင်းတို့ကို စက်ယန္တရား၊ လူအင်အားတို့ဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

သင်္ကြန်ပွဲတော် ကာလအတွင်း ကျုံးရေပြင်၌ အထူးသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် မှော်ဆယ်စက်ကြီး Aquamarine စက်ယန္တရားနှစ်စီး၊ မှော်ဆယ်စက်လှေလေးစင်း၊ ဖိုက်ဘာလှေနှစ်စင်း၊ လက်လှော်လှေနှစ်စင်းတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၄ဝ)**

**မီးဘေးရှောင် မလောင်ခင်တား**



## ဦးအောင်ကျော်မိုး ၆/ပလန(နိုင်)၀၃၄၁၆၄ သိရှိရန်

လူကြီးမင်း ယခင်ပိုင်ဆိုင်ခဲ့ဖူးသော ပြည့်ဖြိုးကျော်-၃ (ON-၄၂၉၆) ငါးဖမ်းစက်လှေအား ကျွန်မမှ အပြီးအပိုင်ဝယ်ယူ၍ ပိုင်ရှင်အမည်ပြောင်းလဲမည်ဖြစ်သောကြောင့် ယခုကြေညာသည့်ရက်မှ တစ်လအတွင်း ကျွန်မနှင့် မြိတ်မြို့၊ ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပေးပါရန်။

**ဒေါ်နီနီဝင်း ၆/ကသန(နိုင်)၀၁၀၉၇၂**
**ရိပ်သာလမ်း၊ ကန်ဖျားရပ်၊ မြိတ်မြို့**
**ဖုန်း-၀၉-၈၇၆၃၁၁၃**

## မြန်မာနိုင်ငံဆရာဝန်အသင်းပိုင်မြေနေရာ

**အကျိုးရှိစွာ အသုံးချရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စ**

(က) အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ အလုပ်အမှုဆောင်အဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းဒေသကြီးများသို့ ကွင်းဆင်း၍ ရှင်းလင်းတင်ပြဆွေးနွေးခံယူခြင်းကို ပြုလုပ်လျက်ရှိပါသည်။

(ခ) ထို့အပြင် အများဆန္ဒ သဘောထားနှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အထွေထွေ အစည်းအဝေးကြီးကို မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဗဟိုဦးစီးကော်မတီဝင်များ၊ တစ်နိုင်ငံလုံးရှိ အသင်းခွဲကိုယ်စားပြုဆရာဝန်များ၊ ဘာသာရပ်ဆိုင်ရာနှင့် အခြားလုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

(ဂ) ထိုအစည်းအဝေးကြီးတွင် အပြန်အလှန် ဆွေးနွေး၊ တိုင်ပင်၊ ညှိနှိုင်း၊ ဆုံးဖြတ်ကြမည် ဖြစ်ပါသည်။

(ဃ) ကိုယ်စားလှယ်အမည်စာရင်းကို ၂၀၁၃ ခုနှစ် မေ ၁၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)သို့ အရောက်ပေးပို့ရမည်ဖြစ်ပါသည်။

(င) ထိုအစည်းအဝေးကြီးသို့ မိမိကိုယ်စားပြုအဖွဲ့၏ သဘောထားကို ရယူခဲ့ရပါမည်။

(စ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိသော လုပ်ပိုင်ခွင့်များအရ အများဆန္ဒသဘောထားနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံ ဆရာဝန်အသင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၉/က၊ မြေကွက်အမှတ် စ/၂၁၇၊ မြေကွက်တည်နေရာအမှတ် ၄၃/က၊ သီရိမင်္ဂလာလမ်း၊ အင်းစိန် ဦးမြင့်စိုး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ထံမှ ကိုယ်စားလှယ် လွှဲစာအမှတ် ၁၂၁၆၃ (၂၁-၁၁-၂၀၀၈) ဖြင့် SP ရသူ ဦးအိုက်နွဲ့မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မသက်ဆိုင်ပါကြောင်း

ဦးမောင်မောင်ညွန့်-ဒေါ်နန်းတင်မေတို့၏သား ဦးမျိုးမြင့်အောင် ၁၃/မဆတ(နိုင်)၀၄၂၇၂၈မှ ၎င်း၏ညီမဖြစ်သူ ဒေါ်မေသွယ်အောင် ၁၃/မဆတ(နိုင်)၀၄၂၇၂၉ အား ညီမအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးမျိုးမြင့်အောင် ၁၃/မဆတ(နိုင်)၀၄၂၇၂၈**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# မိုးရွာလျှင် လမ်းပေါ်ရေမလျှံရန် ရေမြောင်းများပြုပြင်နေ

**ရန်ကုန် ဧပြီ ၁၀**

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးပတ်ဝန်းကျင်တစ်ဝိုက်တွင် ရေစီးမြောင်းကြီးများရှိသော်လည်း ကာလကြာမြင့်လာသည်နှင့်အမျှတိမ်ကောလာကာ မိုးရွာတိုင်းမော်တော်ကားလမ်းမကြီးပေါ်အထိ ရေကြီးရေလျှံလေ့ရှိသည်။ သိမ်ဖြူလမ်း၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ဒေါ်သိန်းတင်လမ်း၊ အထက်ပန်းဆိုးတန်းလမ်းမကြီးနှင့် ကန်တော်ကလေး(အရှေ့)ရပ်ကွက်နှင့် လမ်းသွယ်များသာမက အိမ်ခန်းများသို့ပါ ရေများဝင်ရောက်ခဲ့သည်။ မိုးရာသီ ရေကြီးရေလျှံ အခက်အခဲကျော်လွှားစေရန်နှင့် ရေစီးအားလျင်မြန် ကောင်းမွန်စေရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန (လမ်း/တံတား)က စက်ယန္တရားများဖြင့် ရေမြောင်းတွင်းရှိ အမှိုက်များဆယ်ယူခြင်း၊ မြေထိန်းနံရံများ ပြုပြင်ခြင်း၊ မြောင်းပေါင်များ မြှင့်တင်ပေးခြင်း၊ ကွန်ကရစ်ပေါင်များဖြင့် အစားထိုးတပ်ဆင်ပေးခြင်းမှာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဟု သိရသည်။

ယခုအခါ ကုန်းမြင့်ပိုင်းနှင့် ကန်တော်ကြီးရေပြင်မှ လျှံကျလာသောရေများ ပေါင်းစုကာ မန္တလေးလမ်းရေမြောင်းကြီးမှတစ်ဆင့် မြန်မာ့ဂုဏ်ရည်လမ်းရေမြောင်းအတိုင်း ပုဇွန်တောင်ချောင်းမကြီးအတွင်းသို့ စီးဝင်သွားခြင်းဖြစ်သည်။ ယခုအခါ တံတားများ၏ အလယ်တိုင်များဖယ်ရှားလိုက်ပြီး ရေလမ်းကြောင်းရှင်းအောင် တည်ဆောက်ပေးထားပြီးဖြစ်၍ ရေကြီးရေလျှံမှု နည်းပါးသွားမည်ဖြစ်ကြောင်း မြို့နယ်တာဝန်ခံဌာနစုမှူး ဦးသန်းဟုတ်က မြန်မာ့အလင်းသို့ ပြောကြားသည်။ မန္တလေးလမ်း ရေမြောင်းမကြီး အရှည်ပေ ၉၀၀ နှစ်ဖက်ကိုလည်း အောက်ခြေ အကျယ် ၁၀ ပေ၊ အနက် ၁၀ ပေအထိပြန်လည်ပြုပြင်တည်ဆောက်ထားကြောင်း သိရသည်။ စည်းကမ်းမဲ့သူများ မြောင်းထဲသို့ အမှိုက်စွန့်မပစ်နိုင်ရန် မြောင်းပေါင်ဘေးတစ်လျှောက် ခြံစည်းရိုးများ ခတ်သွားမည်ဖြစ်ကြောင်းလည်း သတင်းရရှိသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## သွေးချင်းတို့ဌာနေရတနာမြေမှ စာအုပ်မိတ်ဆက်



တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုများ၊ ဓလေ့ထုံးစံများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ ယဉ်ကျေးမှု အမွေအနှစ်များနှင့် သဘာဝအလှအပများကို ထူးထူးခြားခြားစိတ်ဝင်စားဖွယ်ရာဖြစ်အောင် ကိုယ်တိုင်လေ့လာမှတ်တမ်းတင်ရေးသားထားသော သွေးချင်းတို့ဌာနေ ရတနာမြေမှ ကိုယ်တွေ့ခရီးသွားမှတ်တမ်းစာအုပ်ထွက်ရှိလာသည်။

အဆိုပါ စာအုပ်တွင် ၂၁ ရာစု၌ ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ချင်းတိုင်းရင်းသူများ၏ ပါးမည်း(ပါးရဲ)ထိုးခဲ့ရသည့်ဘဝနှင့်အကြောင်း၊ တိုင်းရင်းသားလူမျိုးများအကြောင်း သုတေသနလုပ်ကိုင်နေသူများအတွက် အထူးသင့်လျော်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# အမျိုးသမီးရေးရာ ယဉ်ကျေးမှုဆိုင်ရာဟောပြော

**နေပြည်တော် ဧပြီ ၁၀**

နယ်စပ်ရေးရာ ဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့က ယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲကို ဧပြီ ၉ ရက် နံနက် ၉ နာရီက အဆိုပါ ဝန်ကြီးဌာနစုပေါင်းခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြင့်မြင့်စိုးနှင့် ဒေါ်ခင်လေးမြင့်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသင်းသင်းမွန်က ယဉ်ကျေးမှုနယ်ချဲ့ခြင်းအန္တရာယ်နှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်ငြိမ်းအေးက မြန်မာအမျိုးသမီးများနှင့် မြန်မာ့ယဉ်ကျေးမှုအကြောင်းတို့ကို ဟောပြောကြသည်။ယင်းနောက် အဖွဲ့နာယက ဒေါ်မြင့်မြင့်စိုးကဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့သို့ ငွေကျပ် ၁၀ သိန်းစီပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ညောင်ဦး၌ခိုင်းနွားများ ဝမ်းပျက်ဝမ်းလျှောကုသ

**ညောင်ဦး ဧပြီ ၁၀**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်များအတွင်း တောင်သူများ၏နွားများ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်နေမှုကို ခရိုင်အထူးအဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် ညောင်ဦးခရိုင် တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ကုသရေးဦးစီးဌာနသို့ ညောင်ဦးမြို့နယ် ရွာသာအေးကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြံအောင်၏ သတင်းပေးပို့ချက်အရ ညောင်ဦးခရိုင်တိရစ္ဆာန်ကုသရေးနှင့် ကာကွယ်ရေးဆရာဝန်ဒေါက်တာဒေါ်ရွှေမိနှင့် လက်ထောက်ဆရာဝန်ဒေါက်တာတင်မောင်လတ်တို့ ခေါင်းဆောင်၍ နွားများဝမ်းပျက်ဝမ်းလျှောဖြစ်နေသည်ကို ကာကွယ်ခြင်းလုပ်ငန်းနှင့် ကုသခြင်းလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ပေးခဲ့ကြသည်။

တိရစ္ဆာန်များ၏ အညစ်အကြေးစွန့်ရာနေရာများကို ဆေးများဖျန်းပေးခြင်း၊ တိရစ္ဆာန်ဝမ်းပျက်ဝမ်းလျှောဖြစ်နေမှုကို ဓာတ်ဆားတိုက်ကျွေးခြင်း၊ ရေမကြာခဏတိုက်ပေးခြင်း၊ နွားများ၏အနေအထိုင်အစားအစာကျွေးမွေးမှု ပြုပြင်ပြောင်းလဲပေးရန် နည်းစနစ်များကို ကျေးလက်နေပြည်သူများအား ပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့မှတစ်ဆက်တည်း ညောင်ဦးမြို့နယ် ယဉ်ဆန်းကျေးရွာ၊ ပျော့ကန်ကျေးရွာများတွင် ဆက်လက်၍ အချိန်နှင့်တစ်ပြေးညီ ကာကွယ်ခြင်း၊ ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **ကျော်ငွေး**

ပြည်တွင်းသတင်း

## ကျောက်မဲ၌ မိုးပွင့်(၅) စီမံချက်ဆောင်ရွက်

**ကျောက်မဲ မေ ၁၀**

ကျောက်မဲမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာနက ကျောက်မဲမြို့နယ်အတွင်းရှိ အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိသူများကို မိုးပွင့်အဆင့်(၅) စီမံချက်ဖြင့် ကျေးရွာအုပ်စုများသို့ မတ် ၇ ရက်က ကွင်းဆင်းသွားရောက်ကာ နားခေါ်ရွာနှင့် လွယ်ခေါ်ရွာတို့တွင် မြို့နယ်ဦးစီးမှူး ဦးအောင်သွင်ဦး ခေါင်းဆောင်သောအဖွဲ့က နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသော ရွာသူရွာသား ၁၁၁ ဦးတို့အား နေ့ချင်းပြီး ထုတ်ပေးခဲ့ကြောင်း သိရသည်။ **(၀၉၀)**

**မီးဖိုမီး**
**အခြားမီး**
**သုံးပြီးသတိ**
**အမြဲရှိ**

## ယာဉ်ကြောကြန့်ကြာမှုမရှိဘဲ အချိန်တိုအတွင်း သွားလာနိုင်မည့် လှည်းတန်းခုံးကျော်တံတား

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံတွင် တည်ဆောက်လျက်ရှိသော လှည်းတန်းခုံးကျော်တံတားကြီးကို မေ ၁၀ ရက် နံနက် ၆နာရီမှ စတင်ကာ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ နိုင်ရန်အတွက် ဖွင့်ပေးလိုက်ပြီဖြစ်သည်။

ရန်ကုန်-အင်းစိန်လမ်း၊ ပြည်လမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ လှည်းတန်းလမ်းစသော လမ်းငါးခွဆုံရာ လှည်းတန်းလမ်းဆုံသည် ယခင်က ယာဉ်ကြောပိတ်ဆို့မှုကြောင့် ခရီးသွားပြည်သူများအတွက် စောင့်ဆိုင်းရချိန် အကြာဆုံးနေရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ တံတားကြီးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ စီစဉ်မှုဖြင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

တံတားအမျိုးအစားမှာ သံမဏိရက်မနှင့် သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး တံတားအရှည်မှာ ၂၅၀၇ ပေဖြစ်သည်။ အုတ်မြစ်မှာ သံကူကွန်ကရစ် လွန်တူးဘိုးပိုင် အမျိုးအစားဖြစ်ကာ တံတားအပေါ်ထည်တွင် သံမဏိရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်း၊ လက်ရန်းများဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

တံတားအကျယ်မှာ ပေ ၅၀ ၈ လက်မနှင့် လေးလမ်းသွားဖြစ်ပြီး ယာဉ်သွားလမ်းမှာ ၄၄ ပေ ၈ လက်မ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိပြီး တံတားအောက်ကင်းလွတ်အမြင့်မှာ ၁၈ ပေဖြစ်သည်။ ယာဉ် တစ်စီးချင်းခွင့်ပြုတန်မှာ တန် ၆၀ ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် စုစုပေါင်းမှာ ၉၈ ပေ ၈ လက်မဖြစ်ကြောင်း သိရသည်။ မေ ၁၀ ရက် နံနက်ပိုင်းက လှည်းတန်းလမ်းဆုံရှိ ရန်ကုန်-ပြည်လမ်းမကြီးပေါ်တွင် ခုံးကျော်တံတားကြီးတစ်စင်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့် မော်တော်ယာဉ်နှင့် ခရီးသွားပြည်သူများ ယာဉ်ကြောကြန့်ကြာမှု မရှိတော့ဘဲ အချိန်တိုအတွင်း ဖြတ်သန်းသွားလာနိုင်ကြတော့မည်ဖြစ်သည်။ **(၁၆၃)**

## ယာဉ်စီးခ ပိုမိုတောင်းခံမှု အရေးယူ

**ရန်ကုန် မေ ၁၀**

မထသ(အဝေးပြေး) ဒဂုံ-ဧရာ အဝေးပြေးယာဉ်လိုင်းမှ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုအဖွဲ့ဝင်များသည် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စီးခရီးသည်များ သက်သောင့်သက်သာ ခရီးသွားလာနိုင်ရေးနှင့် သတ်မှတ်ယာဉ်စီးခထက် ပိုမိုမတောင်းခံရေး၊ သတ်မှတ်စည်းကမ်းနှင့်အညီ ယာဉ်ပြေးဆွဲရေးတို့ကို နေ့စဉ်စစ်ဆေးကြပ်မတ်လျက်ရှိသည်။ အဆိုပါအဖွဲ့သည် မေ ၇ ရက် နံနက် ၉ နာရီက လှိုင်သာယာမြို့နယ်ရှိ ဒဂုံ-ဧရာ အဝေးပြေးယာဉ်ဂိတ်မှ ရန်ကုန်-လေးမျက်နှာသို့ ထွက်ခွာသည့် ယာဉ်လိုင်းမှ ယာဉ်တစ်စီးအား ခရီးသည်တစ်ဦးလျှင် မူလသတ်မှတ်နှုန်း ငွေကျပ် ၃၀၀၀ အစား ငွေကျပ် ၆၅၀၀ တောင်းခံထားမှုနှင့် ရန်ကုန်-မြောင်းမြသို့ ထွက်ခွာမည့် ယာဉ်လိုင်းမှ ယာဉ်တစ်စီးအား ခရီးသည်တစ်ဦးလျှင် မူလသတ်မှတ်နှုန်း ငွေကျပ် ၃၀၀၀ အစား ငွေကျပ် ၅၀၀၀ တောင်းခံထားမှုတို့ကို စစ်ဆေးတွေ့ရှိရသဖြင့် သတ်မှတ်စည်းကမ်းနှင့်အညီ အရေးယူခဲ့ကြောင်း သိရသည်။ **မွန်လေး**

## ပြည်တွင်းသတင်းပဒေသာ

### ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

မြန်မာဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင်ဂေါက်သီးရိုက်အားကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူး၍ " YCDC Cup Summer Golf Championship 2013" Presented by Dagon Beverages ကို မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် ၂၀၁၃ ခုနှစ် မေ ၂၅ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။ ဂေါက်သီးရိုက်အားကစားသမားများသည် မေ ၂၃ ရက်နောက်ဆုံးထား၍ မြို့တော်ဂေါက်ကွင်း ဖုန်း-၀၉-၇၃၂၀၉၆၀၀ သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ **မောင်ကျော်**

### ပူတာအို၌ အသိပညာပေး ဟောပြောပွဲကျင်းပ

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် မူလာရှီးဒီအုပ်စု မူလာရှီးဒီကျေးရွာ မူလာရှီးဒီကြိုးတံတား ရှင်းလင်းဆောင်ခန်းမ၌ ပြည်သူများအား အသိပညာပေးဟောပြောပွဲကို မတ် ၃၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသိန်းဝင်းက ကျန်းမာရေးနှင့်ပတ်သက်၍ သိကောင်းစရာများအကြောင်း၊ မြို့နယ်ရဲမှူး ဦးသာဇော်က လမ်း/ယာဉ်စည်းကမ်း၊ မူးယစ်ဆေးဝါး၊ လူမှောင်ခိုကူးမှုများအကြောင်း၊ သားငှက်ထိန်းသိမ်းရေးအုပ်ချုပ်ရေးမှူး ဦးသိန်းလွင်က ခါကာဘိုအမျိုးသားဥယျာဉ်ထိန်းသိမ်းမှုအကြောင်းနှင့် မွေး/ကု ဦးစီးဌာနမှူး ဒေါက်တာဝင်းမော်က တိရစ္ဆာန်များ ရောဂါမဖြစ်ရေးအတွက် ကာကွယ်ရမည့်နည်းလမ်းများအကြောင်း ဟောပြောကြသည်။

**(ခရိုင် ပြန်/ဆက်)**

### နမ့်ဆန်မြို့သောက်သုံးရေရရှိရေး ရှာဖွေဆောင်ရွက်

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နမ့်ဆန်မြို့သည် ပင်လယ်ရေမျက်နှာပြင်ထက် ပေ ၅၃၃၂ အမြင့်၌တည်ရှိပြီး နွေရာသီတွင်သောက်သုံးရေရှားပါးမှုကြုံတွေ့ခဲ့ရသည်။ ယခုနှစ်နွေရာသီ၌ မြို့လူထုသောက်သုံးရေအတွက် စိမ့်စမ်းရေရရှိမှုနည်းပါးခြင်းကြောင့် ပိုမိုအခက်အခဲတွေ့ကြုံခဲ့ရကြောင်း သိရသည်။ မြို့လူထုသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော မြို့မိမြို့ဖများသည် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ စိမ့်စမ်းရေပိုမိုဖြည့်တင်းရရှိရန် ဆောင်ရွက်လျက်ရှိကြသည်။

သစ်ပင်စိုက်ပျိုးမှုနည်းပါးပြီး သစ်ပင်များ စည်းကမ်းမဲ့ ခုတ်လှဲခြင်းတို့ကြောင့် စိမ့်စမ်းရေရှားပါးလာခြင်းဖြစ်ကြောင်း သစ်ပင်များအသစ်စိုက်ပျိုးခြင်းနှင့်ရှိပြီးသစ်ပင်များကို စည်းကမ်းမဲ့ ခုတ်လှဲခြင်းတို့အပေါ် ပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရေရရှိရေးအတွက် တာဝန်ယူဆောင်ရွက်နေသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်က ရှင်းလင်းပြောကြားခဲ့သည်။ **သီပေါကိုလတ်**

## ၄-၄-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးအောင်မြင့် (ရတနာမြိုင်ဆောက်လုပ်ရေး)၏ တရားလွှတ်တော်ရှေ့နေ ဦးသိန်းစော၏ ကြေညာခြင်းနှင့်စပ်လျဉ်း၍ ဦးအောင်မြင့်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ဦးအောင်မြင့်နှင့် ကျွန်ုပ်တို့သည် အများသိစေရန် ကြေညာခြင်းတွင်ပါရှိသော မြေကွက်အမှတ် (B,C,D)ကို ၅-၁၁-၂၀၁၁ ရက်တွင် နှစ်ဦးသဘောတူမြေကွက် အရောင်းအဝယ်စရန်ပေး ကတိစာချုပ် ချုပ်ဆိုရာ၌လည်းကောင်း၊ ကျန်နောက်ဆက်တွဲ စရန်ပေးကတိစာချုပ်များဖြစ်သည့် (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)နှင့် နောက်ဆုံးစရန်ပေးစာချုပ်ဖြစ်သည့် ၁၆-၁၀-၂၀၁၂ ရက်တွင် ချုပ်ဆိုသည့် စရန်ပေးကတိစာချုပ် ချုပ်ဆိုရာ၌လည်းကောင်း၊ ဦးအောင်မြင့်အား ယင်းမြေကွက်များကို လက်ရောက်ပေးအပ်ထားပါမည်ဟုလည်းကောင်း၊ လက်ရောက်ပေးအပ်ထားခဲ့ပါသည်ဟုလည်းကောင်း လုံးဝဖော်ပြချုပ်ဆိုထားခဲ့ခြင်းမရှိပါ။ ထို့ပြင် ငွေအကျေပေးချေခြင်း မရှိသေးသည့်အတွက်လည်း လက်ရောက်ပေးခဲ့ခြင်းမရှိပါ။

ဦးအောင်မြင့်သည် အဆိုပါမြေကွက်များအား ဝယ်ယူရန်အတွက် စရန်ငွေပေးချေစဉ်အချိန်ကပင် ယင်းမြေကွက်များသည် ကျွန်ုပ်တို့၏လက်ဝယ်တွင်မရှိဘဲ ကျူးကျော်နေထိုင်သူများ၏ လက်ဝယ်တွင်ရှိသောမြေကွက်များဖြစ်ကြောင်း သိရှိပြီးဖြစ်ပါသည်။ ယင်းမြေကွက်ပေါ်တွင် ကျူးကျော်နေထိုင်သူများမရှိပါက ယခုအရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးထက်အဆပေါင်းများစွာ တန်ဖိုးရှိသည်ကို ဦးအောင်မြင့်သိရှိပြီးမှ ၄င်း၏သဘောဆန္ဒအလျောက် ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။

ဦးအောင်မြင့်သည် မြေကွက်ဖိုးစရန်ငွေအဖြစ် စုစုပေါင်းငွေ ၂၀၀၀၀၀၀၀၀ိ/- (ကျပ်သိန်းပေါင်းနှစ်ထောင်တိတိ) ပေးချေပြီးသည့်အချိန်တွင် ကျွန်ုပ်တို့ရောင်းချသူများအား အသိပေးခြင်းမရှိဘဲ ၄င်း၏ရှေ့နေ ဦးသိန်းစောမှ ၃-၆-၂၀၁၂ ရက်ထုတ် ကြေးမုံသတင်းစာတွင် ကျွန်ုပ်တို့ထံမှ ဦးအောင်မြင့်သည် ဝယ်ယူထားပြီးဖြစ်ပါသည်ဟု အများသိစေရန် မမှန်မကန်ဖော်ပြကြေညာခဲ့ရာ ဦးအောင်မြင့်၏ ၃-၆-၂၀၁၂ ရက် ကြေညာချက်အား ယင်းမြေကွက်ပေါ်တွင် နေထိုင်သူ (၁၀)ဦးတို့၏ လွှဲအပ်ချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်သက်နှင်းဦးနှင့် အထက်တန်းရှေ့နေ ဦးစောဖရီတန်တို့က ၁၄-၆-၂၀၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြန်လည်ကြေညာခဲ့သည့်အချက်များအရ ဦးအောင်မြင့်သည် ကျွန်ုပ်တို့အား မြေကွက်ဖိုးငွေ အပြေအကျေမပေးချေရသေးဘဲ ပေးချေပြီးသယောင်မမှန်မကန် လိမ်လည်ကြေညာခဲ့ခြင်းဖြစ်သည့်အပြင် ယင်းမြေကွက်ပေါ်တွင် ကျူးကျော်နေထိုင်သူများရှိကြောင်းသိရှိလျက်နှင့် ဝယ်ယူခဲ့ခြင်းသာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပြီးဖြစ်ပါသည်။

ကျွန်ုပ်တို့နှင့် ဦးအောင်မြင့်တို့ ချုပ်ဆိုထားသော စရန်ပေးကတိစာချုပ်များတွင် ဦးအောင်မြင့်သို့ ကျွန်ုပ်တို့ရောင်းချသူများက မြေကွက်များ လက်ရောက်လွှဲပြောင်းပေးအပ်ရန် ဆောင်ရွက်ပေးပါမည်ဟူ၍လည်းကောင်း၊ တာဝန်ယူပါမည်ဟူ၍လည်းကောင်း လုံးဝဖော်ပြချုပ်ဆိုထားခြင်းမရှိခဲ့ပါ။ ကျွန်ုပ်တို့ ရောင်းချသူများအား မြေကွက်ဖိုးငွေများ အပြေအကျေပေးချေခြင်းမပြုမီ မိမိ၏မတော်လောဘကြောင့် ယင်းမြေကွက်ပေါ်တွင် နေထိုင်သူများအား အကုန်အကျခံ၍ ဖြေရှင်းခြင်းကိစ္စသည် ဦးအောင်မြင့်၏ ကိစ္စသာဖြစ်ပြီး ကျွန်ုပ်တို့ ရောင်းချသူများအနေဖြင့် သိရှိခြင်းမရှိသကဲ့သို့ မည်သို့မျှ သက်ဆိုင်ခြင်းလည်းမရှိပါ။ ယင်းကဲ့သို့ ကျွန်ုပ်တို့အား ငွေအပြေအကျေ ပေးချေခြင်းမပြုဘဲ ဦးအောင်မြင့်၏ သဘောဆန္ဒအလျောက် မြေကွက်များအား လက်ရောက်ရယူထားသည် ဆိုခြင်းမှာလည်း ဥပဒေနှင့်ဆန့်ကျင်ပြီး တရားမဝင်ရယူထားသော ကိစ္စသာဖြစ်သဖြင့် မည်သူက ဥပဒေနှင့်အညီ ပိုင်ဆိုင်ခွင့်ရှိမည်ဆိုခြင်းကို တရားဥပဒေနှင့်အညီ အဆုံးအဖြတ်ခံယူရမည့်ကိစ္စသာလျှင် ဖြစ်ပါသည်။

ဦးအောင်မြင့်သည် စာချုပ်ပါ စည်းကမ်းချက်များအရ ၁၅-၁၂-၂၀၁၂ရက်တွင် ကျန်ငွေပေးချေရန် ပျက်ကွက်သည့်အပေါ် ဖုံးကွယ် ရောင်လွှဲလိုသောသဘောဖြင့် ကျွန်ုပ်တို့အား တိမ်းရှောင်နေကြောင်း ကြေညာချက်တွင် ဖော်ပြထားသော်လည်း ကျွန်ုပ်တို့သည် ကျန်ငွေလက်ခံယူရန် ရှောင်တိမ်းနေခြင်း မရှိကြောင်းနှင့် ဦးအောင်မြင့်က စာချုပ်ပါအတိုင်း ကျန်ငွေပေးချေပါက ကျွန်ုပ်တို့အနေဖြင့် စာချုပ်ပါ စည်းကမ်းချက်အတိုင်း လုပ်ဆောင်ပေးရမည့်ကိစ္စအဝဝကို ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း ကျွန်ုပ်တို့တွင် ခိုင်လုံသောသက်သေအထောက်အထားများ ရှိနေပါသည်။ ဦးအောင်မြင့်အနေဖြင့် ကျန်ငွေပေးချေရန် ပျက်ကွက်ခဲ့သည့်အပေါ် ရိုးသားစွာဖြင့် တောင်းပန်ညှိနှိုင်းရမည့်အစား ဦးအောင်မြင့်၏သားဖြစ်သူမှ ကျွန်ုပ်တို့အား တယ်လီဖုန်းဖြင့် ရိုင်းပျစွာ ပြောဆိုဆက်ဆံခဲ့သည့်အတွက် ကျွန်ုပ်တို့အနေဖြင့် မလွဲမရှောင်သာ စာချုပ်ပါ စည်းကမ်းချက်အတိုင်း ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ပါသည်။

ဦးအောင်မြင့်အား အထူးသိစေအပ်သည်မှာ ကျွန်ုပ်တို့သည် ဘာသာတရား၏ အဆုံးအမအောက်တွင် နေထိုင်သူများဖြစ်ပြီး အမှန်တရားကို ယုံကြည်မြတ်နိုး ကိုးကွယ်သူများ ဖြစ်ပါသည်။ ဦးအောင်မြင့်အနေဖြင့် မိမိ၏ပျက်ကွက်မှုအပေါ် ဖုံးကွယ်၍ အမှန်တရားကို မျက်ကွယ်ပြုကာ မမှန်မကန် ကြေညာနေမည့်အစား အမှန်တရားကို ရင်ဆိုင်နိုင်ရန်အတွက် တည်ဆဲဥပဒေများနှင့်အညီ အမြန်ကျွန်ုပ်တို့အနေဖြင့် ရင်ဆိုင်ဖြေရှင်းရန် အဆင်သင့်ရှိပါကြောင်းနှင့် ဦးအောင်မြင့်၏ ၄-၄-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာပါ ကြေညာချက်သည် ပကတိဖြစ်ရပ်မှန်များကို ဖုံးကွယ်ပြီး မမှန်မကန်ဖော်ပြထားသော ကြေညာချက်သာလျှင် ဖြစ်ပါကြောင်း ဦးအောင်မြင့်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

| ဦးအာသာစန်း | ဒေါ်စန္ဒီစန်း | ဒေါ်နွယ်နီစန်း |
|---|---|---|
| ၁၂/ဒဂန(နိုင်)၀၁၃၅၁၂ | ၁၂/ဗဟန(နိုင်)၀၆၇၁၀၆ | ၁၂/အလန(နိုင်)၀၃၂၇၈၉ |


## ပုလဲရတု လက်ထပ်မင်္ဂလာဆုမွန်လွှာ

ချစ်ပကြီး ဗိုလ်မှူးစဒေးဗစ် (ရေ) (ငြိမ်း)၊ (Pilot Westports Malaysia)နှင့် ချစ်မေကြီး ဒေါ်ခင်အေးနွယ်တို့၏ ၁၁-၄-၂၀၁၃ ရက်တွင် ကျရောက်သော နှစ်(၃၀)ပြည့် ပုလဲရတုလက်ထပ်မင်္ဂလာမှသည် ရွှေရတု၊ စိန်ရတုများတိုင်ချစ်သော သားသမီးများနှင့်အတူ ဘုရားသခင်ထံမှ ကြွယ်ဝသော ကောင်းချီးမင်္ဂလာများဖြင့် ကျန်းမာရွှင်လန်းစွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်သမီးကြီး - ကေခိုင်ဦး**
**(DA; UK), (BPS;YIE)**
**ချစ်သမီးလတ် - ပွင့်မွန်သိန်း**
**(IDCS; UK)(Biz IT, Coventry; UK)**
**ချစ်သမီးငယ် - မေနွယ်သိန်း**
**(B.A; Eng)**
**ချစ်သားထွေး - အောင်ဇေယျ (ခ) ရှဲရှဲ**
**(2nd MB, IM 1)**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်မိုးဦး ၉/နထက(နိုင်)၁၆၀၁၀၈၏နိုင်ငံကူးလက်မှတ် အမှတ် MA-၀၇၆၃၂၂ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၀၇၀၇၀၉**

### ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးမြသိန်း (ဘ)ဦးသာဒွန်း၏ မြန်မာနိုင်ငံကူးလက်မှတ် No- ၇၂၂၄၉၉မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၅၄၂၈၇**

### ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်ခင်တင့် (ဘ) ဦးစိန်၏ မြန်မာနိုင်ငံကူးလက်မှတ် No - ၇၂၂၅၀၁ မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၅၄၂၈၇**

### ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဝင်းဇော်သက် (ဘ)ဦးဇော်ညွှန့်၏ မြန်မာနိုင်ငံကူးလက်မှတ် No- ၈၄၇၉၀၇မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၂၉၉၄၃**

ကြော်ငြာ


မြန်မာနိုင်ငံ၏ ပထမဆုံးအမျိုးသားအများပိုင် ဆက်သွယ်ရေး ကုမ္ပဏီလီမိတက်

MYANMAR TELECOMMUNICATION NETWORK (PUBLIC) CO., LTD
www.mtnpcl.com

ဆက်သွယ်ရေးလုပ်ငန်းကို အများပိုင်နိုင်ရန် အစုရှယ်ယာများကို
စတင်ထုတ်ဝေရောင်းချလျက် ရှိနေပါပြီ

Invest In MTN
စုစုပေါင်းရှယ်ယာရင်းနှီးငွေ
ကျပ် (၁၀၀) ဘီလီယံအနက်မှပထမဆုံး
ကျပ်(၁၀)ဘီလီယံဖိုး
ရှယ်ယာများ ထုတ်ဝေရောင်းချလျက်ရှိပါပြီ
အနာဂတ်အတွက် စိတ်ချရသော ရင်းနှီးမြှုပ်နှံမှုမျိုး
ဖြစ်သဖြင့် MTN ရှယ်ယာများကို
စိတ်ချလက်ချဖြင့်
အစုရှယ်ယာတစ်စုလျှင်
(၁၀၀၀၀)ကျပ်
ဖြင့် ၂၄-၄-၂၀၁၃ရက်နေ့မှ
စတင်၍ဝယ်ယူနိုင်ပါပြီ

- မြန်မာတစ်နိုင်ငံလုံး ဆက်သွယ်ရေး ကွန်ယက်လွှမ်းခြုံနိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် MIC ၏ ခွင့်ပြုချက်ဖြင့် မြန်မာတစ်နိုင်ငံလုံးသို့ ဆက်သွယ်ရေး အခြေခံအဆောက်အအုံများ၊ တည်ဆောက် လုပ်ကိုင်မည်ဖြစ်ပါသည်၊ အစိုးရ၏ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်းများ ကိုလည်း တိုးချဲ့ဆောင်ရွက်သွားမည်လည်း ဖြစ်ပါသည်၊
- အဖိုးနှုန်းချိုသာစိတ်ချရသည့် 3G နှင့် 4G Mobile Phone ဆက်သွယ်ရေးလုပ်ငန်းများ
- Internet Service Provider (ISP) လုပ်ငန်းများ
- Voice Over IP (VOIP) လုပ်ငန်းများ
- TV အပါအဝင် Broadcasting လုပ်ငန်းများ
- International Roaming နှင့် International Call လုပ်ငန်းများ

မြန်မာနိုင်ငံ၏ဆက်သွယ်ရေးဆောင်ရွက်မှုအရည်အသွေးကောင်းမွန်အောင်ကြိုးပမ်းရင်းဖြင့် မိမိ၏အနာဂတ်ကိုပါအောင်မြင်စေရန် MTN ရှယ်ယာများကိုဝယ်ယူရင်းနှီးမြှုပ်နှံကြပါစို့.
ဝယ်ယူရန်လျှောက်လွှာများကိုအောက်ဖော်ပြပါထွန်းဖောင်ဒေးရှင်းဘဏ် / ဘဏ်ခွဲ၊ သမဝါယမဘဏ် / ဘဏ်ခွဲ၊ ပထမပုဂ္ဂလိကဘဏ်၊ / ဘဏ်ခွဲများတွင်လည်းဆက်သွယ်ရယူနိုင်ပါပြီ

ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်

သမဝါယမဘဏ်

ပထမပုဂ္ဂလိကဘဏ်လီမိတက်

MYANMAR TELECOMMUNICATION NETWORK (PUBLIC) CO., LTD
Junction Square, Building (8), 4th Floor, Kamayut Township, Yangon, Myanmar.
Tel : (Off.) 95-1-2305523, 2305524, Fax : 95-1-2305524 Email: office@mtnpcl.com URL: www.mtnpcl.com

နိုင်ငံတကာအားကစားသတင်း

# ကမ္ဘာ့ဖလားနှင့်ဆုကြေးငွေ သန်း ၄၀

**ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွေကို တာဝန်ယူကျင်းပပေးနေတဲ့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က လာမယ့် ၂၀၁၄ ခုနှစ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဗိုလ်စွဲမယ့်အသင်းကို အမေရိကန်ဒေါ်လာ သန်း ၄၀ ပေးမယ်လို့ဆိုထားပါတယ်။**

ဒီငွေကြေးပမာဏဟာ ကမ္ဘာ့ဖလားပွဲသမိုင်းတစ်လျှောက်မှာတော့ အမြင့်ဆုံး ဆုကြေးငွေဖြစ်ပါတယ်။ ဖီဖာဟာရရှိတဲ့ရန်ပုံငွေတွေရဲ့ အနည်းအများအလိုက် ဗိုလ်စွဲတဲ့အသင်း၊ ဒုတိယဆု၊ တတိယဆုရရှိတဲ့ အသင်းတွေကို ဆုကြေးငွေပေးနေခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ် တောင်အာဖရိကကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာတော့ ဗိုလ်စွဲခဲ့တဲ့အသင်းကို အမေရိကန်ဒေါ်လာသန်း ၃၀၊ ဒုတိယရရှိတဲ့အသင်းကို အမေရိကန်ဒေါ်လာ ၂၄ သန်းနဲ့ နောက်ဆုံးဗိုလ်လုပွဲစဉ်တွေအထိပါဝင်ဆင်နွှဲခဲ့ကြတဲ့ ဘောလုံးတစ်သင်းစီကို ဆုကြေးငွေ အမေရိကန်ဒေါ်လာ တစ်သန်းစီပေးခဲ့ကြပါတယ်။

ဒါ့အပြင် ကလပ်အသင်းတွေက ဘောလုံးသမားတွေအတွက် မိခင်နိုင်ငံကိုယ်စားပြုဘောလုံးအသင်းတွေမှာ ပါဝင်ကစားတဲ့အတွက် ဆုကြေးငွေအဖြစ် တစ်နေ့ကို အမေရိကန်ဒေါ်လာ ၁၆၀၀ ပေးခဲ့ပါတယ်။ ဒီလိုပေးဖို့အတွက်လည်း သက်ဆိုင်ရာကလပ်၊ ဘောလုံးသမားတွေရဲ့ မိခင်နိုင်ငံဘောလုံးအဖွဲ့ချုပ်နဲ့ ဖီဖာတို့က သဘောတူခဲ့ကြပါတယ်။ ဒါကလည်း ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ် တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ဖြစ်ပါတယ်။

အဲဒီဆုကြေးငွေတွေပေးနိုင်မှုဟာ ၂၀၀၆ ခုနှစ်ကစပြီး အခုအချိန်အထိ ဆုကြေးငွေပေးနိုင်မှု ၆၁ ရာခိုင်နှုန်း တိုးမြင့်လာတာဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ်က ဂျာမနီနိုင်ငံမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဖီဖာရဲ့ ကမ္ဘာ့ဖလားပွဲအတွက် ရန်ပုံငွေအမေရိကန်ဒေါ်လာ ၂ ဒသမ ၃၄၅ ဘီလီယံကို ခွဲဝေခဲ့တာနဲ့ နှိုင်းယှဉ်ရင် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဖီဖာရဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ ရန်ပုံငွေဟာ ၃၆ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့တာဖြစ်ပါတယ်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွေကို တဖြည်းဖြည်းတိုးတက်ကောင်းမွန်အောင် ကြိုးစားနေတဲ့ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ဥက္ကဋ္ဌ ဆပ်ဘလတ္တာက ကမ္ဘာ့ဖလားမှာ ဗိုလ်စွဲမယ့် ဘောလုံးအသင်းကို ဆုကြေးငွေ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ပေးသွားဖို့ ဆောင်ရွက်သွားမယ်လို့ ဆိုထားပါတယ်။

၂၀၁၄ ခုနှစ် ဘရာဇီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အမေရိကန်ဒေါ်လာ ငါးဘီလီယံ သုံးစွဲဖို့ရှိတာမို့ အောင်မြင်မှုရရှိတဲ့ ဘောလုံးအသင်းတွေကိုဆုကြေးငွေတွေ တိုးမြှင့်ခွဲဝေပေးနိုင်ဖို့ စီစဉ်နိုင်ခြင်းဖြစ်ပါတယ်။ ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ရုပ်မြင်သံကြားထုတ်လွှင့်ခွင့်၊ ကြော်ငြာနဲ့ အားကစားအဝတ်အထည်တွေကနေပြီး ငွေကြေးရရှိမှု၊ စပွန်စာပေးမှုတွေကြောင့် အခုလိုဆုကြေးငွေတွေ ပိုမိုရရှိအောင် စီစဉ်နိုင်ခြင်းဖြစ်ပါတယ်။

ဒီလို နှစ်စဉ်တိုးတက်မှုတွေရှိလာရင်တော့ ရုရှားနိုင်ငံမှာကျင်းပမယ့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွေနဲ့ ၂၀၂၂ ခုနှစ်မှာ ကာတာနိုင်ငံမှာကျင်းပမယ့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွေမှာလည်း ဗိုလ်စွဲမယ့် ဘောလုံးအသင်းတွေအတွက် ဆုကြေးငွေ ထိုက်ထိုက်တန်တန်တိုးမြှင့်ခွဲဝေပေးနိုင်ဖို့ ရှိနေပါတယ်။

ဒါ့ကြောင့် ကမ္ဘာ့ဖလားဗိုလ်စွဲတဲ့ဘောလုံးအသင်းတွေဟာ ဆုကြေးငွေတွေ တဖြည်းဖြည်းနဲ့ ထိုက်ထိုက်တန်တန်ရရှိလာတော့မှာ ဖြစ်တာမို့ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဟာ ပရိသတ်တွေ အများဆုံးစိတ်ဝင်စားအားပေးတဲ့ပွဲအဖြစ် ဆက်လက်တည်ရှိနေဦးမှာ ဖြစ်ပါတယ်။

**မိုးမြင့်လင်းလက်**

## ဒေါ့မွန် အကြိုဗိုလ်လုပွဲတက်

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့အဖြစ် ဒေါ့မွန်နှင့်မာလာဂါတို့ ဧပြီ ၁၀ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားကြရာ ဒေါ့မွန်က သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ဂျာမန်ကလပ် ဒေါ့မွန်က လေလွင့်ချိန်တွင် နှစ်ဂိုးဆက်တိုက်သွင်းယူလိုက်နိုင်သဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ အဝေးကွင်းကစားခဲ့ရသော မာလာဂါက ပွဲချိန် ၂၅ မိနစ်တွင် အဖွင့်ဂိုးသွင်းသည်။ ယင်းဂိုးကို လီဝမ်ဒေါ့စကီးက ပြန်လည်ချေပသည်။ ၈၂ မိနစ်တွင် အယ်လီဆေးက မာလာဂါအတွက် ဂိုးသွင်းယူခဲ့သည်။ မာလာဂါက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေစဉ် ဒေါ့မွန်က လေလွင့်ချိန်တွင် နှစ်ဂိုး ဆက်တိုက်သွင်းယူသွားသည်။

## ဘာလော့တယ်လီ သုံးပွဲပိတ်ပင်ခံရ

အေစီမီလန်တိုက်စစ်မှူး ဘာလော့တယ်လီအား ဖီအိုရင်တီးနားနှင့် ကစားသည့်ပွဲတွင် စကားများရန်ဖြစ်ခဲ့သဖြင့် သုံးပွဲပိတ်ပင်လိုက်သည်။ ၄င်းသည် နာပိုလီ၊ ဂျူဗင်တပ်စ်နှင့် ကာတာနီးယားတို့နှင့် ကစားမည့်ပြိုင်ပွဲများနှင့်လွဲချော်မည်ဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီအတွင်း ကလပ်နှင့်နိုင်ငံအသင်းအတွက် ၁၀ ဂိုး သွင်းထားသည်။

## ရီးရဲတို့ရှုံးသော်လည်း အကြိုဗိုလ်လုပွဲတက်

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲအဖြစ် ဂါလာတာစာရေးနှင့် ရီးရဲမက်ဒရစ်တို့ ယှဉ်ပြိုင်ကစားကြရာ ရီးရဲမက်ဒရစ်က သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်သွားသည်။ သို့သော်လည်း ရီးရဲမက်ဒရစ်တို့ နှစ်ကျော့ပေါင်း ငါးဂိုး- သုံးဂိုးဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားသည်။ရီးရဲမက်ဒရစ်အတွက်နှစ်ဂိုးစလုံးကို တောင်ပံကစားသမား စီရိုနယ်ဒိုက သွင်းယူသွားသည်။ ဂါလာတာစာရေးအတွက် ဂိုးများကို အီဘိုရေး၊ ရှနိုက်ဒါနှင့် ဒရော့ဘာတို့က သွင်းယူခဲ့ကြသည်။ မော်ရင်ဟိုအနေဖြင့် ယခုနှစ်ရီးရဲမက်ဒရစ်ကို ချန်ပီယံလိဂ်ဖလား ဆွတ်ခူးပေးနိုင်ပါက ကလပ်သုံးခုတွင် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်သည့် နည်းပြဖြစ်လာမည်ဖြစ်သည်။

**ကောင်းမြတ်သူ - ရေးသားသည်**

## အားကစားသတင်း အတိုအထွာ

**မောင်ချစ်ကြည်**

☆ မန်ယူတိုက်စစ်မှူး ဟာနန်ဒက်ဇ်အား ရောင်းချမည်မဟုတ်ကြောင်း ရီးရဲမက်ဒရစ်၏ကမ်းလှမ်းချက်ကို မန်ယူက ငြင်းဆိုလိုက်သည်။

☆ ဖီဖာ၏ တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆုသည် စီရိုနယ်ဒိုနှင့် ထိုက်တန်ကြောင်း နည်းပြမော်ရင်ဟိုက ထုတ်ဖော်ပြောကြားသည်။

☆ မက်ဆီသည် ဘောလုံးစွမ်းရည်ပိုင်း၌ မိမိထက်ပိုမိုသာလွန်ကြောင်း အာဂျင်တီးနားမှ ဂန္ထဝင်ဘောလုံးသမား မာရာဒိုနာက ပြောကြားသည်။

☆ ဘရာဇီးတွင် ပါရမီရှိသော ဘောလုံးသမားများရှိသော်လည်း နည်းပြမကောင်းပါက ဖလားရယူရေးအိပ်မက် အကောင်အထည်ဖော်နိုင်မည်မဟုတ်ကြောင်း ဘရာဇီးမီဒီယာများက ဖော်ပြသည်။

☆ ပေါ်တူဂီအသင်းသည် ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုမှတ်တိုင်သစ်ထူရန် ခက်ခဲမည်ဖြစ်ကြောင်း ပေါ်တူဂီမီဒီယာများက ဖော်ပြသည်။

☆ ထိပ်တန်းအသင်းကြီးများ၏ ငွေကြေးသုံးစွဲနိုင်မှုအလိုက် အောင်မြင်မှုရရှိနေသည့် လွှမ်းမိုးမှုမှာ ငြီးငွေ့ဖွယ်ရာကောင်းလာကြောင်း ပရီမီယာလိဂ်နှင့်ပတ်သက်ပြီး အင်္ဂလန်မီဒီယာများက ဖော်ပြသည်။

☆ စပါးအသင်းသည် ငွေကြေးလုံလောက်စွာသုံးစွဲနိုင်ပါက ဖလားရယူနိုင်သည့်အသင်းအဖြစ် အချိန်တိုအတွင်း ရောက်ရှိလာမည်ဖြစ်ကြောင်း နည်းပြဘိုအာ့စ်က ပြောကြားသည်။

☆ အင်တာမီလန်အသင်းတွင် လာမည့်နွေရာသီ၌ ဘောလုံးသမားအသစ်လေးဦး ခေါ်ယူရန်လိုအပ်နေကြောင်း အင်တာမီလန်အသင်း အုပ်ချုပ်သူများက ပြောကြားသည်။

**မင်္ဂလာသီရိ မဟာသတိပဋ္ဌာန်ကျောင်းတိုက်**
**မဟာသင်္ကြန်ရက်အတွင်း ရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဉာဏရပ်ကွက်"မင်္ဂလာသီရိ မဟာသတိပဋ္ဌာန်"ကျောင်းတိုက် ကျေးဇူးတော်ရှင် ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီး "ဘဒ္ဒန္တ ဉာဏစက္က"(ရခိုင်ကျောင်း ဆရာတော်)အား ဦးထိပ်ပန်ဆင်လျက်-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြဲ့ခွာညိုဝါဝါဝင်းအိမ်ရာနေ အလှူ့ဒါယကာ၊ ဒါယိကာမများဖြစ်သော ဦးရွှေဖော်သူ(ခ)ဦးအောင်သူ-ဇနီး ဒေါ်လီဆွေလန့် မိသားစုတို့က မိမိရင်၌ဖြစ်သော သား မောင်စိုးမိုးအောင်အား ရဟန်းခံ၍ တူသားတပည့်များနှင့် ရှင်ရဟန်း ၁၀၈ပါးကို သာသနာ့ ဒါယကာအဖြစ်ခံယူလိုပါ၍ (၁၃၇၄ ခုနှစ် တန်ခူးလဆန်း ၂ ရက်) ၁၂-၄-၂၀၁၃ ရက် (သောကြာနေ့)တွင် "မင်္ဂလာသီရိ မဟာသတိပဋ္ဌာန်"ကျောင်းတိုက်၌ ရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဓမ္မမိတ်ဆွေများအား သာဓုခေါ်ဆိုနိုင်ရန်နှင့် ကျွေးမွေးသော ဘောဇဉ်အာဟာရများကိုလည်း သုံးဆောင်ကြပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။

ဧပြီ-၁၂၊ ၁၃၊ ၁၄ သင်္ကြန်ရက်များတွင် ကျောင်းတိုက်သံဃာများနှင့် ရောက်ရှိလာသော ဧည့်ပရိသတ်များကို ဆွမ်းဘောဇဉ်များ ကျွေးမွေးလှူဒါန်းပါမည်။

အလှူမင်္ဂလာအချိန် ဧပြီ ၁၂ ရက် နံနက် ၇ နာရီမှစတင်ပြီး ၁၀ နာရီအထိ ရဟန်း/သာမဏေ ၁၀၈ ပါးအား သိမ်ဆင်းလောင်းလှူပါမည်။

**အလှူ့ဒါယကာ၊ဒါယိကာမ**
**ဦးရွှေဖော်သူ(ခ)ဦးအောင်သူ-ဒေါ်လီဆွေလန့်**
**မိသားစု**

**မွေးနေ့ဆုတောင်း**

၂၀၁၃ ခုနှစ် ဧပြီ ၁၁ရက်တွင် ကျရောက်သော သမီးလေး သုမြတ်သီရိ၏ (၅)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ် ၁၂၀ တိုင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာနဲ့ ပညာတတ်လူရည်မွန်သမီးမြတ်လေး ဖြစ်ပါစေ။

**ချစ်တဲ့- ဘိုးဘိုး ဦးတိုင်းကျော်**
**ဘွားဘွား- ဒေါ်နန္ဒာဌေး**
**ဖေဖေ- ဦးသီဟဇော်**
**မေမေ- ဒေါ်ခင်နှယ်နီဌေးဝင်း**
**မောင်လေး -ဘုန်းမြတ်သီဟ**

**၂၄ နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း**

ဖေဖေဗိုလ်မှူးချုပ်တင်အောင်ချစ်-မေမေဒေါ်ဥမ္မာလွင်တို့၏ ၁၂-၄-၂၀၁၃ ရက်တွင် ကျရောက်သော ၂၄နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် နိုင်ငံအကျိုး၊ သာသနာ့အကျိုးသယ်ပိုးနိုင်ကြ၍ ထာဝရမိသားစုနှင့်အတူတကွ ပျော်ရွှင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

**နှစ်ဖက်သောမိဘများနှင့်**
**သမီးကြီး- လဲ့မွန်သင်း**
**သား- ဗိုလ်ဘုန်းသန့်ချစ်**
**သမီးငယ်-မြသက်ချစ်**

**(၃၂)နှစ်မြောက် မင်္ဂလာဆုတောင်းလွှာ**

ဖေဖေ ဦးလင်းထွန်းမြင့်(ဌာနမှူး၊ စီမံရေးရာဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ)နှင့် မေမေဒေါ်ခင်ဆွေဝင်း (ဇမ္ဗူကျော် စိန်ရွှေရတနာ)တို့၏ ၁၂-၄-၂၀၁၃ရက်တွင် ကျရောက်သော (၃၂)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှစ၍ နောင်နှစ်ပေါင်းများစွာ ချစ်သောသားသမီးများနှင့် ပျော်ရွှင်သာယာ ချမ်းမြေ့စွာ လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကို သယ်ပိုးနိုင်ပါစေကြောင်း ဆုတောင်းလျက်-

**ချစ်သမီး - ဗိုလ်မှူးအောင်တေဇလွင်-**
**မဖြူသင်းခိုင်(AusAID-DFID)**
**ချစ်သားကြီး - ဒေါက်တာ မျိုးသက်ပိုင်လင်း**
**ချစ်သားငယ် - မောင်မိုးသက်နိုင်လင်း(Final Part II, UM-1)**

**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**

အမှတ် ၁၉၊ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ ရေးမြို့နေ
ဗိုလ်မှူးကြီးထွန်းသန်းအုန်း-ဒေါ်တင်ဥမ္မာတို့၏သားကြီး
**မောင်မြတ်မင်းစိုး (A.G.T.I-MP), B.Sc(phys:)**
**HTOO GROUP OF COMPANIES (နေပြည်တော်)**
**နှင့်**
နေပြည်တော်နေ ဗိုလ်မှူးငွေဇင်(ငြိမ်း) ညွှန်ကြားရေးမှူး
(အခွန်အယူခံခုံအဖွဲ့ရုံး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)-(ဒေါ်ချယ်ရီမွေး)တို့၏သမီးကြီး
**မဆုမွန်လင်း LL.B**
**ဒု-ဦးစီးမှူး၊ နေပြည်တော်ခရိုင်ဥပဒေရုံး**
တို့သည် ၁၀-၄-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရွှေနန်းတော်ဟိုတယ်၌ နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
**နှစ်ဖက်သောမိဘများနှင့်**
**မောင်မြတ်မင်းစိုး-မဆုမွန်လင်း**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၊ မြေကွက်အမှတ် ၃၁၊ မြေကွက်တည်နေရာ ၃၁၊ မင်းနန္ဒာလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးမြဟန်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြဟန်(ဖခင်)၊ ဒေါ်ခင်ကြည် (မိခင်)ကွယ်လွန်သဖြင့် (၁) ဦးအောင်ကျော်ထူး ၁၂/ဒပန(နိုင်)၀၄၂၈၂၉၊ (၂) ဒေါ်မြင့်မြင့်စိန် ၁၂/ဒပန(နိုင်)၀၂၇၉၂၉၊ (၃) ဒေါ်မြင့်မြင့်ဝေ ၁၂/ဒပန(နိုင်)၀၂၆၆၆၃၊ (၄) ဦးခင်မောင်ဇော် ၁၂/ဒပန(နိုင်)၀၂၆၆၆၁ ၎င်း၏ ကိုယ်စား(ဂျပန်သံရုံး၏ ၂၆-၂-၁၂ ရက်စွဲပါစာအမှတ် ၄၄၃/၄၈-၀၁ကိုယ်စားလှယ်လွှဲစာရသူ ဦးအောင်ကျော်ထူး)၊ ဒေါ်ညိုညိုဝင်း ၁၂/ဒပန(နိုင်)၀၂၆၆၆၂တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

**သွေးသည်အသက်**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်တော် ဦးအောင်ကျော်စိုး-ကျွန်မဒေါ်ကြည်ဝင်း တို့၏သား မောင်ဇင်ထူးခန့် ၇/ရတန(နိုင်)၀၁၅၅၇၃သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအတိုင်းပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းကိစ္စနှင့် ပတ်သက်သမျှ ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာလိုက်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**ဦးအောင်ကျော်စိုး-ဒေါ်ကြည်ဝင်း**

# သင်္ကြန်နှစ်ကူး လတန်ခူး ပျော်မြူးဆင်နွှဲ အတာပွဲ

ရိုင်းသာလှိုင် (လိမ္မော်မြေ)

"သင်္ကြန်တာကူး နှစ်ဦးညောင် ရေ၊ စာပလွေခင်း၊ ပဥ္စဇင်းတော်ခံ၊ စာရေးတံနှင့် မြစ်ယံပွဲကြီး ဆီမီးထွန်းချိန်၊ ကထိန်နက်ကျင်း၊ မြင်းခင်းထွက်ဝင်၊ သဘင်မီးပုံး၊ ဂူလုံးသဲပုံ" ဟု ရှေးစာမှတ်တမ်းများတွင် ဖော်ပြထားသည်။ ထိုပွဲတော်များ ကျင်းပရခြင်းသည် အပျော်သဘောမျိုးသက်သက် သာလျှင်မဟုတ်မူဘဲ တိုင်းနိုင်ငံစည်ကားသာယာစေလိုခြင်း၊ ဘာသာသာသနာ ထွန်းကားစေလိုခြင်း၊ မြန်မာတို့၏စစ်ရေးစွမ်းရည် စမ်းသပ်လိုခြင်း စသည့်ရည်ရွယ်ချက်များရှိကြောင်း မှတ်သားဖွယ်တွေ့ရှိရသည်။

ထိုပွဲတော်များထဲတွင် မဟာသင်္ကြန်ပွဲတော်သည် ပျော်စရာအကောင်းဆုံးပွဲတော်ပင်ဖြစ်သည်။ အစဉ်အဆက်ကျင်းပခဲ့သည့် ရိုးရာယဉ်ကျေးမှုပွဲတော်ပင် ဖြစ်သည်။ သင်္ကြန်ဟူသောဝေါဟာရသည် သက္ကတဘာသာသင်္ကြန္တ "သင်္ကြန်" ဖြစ်လာခြင်း ဖြစ်သည်။ လွန်ခဲ့သောနှစ်၏ မိဿရာသီနှစ်ဆန်း ၁ ရက်မှ စတင်ထွက်ခွာခဲ့သော တနင်္ဂနွေနေမင်းကြီးသည် နှစ်၏နောက်ဆုံးလဖြစ်သော မိန်ရာသီကိုကျော်ဖြတ်ပြီး မိဿရာသီသို့ ပြန်လည်ဝင်ရောက် ကူးပြောင်းခြင်းကို သင်္ကြန်ဟုခေါ်ခြင်း ဖြစ်သည်။ ထို့ကြောင့် သင်္ကြန်ဆိုသည်မှာ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။ တစ်နှစ်မှတစ်နှစ်သို့ ကူးပြောင်းသည့်အချိန်အခါဖြစ်ခြင်းကြောင့် မင်္ဂလာရှိစွာဖြင့် ရေစင်ပက်ဖျန်းပြီးနှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောပစ်ခြင်းပင်ဖြစ်သည်ဟု ဆရာဇော်ဂျီ ရေးသားထားသည့် "တစ်ခုသောသင်္ကြန်ခါ" ကဗျာထဲကအတိုင်းပင် အလှူဒါနပြုကြသူများ၊ ရေကစားသူများ၊ သံသရာကိုယုံကြည်သည့် ဗုဒ္ဓဘာသာဝင်များပီပီ ဘေးမဲ့လွှတ်ပွဲများ၊ တီးမှုတ်ကခုန်သူများ၊ ရေကစားသူများ၊ သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ပွဲများဖြင့် ရိုးရာသင်္ကြန်ကို အစဉ်အလာမပျက် ကျင်းပကြသည်မှာ ပျော်ရွှင်ကြည်နူးဖွယ်ကောင်းလှသည်။ မြန်မာနိုင်ငံကဲ့သို့ ပျော်စရာကောင်းသည့်နိုင်ငံ၊ လွတ်လပ်သည့်နိုင်ငံ၊ ဘာသာသာသနာထွန်းကားသည့်နိုင်ငံရှိနိုင်မည်မထင်ပါ။ ဂုဏ်ယူဖွယ်ရာ အမိမြန်မာပြည်ပင်ဖြစ်သည်။

ထိုသို့ဂုဏ်ယူဖွယ်ရာကောင်းသည့် အမိမြန်မာနိုင်ငံတော်ကြီးတွင် နေထိုင်ကြသည့် လူသားတိုင်းသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို မပျောက်ပျက်အောင် ထိန်းသိမ်းကြရမည်။ ကိုယ့်အမျိုးသားဝတ်စုံကိုလည်း မြတ်နိုးရမည်။ သင့်တင့်လျောက်ပတ်သော အဝတ်အစားများကို ဝတ်ဆင်ပြီး မိမိအမျိုးသားဂုဏ်ကို မြှင့်တင်စေလိုသည်။ ယခုအခါ နိုင်ငံခြားယဉ်ကျေးမှုများဝင်ရောက်လာပြီး မြန်မာအမျိုးသား၊ အမျိုးသမီးငယ်လေးများ သရုပ်ပျက် အဝတ်အစားများကို ဝတ်ဆင်လာကြရာ မြန်မာ့မျက်စိနှင့်မသင့်တင့်မဖွယ်မရာ "အမြင်မတော်ဆင်တော်နှင့် ခလောက်" ဖြစ်နေပေသည်။

မြန်မာအမျိုးသမီးများ၊ အမျိုးသားများ ပိုင်ဆိုင်ခွင့်ရခဲ့သော မြန်မာဝတ်စုံလေးများကိုသာ ဝတ်ဆင်ကြပြီး သရုပ်ပျက်အဝတ်အစားများကို မဝတ်ဘဲ ရိုးရာသင်္ကြန်ကို မြန်မာဆန်ဆန်ဆင်နွှဲကြစေလိုသည်။

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ဆင်နွှဲရာတွင် ရိုးရိုးသားသားပျော်ရွှင်မှုမျိုးဖြစ်စေပြီး ရိုးရာယဉ်ကျေးမှုကို ပျက်စေသည့် အပျက်သဘောမျိုး မဖြစ်အောင် ယနေ့လူငယ်လူရွယ်များ ထိန်းသိမ်းသင့်ကြသည်။ နှစ်သစ်အတာသင်္ကြန်တွင် အတတ်နိုင်ဆုံး ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစေချင်ပါသည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် ရိုင်းစိုင်းသော အပြောအဆိုများ မပြုလုပ်မိအောင် ဂရုစိုက်စေချင်သည်။ ရေကစားရာတွင်လည်း တစ်ဦးနှင့်တစ်ဦး ထိခိုက်အနာတရ ဖြစ်စေပြီး အန္တရာယ်ဖြစ်စေသော ကြမ်းတမ်းသည့် ရေကစားမှုများဖြင့် မဟာသင်္ကြန်ကို အရုပ်ဆိုးအကျည်းတန်အောင် မပြုလုပ်မိရန်သတိပြုရပေမည်။ အပျော်မှ တစ်ဆင့် စိတ်ဆင်းရဲစရာများ၊ ဘဝတစ်သက်တာ ထိခိုက်စရာများ ဖြစ်လာနိုင်သောကြောင့် မူးယစ်ရမ်းကားမှုများကိုလည်း ရှောင်ကြဉ်ပါ။ ပြည်ထောင်စုသမ္မတနိုင်ငံတော်ကြီးအတွင်းရှိ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကို ပျက်ပြားစေနိုင်သော လှုံ့ဆော်မှုမျိုး၊ ဖန်တီးမှုမျိုးကို မပြောဆိုမပြုမူမိအောင် အထူးဂရုပြုဆင်ခြင်ကြရပေမည်။ သို့မှသာမြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးကို ပျော်စရာကြည်နူးစရာ ထုံးမွှမ်းသည့် ပွဲတော်ကြီးအဖြစ် နွှဲပျော်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ တစ်နှစ်တာ အခါသမယတွင် အမိမြန်မာနိုင်ငံ၏ အစည်ကား အသာယာဆုံးသော ပွဲတော်၊ တန်ခူးလတစ်လသာ ကြုံရသော သင်္ကြန်ပွဲတော်အခါသမယ၌ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပြီး သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်နိုင်ကြပါစေကြောင်း နှစ်သစ်ဦး အကြိုအဖြစ် ဆုမွန်ကောင်းတောင်းလိုက်ရပါသတည်း။

## ပြည်တွင်းသတင်း

# ဒိုက်ဦးမြို့သင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ဒိုက်ဦး ဧပြီ ၁၀**

၂၀၁၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီများ ဖွဲ့စည်း၍ စီစဉ်ဆောင်ရွက်နေသည်။ ဒိုက်ဦးမြို့ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ရပ်ကွက်ကျေးရွာများမှ ယိမ်းအဖွဲ့ ၁၀ ဖွဲ့၊ ပညာရေးဌာနမှ ယိမ်းအဖွဲ့ နှစ်ဖွဲ့၊ ပြိုင်ပွဲဝင်ယိမ်း ၁၂ ဖွဲ့နှင့် ဖျော်ဖြေရေးယိမ်း ၁၂ ဖွဲ့ စုစုပေါင်း ယိမ်းအဖွဲ့ ၂၄ ဖွဲ့ အကအဖွဲ့များဖြင့် ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ မြို့မဈေးအရှေ့ မင်းလမ်းဈေးပိုင်းရပ်ကွက် ဖျော်ဖြေရေးစင်မြင့် ဗဟိုမဏ္ဍပ်၌ ညစဉ် ကပြဖျော်ဖြေသွားမည်ဖြစ်သည်။ သင်္ကြန်အတက်နေ့ညတွင် ဆုရယိမ်းအဖွဲ့များကို ဆုများချီးမြှင့်သွားမည်ဖြစ်သည်။ထို့အပြင်ရပ်ကွက်များတွင်လည်း သင်္ကြန်ရေကစားမဏ္ဍပ်များဖြင့် ပျော်ရွှင်စွာရေကစားသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းတွင် ကန်တော်မင်္ဂလာဓမ္မာရုံ၌ မြို့လုံးကျွတ် အဘိုးအဘွား ၂၀၀ ခန့်အား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ ကုသိုလ်ဒါနပြုကြမည်ဖြစ်ပြီး ဆက်လက်၍ ညနေပိုင်းတွင် ရပ်ကွက်အသီးသီးမှ ပြည်သူများက မြို့နယ်သာသနာ့ဗိမာန်တွင် မြန်မာ့နှစ်သစ်ကူးရက်မြတ် အန္တရာယ်ကင်းပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲ မင်္ဂလာ အခမ်းအနားများ ကျင်းပမည်ဖြစ်သည်။

**ပိန်းဇလုပ် သိန်းညွှန့်**

ဒိုက်ဦးမြို့ ၂၀၁၂ ခုနှစ် မဟာသင်္ကြန်ကာလ မြင်ကွင်း။

# ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သား သင်တန်းဆင်း

**စလင်း ဧပြီ ၁၀**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လေ့ကျင့်ဖွင့်လှစ်ပို့ချပေးသည့် ကျေးလက်တိရစ္ဆာန်၊ ကျန်းမာရေးလုပ်သားသင်တန်း (၁/၂၀၁၃) သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၉ နာရီက စလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ကျော်လန်းက လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ သင်တန်းဆင်းအောင်လက်မှတ်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းတို့က သင်တန်းသားခေါင်းဆောင်များအား ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ခဲ့သည်။

သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ခဲ့ပြီး သင်တန်းသား ၁၀၂ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**အောင်မြင့်ဦး**

## တောင်ဒဂုံဂျစ်ကားနှင့် ဆိုင်ကယ်တိုက်မိ

**ရန်ကုန် ဧပြီ ၁၀**

ရွှေပြည်သာမြို့နယ် အမှတ် (၄)ရပ်ကွက် ပုညသင်္ဂဟလောကမာန်အောင်ကျောင်း ပရိယတ္တိစာသင်တိုက်အရှေ့ အမှတ် (၄) လမ်းမကြီးပေါ်တွင် ဧပြီ ၇ ရက် မွန်းတည့် ၁၂ နာရီက ဆိုင်ကယ်အမျိုးအစား HONDA 150 ကို တောင်ဒဂုံဂျစ် မော်တော်ယာဉ်အမျိုးအစား ၈ဃ/----က ကျော်တက်ရာမှ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ဆိုင်ကယ်မှာ တိမ်းမှောက်ပြီး အင်းစိန်ရွာမအရှေ့နေ ညဏ်မင်းဦးမှာ ဝဲဘက်ခြေထောက် ပြင်းထန်စွာဒဏ်ရာရရှိပြီး အင်းစိန်ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှုခံယူလျက်ရှိသည်ဟု သိရသည်။ (၁၆၆)

## ကြိုးငယ်မဟူ သတိမူ ရန်သူမီးကိုသာ


### မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ပဋ္ဌိစ္စသမုပ္ပါဒ်အခြေခံသော ဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှု (၁၀)ရက် သင်တန်း

ဗဟန်းမြို့နယ်၊ နတ်မောက်လမ်း၊ အမှတ်(၈၂)ရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်အခြေခံသော ဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှုသင်တန်းကို ဧပြီ (၂၁)ရက်မှ (၃၀)ရက်အထိ နံနက် ၈နာရီမှ ၁၀း၃၀နာရီအထိကျင်းပမည်ဖြစ်ပါသည်။ သင်တန်း၌ ညောင်ပင်သာဆရာတော် အရှင်မာလာစာရက ပဋ္ဌိစ္စသမုပ္ပါဒ်သင်ခန်းစာနှင့် ရွှေဝါဝင်းကျောင်း ဆရာတော် ဒေါက်တာအရှင်အာသဘ(Ph .D မွမ်ဘိုင်းတက္ကသိုလ်)က ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် သင်ကြားပို့ချကြမည်ဖြစ်ပါသည်။ သင်တန်းသို့ ပညာအရည်အချင်း ငါးတန်းမှ တက္ကသိုလ်အထိ ကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်ပြီး သင်တန်းဝတ်စုံ၊ ကျောင်းဝတ်စုံ (အဖြူ/အစိမ်း) သို့မဟုတ် ယောဂီဝတ်စုံ(အဖြူ/အညို)ဝတ်ဆင်ကြရမည် ဖြစ်ပါသည်။ အလှူရှင်များက နေ့လယ်စာ လှူဒါန်းမည်ဖြစ်ပါသည်။ ၁၀ရက် သင်တန်းပြီးဆုံးပါက တနင်္ဂနွေ အပတ်စဉ်သင်တန်းကို တနင်္ဂနွေနေ့တိုင်း နံနက် ၈နာရီမှ ၁၀း၃၀နာရီအထိ ဆက်တိုက်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ တက်ရောက်လိုသူများသည် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် အမှတ်(၈၂)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၁၈၆၀၊ ၀၉-၇၃၂၄၅၂၅၅ ၌ စာရင်းပေးသွင်းနိုင်ပါသည်။ သားသမီးများကိုပို့ပေးသော မိဘများနှင့် ပြင်ပမှ မည်သူမဆို သင်တန်းချိန်များတွင် တရားနာယူနိုင်ပါသည်။

### Mobile Mother Co., Ltd.

Mobile Mother Co., Ltd. မှ ဖွင့်လှစ်မည့် Software & Hardware ဘာသာရပ်သင်တန်းအမှတ်စဉ်(၂/၁၃) အတွက် သင်တန်းသားများ စတင်လက်ခံနေပြီဖြစ်ကြောင်းနှင့် သင်တန်းတွင် Software & Hardware ဘာသာရပ်များကို စာတွေ့နှင့် လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**သင်တန်းစတင်လက်ခံမည့်အချိန်** - ၁၈-၄-၂၀၁၃ ရက်(နှစ်ဆန်းနှစ်ရက်နေ့)

**သင်တန်းဖွင့်လှစ်မည့်အချိန်** - ၂၂-၄-၂၀၁၃ ရက်

သင်တန်းလျှောက်လွှာကို ၂၆လမ်း၊၇၆×၇၇လမ်းကြား၊ မိုဘိုင်းမားသားစီမံရေးရာဌာနတွင် ဝယ်ယူနိုင်ပါသည်။ သင်တန်းနှင့်ပတ်သက်သည့် အသေးစိတ်ကို သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် မေးမြန်းနိုင်ပါသည်။

**ဖုန်း-၀၉-၉၁၀၀၆၀၀၄၊ ၀၉-၄၃၀၁၀၅၅၃၊ ၀၉-၄၃၁၀၅၅၅၉၊ ၀၉-၄၃၁၀၅၅၆၊ ၀၉-၄၄၄၀၀၀၅၀၅၊ ၀၂-၇၂၀၄၁၊ ၇၂၀၄၂၊ ၃၀၈၈၅၊ ၃၀၈၈၆၊ ၃၀၈၈၇၊ ၃၀၈၈၉၊ ၃၀၈၉၀**

### သတ္တမအကြိမ်မြောက် ဒဂုံတက္ကသိုလ် (အင်္ဂလိပ်စာ)ကျောင်းသူ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ဒဂုံတက္ကသိုလ် (အင်္ဂလိပ်စာ)အထူးပြု ကျောင်းသူ ကျောင်းသားဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၁၉၉၂-၂၀၀၆ ကျောင်းသူ ကျောင်းသားဟောင်းအနေဖြင့် မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အောက်ဖော်ပြပါ ဖုန်းများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ကိုမောင်မောင်ဦး ဖုန်း-၀၉-၅၄၀၄၇၅၆၊ ကိုမျိုးသန်းထွန်း ဖုန်း-၀၉-၅၀၃၁၁၃၇၊ မထားအိဝင်း ဖုန်း-၀၉-၅၁၀၂၆၆၈၊ မအေးသီတာခိုင် ဖုန်း-၀၉-၄၃၀၃၃၁၉၈၊ မထိပ်ထား ဖုန်း-၀၉-၄၄၈၀၄၄၀၇၈၊ မအိအိဖြိုး ဖုန်း-၀၉-၇၃၁၀၅၀၃၅၊ မမကြည်ထွန်း ဖုန်း-၀၉-၇၃၁၃၅၅၂၉၊ မမေဟန်နှင်း ဖုန်း-၀၉-၈၆၃၄၅၁၂၊ မကျင်ကျင်ဆွိ ဖုန်း-၀၉-၇၃၀၉၂၃၉၂၊ မသွယ်နှင်းရည်လှိုင် ဖုန်း-၀၉-၅၅၀၆၃၄၅၊ ကိုစိုင်းမင်းလတ် ဖုန်း-၀၉-၇၃၁၀၆၉၉၇၊ မမေသဇင်ဖူး ဖုန်း-၀၉-၅၀၈၇၄၂၄။

**အချိန်** - နံနက် ၉း၃၀နာရီမှ မွန်းလွဲ ၁နာရီအထိ

**နေရာ** - တော်ဝင်နှင်းဆီ (ရွှေဂုံတိုင်)

**နေ့ရက်** - ၁-၅-၂၀၁၃ရက် (မေဒေးနေ့)

၂၀၀၆ ပညာသင်နှစ်နောက်ပိုင်းတွင် ဘွဲ့ရပြီးသော ညီငယ်၊ ညီမငယ်များအနေဖြင့်လည်း EC အဖြစ် ကူညီဆောင်ရွက်လိုပါက အထက်ဖော်ပြပါဖုန်းများသို့ ဆက်သွယ်နိုင်ပါကြောင်း နွေးထွေးစွာ ဖိတ်ခေါ်အပ်ပါသည်။

### အမည်ပြောင်း

မိုင်းဖြတ်မြို့၊ ကွက်သစ်ရပ်ကွက်နေ ဦးဝေဟန်အား ယနေ့မှစ၍ ဦးချစ်ရို့ဟု ပြောင်းလဲခေါ်ပါရန်။

**ဦးချစ်ရို့ ၁၃/ဖမန(နိုင်)၀၁၂၀၅၉**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ် အလက(၂) ဒလမှ မောင်လင်းမြတ်သူ(ခ) မောင်ရဲသီဟ ၁၂/ဒလန(နိုင်)၀၆၉၂၇၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၈၅၀၁၈ ဟွန်ဒါဝေ့(ဖ်) NF 110 M ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ထွန်း ၁၀/သဖရ(နိုင်)၁၂၃၇၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ဃ/၂၂၀၄၄ ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဝင်း ၁၂/မဘန(နိုင်) ၀၁၄၆၇၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ မြို့မရပ်ကွက်(၉)နေ ဦးအောင်ဖေ၏သမီး မစိုးမြတ်ကလျာအောင်နှင့် မစိုးအိဖြူမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မစိုးမြတ်ကလျာအောင်(ခ)မစိုးအိဖြူ ၅/တမန(နိုင်)၀၅၉၈၄၆**

### ဖခင်အမည်မှန်

ပဲခူးတက္ကသိုလ်အဝေးသင် တက်ရောက်နေသော နော်ထူးစေး၏ ဖခင်အမည်မှန်မှာ ဦးစောပီလေး(ခ)ဦးစောဆာပီလေး ၇/ဝမန(နိုင်)၀၁၀၀၆၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစောပီလေး(ခ)ဦးစောဆာပီလေး**

# ကြော်ငြာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ရန်ကုန်နည်းပညာတက္ကသိုလ်
# မဟာဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ခု ပညာသင်နှစ်အတွက် ၂၀၁၃ ခုနှစ် ဇွန် ၃ရက်မှစတင်၍ အောက်ဖော်ပြပါ အင်ဂျင်နီယာ၊ ဗိသုကာမဟာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

**အင်ဂျင်နီယာ/ဗိသုကာမဟာဘွဲ့သင်တန်းများ**

(က) မြို့ပြအင်ဂျင်နီယာ (Structural Engg: / Water Resources Engg:/ Geotechnical Engg:/ Transportation Engg:/Construction Management)
(ခ) စက်မှုအင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) အီလက်ထရောနစ်အင်ဂျင်နီယာ
(င) သုတနည်းပညာအင်ဂျင်နီယာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ
(ဇ) ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ
(ဈ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ
(ည) ရေနံအင်ဂျင်နီယာ
(ဋ) သတ္တုဗေဒအင်ဂျင်နီယာ
(ဌ) ဗိသုကာ

၂။ အထက်ပါမဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့အကြိုသင်တန်း တစ်နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း တစ်နှစ် စုစုပေါင်းနှစ်နှစ်သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း (Course Work)ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်း ပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့်မိတ္တူများကို တင်ပြရမည်-
(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး (သုံးဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ တင်ပြနိုင်ရမည်။)
(ခ) နည်းပညာတက္ကသိုလ်များမှ သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာနှင့် ဗိသုကာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာနှင့် မဟာဗိသုကာ ဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။
(ဂ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်မူရင်းတင်ပြရမည်။
(င) သင်တန်းတက်ရောက်မည့်သူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အဆင့် ဆေးရုံမှဆရာဝန်၏ထောက်ခံချက် လက်မှတ်တင်ပြနိုင်ရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊ ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံသုံးပုံ၊ မဟာအင်ဂျင်နီယာနှင့် မဟာဗိသုကာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သောနည်းပညာတက္ကသိုလ်များမှ ထောက်ခံချက်မူရင်းနှင့်မိတ္တူတို့ကို တင်ပြရမည်။

၅။ လျှောက်လွှာများကို ၂၀၁၃ခုနှစ် မေ ၃၀ရက် အင်္ဂါနေ့နောက်ဆုံးထား၍ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်သို့ ကိုယ်တိုင် ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကို ထုတ်ပေးမည်။

၆။ လျှောက်လွှာပုံစံများကို ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၃၀-၄-၂၀၁၃ရက် (အင်္ဂါနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၆-၅-၂၀၁၃ရက်(တနင်္လာနေ့) | အင်္ဂလိပ်စာ | ၉:၀၀ နာရီမှ ၁၂:၀၀ နာရီ |
| ၇-၅-၂၀၁၃ရက်(အင်္ဂါနေ့) | သက်ဆိုင်ရာဘာသာရပ် | ၉:၀၀ နာရီမှ ၁၂:၀၀ နာရီ |

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၉။ ရေးဖြေစာမေးပွဲအောင်စာရင်းကို ၂၀-၅-၂၀၁၃ရက် (တနင်္လာနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများအား ၂၂-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပြီး မဟာဘွဲ့သင်တန်း တက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၃၁-၅-၂၀၁၃ရက် (သောကြာနေ့)တွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသား ဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၁၁။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၊ ဖုန်း-၀၁-၆၄၂၄၁၃၊ ၀၁-၆၄၂၅၆၀တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ရန်ကုန်နည်းပညာတက္ကသိုလ်
# ပါရဂူဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ခု ပညာသင်နှစ်အတွက် ၂၀၁၃ ခုနှစ် ဇွန် ၃ရက်မှစတင်၍ အောက်ဖော်ပြပါ အင်ဂျင်နီယာ၊ ဗိသုကာပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

**အင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့သင်တန်းများ**

(က) မြို့ပြအင်ဂျင်နီယာ (Structural Engg:/Water Resources Engg:)
(ခ) စက်မှုအင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) အီလက်ထရောနစ်အင်ဂျင်နီယာ
(င) သုတနည်းပညာအင်ဂျင်နီယာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ
(ဇ) ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ
(ဈ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ
(ည) ရေနံအင်ဂျင်နီယာ
(ဋ) သတ္တုဗေဒအင်ဂျင်နီယာ
(ဌ) ဗိသုကာ

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူဘွဲ့အကြိုတစ်နှစ်နှင့် သုတေသနကျမ်းပြုနှစ်နှစ် စုစုပေါင်း သုံးနှစ်သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့အကြိုသင်တန်း ဖြေဆိုအောင်မြင်ပြီးသူများကိုသာလျှင် ပါရဂူဘွဲ့ သုတေသနဆက်လုပ်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့်မိတ္တူများကို တင်ပြရမည်-
(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး (သုံးဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ တင်ပြနိုင်ရမည်။)
(ခ) (အင်ဂျင်နီယာ/ဗိသုကာ)မဟာဘွဲ့ M.E / M.Arch. (သို့မဟုတ်) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အလားတူဘွဲ့တစ်ခုခု ရရှိထားသူဖြစ်ရမည်။
(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်(မူရင်း) တင်ပြနိုင်သူဖြစ်ရမည်။
(ဃ) သင်တန်းတက်ရောက်မည့်သူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အဆင့် ဆေးရုံမှဆရာဝန်၏ ထောက်ခံချက် လက်မှတ် တင်ပြနိုင်ရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊ ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံသုံးပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်များမှ မဟာဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင်ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၃၀-၄-၂၀၁၃ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၆-၅-၂၀၁၃ရက်(တနင်္လာနေ့) | အင်္ဂလိပ်စာ | ၉:၀၀ နာရီမှ ၁၂:၀၀ နာရီ |
| ၇-၅-၂၀၁၃ရက်(အင်္ဂါနေ့) | သက်ဆိုင်ရာဘာသာရပ် | ၉:၀၀ နာရီမှ ၁၂:၀၀ နာရီ |

၇။ ရေးဖြေစာမေးပွဲအောင်စာရင်းကို ၂၀-၅-၂၀၁၃ရက် (တနင်္လာနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများအား ၂၂-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ ရန်ကုန် နည်းပညာတက္ကသိုလ်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၃၁-၅-၂၀၁၃ရက် (သောကြာနေ့)တွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၉။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြ သောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၊ ဖုန်း-၀၁-၆၄၂၄၁၃၊ ၀၁-၆၄၂၅၆၀တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

---

**အမည်ပြောင်း**

ဦးအင်ပီ(NP)ယော်ထုန်၏ သား၊ မြစ်ကြီးနားအဝေးသင်တက္ကသိုလ်၊ ဒဿနိကဗေဒ ဒုတိယနှစ်မှ မောင်ဘရန်ဆန်အောင်အား မောင်အင်ပီ (NP) ဘရန်ဆန်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အင်ပီ(NP)ဘရန်ဆန်အောင်**

**မီးဘေးရှောင် မလောင်ခင်တား**

---

**အမည်ပြောင်း**

မြစ်ကြီးနားမြို့၊ အလက(၃)၊ အဌမတန်း (B)မှ မောင်ဒိန်ဂရမ်ဖောင်းနှင့် ပထမတန်းမှ မောင်ဒိန်ဂရမ်လာနော်တို့၏ဖခင် အမည်မှန်မှာ ဦးဘရန်ဆိုင်း(ခ) ဦးမရမ်ဘရန်ဆိုင်း ၁/မကန(နိုင်)၁၀၅၈၄၅ ဖြစ်ပါသည်။

**အမည်ပြောင်း**

ဦးလဘန်လ၏သမီး မြစ်ကြီးနားတက္ကသိုလ်(ဓာတုဗေဒဘာသာရပ်) တတိယနှစ်မှ မလုဘူ ၁/မကတ(နိုင်)၁၂၆၇၄၁ အား မလုလုမိုင်ဟု ပြောင်းလဲခေါ်ပါရန်။
**မလုလုမိုင်**


သကြံနိုင်ကားကုမ္ပဏီရောင်းပြီ
OASIS
ကျိုက်ထီးရိုး
ချောင်းသာ(စား/တည်းခိုခြင်း)
Ph:09-5038616, 09-73242469
09-73103031


**ကန့်ကွက်နိုင်ပါကြောင်း**

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇/ခ၊ မြေကွက်အမှတ် ၂၀/ဖ၊ မြေကွက်တည်နေရာအမှတ် (စ/၁၂၂)၊ ဘုရင့်နောင်လမ်း၊ ဦးစံဖေရပ်ကွက်၊ သင်္ဃန်းကျွန်း၊ ဒေါ်မြန့်အမည်ပေါက် (ဂရန်သက်ကုန်)မြေအား အမည်ပေါက် ဒေါ်မြန့်ထံမှ အရောင်းအဝယ်စာချုပ် (၆၂၈၊ ၄၊ ၉၊ ၆၉)အရ ဒေါ်မေဟန်နှင့် ဒေါ်ခင်ဦးကြည်တို့ကလည်းကောင်း၊ တစ်ဖန် ဒေါ်မေဟန် ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းကြော်ငြာစာချုပ် (၉၄၅၊ ၃-၁၂-၇၆)အရ ဒေါ်ခင်ဦးကြည်ကလည်းကောင်း၊ တစ်ဖန် ဒေါ်ခင်ဦးကြည် (အမျိုးကြီး၁၀)ကွယ်လွန်သဖြင့် ၁။ ဦးဒေဝါကျော်၁၂/စခန(နိုင်)၀၂၃၃၈၀၊ ၂။ ဒေါ်မော်မော်အောင် ၁၂/သကတ(နိုင်)၂၀၀၆၈၈တို့မှ တူ၊ တူမတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သင်္ဃန်းကျွန်းမြို့နယ်တရားရုံး ၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ် (၂၊ ၁၃) အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု၊ စီရင်ချက်အနိုင်ဒီကရီတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်-၁၅၂၊ မြေကွက်အမှတ် ၁၃၁၆ အမည်ပေါက် ဦးမောင်မောင် ၁၂/ဗဟန(သ)၀၀၃၁၇၆ ကွယ်လွန်၏ဇနီး ဒေါ်အုံး မြင့်က မြေချပါမစ် မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း၊ အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် မိတ္တူမှန်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။
**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်း ရပ်ကွက် ၁၄၇၊ မြေကွက်အမှတ် ၄၆၃၊ အမည်ပေါက် ဒေါ်ခင်မာစိုး A/RGN-၀၁၃၄၀၂ထံမှ ဝယ်ယူထားသူ ဦးသူရိန်လင်း ၁/မကတ(နိုင်)၀၅၀၄၉၃ က ဓာတ်ပုံမိတ္တူမှန်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန် ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။
**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၆၇၈/က မြေကွက်တည်နေရာ အမှတ်၆၇၈/က၊ မာဃ ၆လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးအောင်ဇော်ဟိန်း အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်ဇော်ဟိန်း ကွယ်လွန်သဖြင့် ဒေါ်လှရင် ၁၂/ဥကတ(နိုင်)၁၁၃၉၄၉ က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်**

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသူ မှတ်ပုံတင် | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | လိပ်စာ | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| ၁။ | ဦးထွန်းသန်း + ၁ | ၁၂/ပဘတ(နိုင်)၁၂၅၉၆၁ | ဒဂုံဆိပ်ကမ်း | စက်မှုဇုန်(၁) | ၁၈၈/က+၁၈၈/ခ | ဦးသန်းဇော | ၁၈၈/ခ၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန် (၁) | အမည်ပြောင်း |
| ၂။ | ဒေါ်စပယ် | ၁၂/သဃက(နိုင်)၀၀၃၆၈၆ | သင်္ဃန်းကျွန်း | ၂၉/သုဝဏ္ဏ | ၃၀၂/က | ဒေါ်သန်းစင် | ၁၅/၁၊ ရေမင်းအိမ်ယာ၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်း | အမည်ပြောင်း |
| ၃။ | ဒေါ်ရွှေသီးယိန်းဝင်း | ၁၂/မရက(နိုင်)၀၀၈၅၅၈ | ရန်ကင်း | ၄/တော်တွဲ | ၄၄/င၂ | ဦးစိန်ကြည် + ၂ | ၂၈၊ [illegible]လမ်း၊ (၁၅)ရပ်ကွက် | ဂရန်ခွဲ |
| ၄။ | ဒေါ်သင်းသင်းထွယ် (ခ) ဒေါ်ခင်သန်းဝင်း | ၁၂/ရကန(နိုင်)၀၅၃၃၃၄ | ရန်ကင်း | ၄/တော်တွဲ | ၄၄/င၃ | ဦးစိန်ကြည် + ၂ | ၂၈/A၊ [illegible]လမ်း၊ (၁၅)ရပ်ကွက် | ဂရန်ခွဲ |
| ၅။ | ဒေါ်မြိုတ် | ၁၂/လမန(နိုင်)၀၆၅၃၀၀ | လှိုင် | ၃၂ | ၁ / ဝ-၁ | ဒေါ်ရွှင် | ၄၂၂ [illegible](၁)လမ်း၊ (၁)ရပ်ကွက်၊ လှိုင် | အမည်ပြောင်း |
| ၆။ | ဒေါ်ခင်စန်းဆွေ | ၁၂/လမတ(နိုင်)၀၁၈၃၀၆ | လသာ | ၂၁ B[illegible] | 2nd Southern ¼ of III 30 | ဦးထွန်းဝင်း | ၄၅၊ (၂၃)လမ်း | အမည်ပြောင်း |
| ၇။ | ဦးသန်းဝင်း + ၁ | ၆/ထဝန(နိုင်)၀၆၁၀၄၄ | ကြည့်မြင်တိုင် | ၂၆[illegible] | V - ၁၀၄ | ဦးအောင်တင် + ၁ | ၈၈၊ ဗိုလ်တာကက်ပင်လမ်း (အထက်) | အမည်ပြောင်း |
| ၈။ | ဒေါ်ခင်ထွေးရီ | ၁၂/ရကန(နိုင်)၀၃၀၄၂၆ | ရန်ကင်း | ၄၁/တော်တွဲ | ၃/၆၁ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၉၉၊ [illegible]လမ်း၊ (၈)ရပ်ကွက် | ဂရန်သစ် |
| ၉။ | ဒေါ်နန်းဆိုင်ငြ | ၁၃/တယန(နိုင်)၀၄၀၀၁၄ | ဒဂုံအရှေ့ | ၁၂၉ | ၆၃၆ | ဒေါ်[illegible] | ၆၃၆၊ [illegible]လမ်း (၁၂၉) ရပ်ကွက်၊ ဒဂုံအရှေ့ | အမည်ပြောင်း |
| ၁၀။ | ဒေါ်မြိုင်စံ | ၁၂/မရက(နိုင်)၀၄၀၀၀၆ | တောင်ဥက္ကလာ | ၆ | ၅၆/က | ဦးဝင်း | ၅၆/က၊ [illegible]လမ်း (၆)ရပ်ကွက် | အမည်ပြောင်း |
| ၁၁။ | ဦးမြင့်ဝင်း | ၁၂/သကတ(နိုင်)၁၀၂၂၁၀ | သာကေတ | ၆/အနောက် | ၆၅၉ | ဦးဝင်းကျော် | ၆၅၉၊ [illegible](၁၄)လမ်း ၆/ အနောက်ရပ်ကွက် | အမည်ပြောင်း |
| ၁၂။ | ဒေါ်သန်း | ၁၂/ဥကတ(နိုင်)၀၀၈၀၆၅ | တောင်ဥက္ကလာ | ၁၂ | ၁၂၅ (ခ) | ဒေါ်သန်း | ၁၂၅/ခ၊ [illegible](၂)လမ်း (၁၂)ရပ်ကွက် | အမည်ပြောင်း |
| ၁၃။ | ဦးရန်နိုင် | ၁၃/တကန(နိုင်)၀၈၀၃၁၅ | ဗဟန်း | ၃၆ H | ၃၅၂/B | ဒေါ်ကြည်ကြည် + ၁ | ၅၃ B၊ [illegible]လမ်း | အမည်ပြောင်း |
| ၁၄။ | ဦးကျော်ဝင်း | ၁၂/အစန(နိုင်)၀၁၂၅၅၀ | မရမ်းကုန်း | ၅၀ . ၁၁ | ၃/၅ | ဒေါ်[illegible] + ၁ | ၅၀/H [illegible] (၇)ရပ်ကွက် | အမည်ပြောင်း |
| ၁၅။ | ဦးမျိုးထွန်း | ၁၂/အစန(နိုင်)၀၄၆၂၉၀ | အင်းစိန် | မြို့သစ် (ခ) | ၃၆၇ | ဒေါ်ငွေကြည် | ၈၈၆၊ (၈၅)လမ်း၊ မြို့သစ်(က+ခ) | အမည်ပြောင်း |
| ၁၆။ | ဦးအောင်ငွေ | ၇/ပမန(နိုင်)၀၆၅၃၃၀ | မရမ်းကုန်း | [illegible] | ၈/၆၁.B | ဦးအောင်[illegible] | ၈/၆၁.B၊ [illegible]လမ်း | အမည်ပြောင်း |
| ၁၇။ | ဒေါ်တင်မြင့် | ၁၂/သဃက(နိုင်)၀၀၈၈၆၀ | ဒဂုံတောင် | ၁၈ | ၁၈၈ | ဦးမောင်မောင်အေး | ၁၈၈၊ [illegible]လမ်း (၁၈)ရပ်ကွက် | အမည်ပြောင်း |
| ၁၈။ | ဒေါ်မြင့်မြင့်ရီ | ၁၂/အစန(နိုင်)၀၀၂၈၆၉ | မြောက်ဥက္ကလာ | ၁၂/ရွှေပေါက်ကံ | ၂၄၇ | ဒေါ်မြင့်မြင့်ရီ | ၂၄၇၊ [illegible]လမ်း (၁၂)ရွှေပေါက်ကံ | ဂရန်သစ် |
| ၁၉။ | ဦးသိန်းအောင်လင်း | ၁၂/ဥကမ(နိုင်)၀၆၂၀၆၄ | ဒဂုံမြောက် | ၄၆ | ၁၆၄၆ | ဒေါ်ငွေငွေသန်း | ၁၆၄၆၊ (၄၆) ရပ်ကွက်၊ ဒဂုံမြောက် | ဂရန်သစ် |
| ၂၀။ | ဒေါ်မြဲမြဲ | ၁၂/အစန(နိုင်)၀၀၈၈၇၇ | လှိုင်သာယာ | သာကေတ၁၃ | ၅၁၈ (ခ) | ဒေါ်မြဲမြဲ | ၅၁၈/ခ၊ [illegible]လမ်း | ဂရန်သစ် |

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ကြော်ငြာ

## သီတဂူဆွေပြည့်ဟိန်းဆေးရုံ ဆေးရုံ မေလ (၁၂၊ ၁၈၊ ၁၉) (၂၃) ကြိမ်မြောက် မျက်စိခွဲစိတ်ခြင်း အလင်းဒါနအလှူရှင်များ

| | | | | | |
|---|---|---|---|---|---|
| လမ်း (၃၀) အောက်လမ်း ပထမအကြိမ်မွေ့ပွဲစာသင်တိုက်မှ လှူဒါန်း | ကျပ်ငွေသိန်း(၃၀) | တိရစ္ဆာန်ဥယျာဉ်ဝန်ထမ်းများ၏ အဒွမအကြိမ်မွေ့ပွဲစာသင်တိုက်မှလှူဒါန်း | ၅၀၀၀၀၀ | သာသနာ့ပါလရာဇယ်ဆွမ်းလောင်းအဖွဲ့ မွေ့ပွဲစာသင်ရွှေပေါက်ကွဲ | ၅၀၀၀၀၀ |
| ဦးမျိုးအောင်+ဒေါ်မိမိစန်း သမီးယုယုဝင်း Perth ဩစတေးလျနိုင်ငံ | ၅၀၀၀၀၀ | ဦးအောင်ဇိုလ်+ဒေါ်ခင်စောမိ သားမောင်အောင်မြတ်ခိုင်တို့၏မွေးနေ့ဒါနတော့ | ၂၀၀၀၀၀ | ပန်းရောင်လမ်း မွေ့ပွဲစာသင်ရေပေါင်းအလှူတော်၊ စမ်းချောင်း | ၈၀၀၀၀၀ |
| ဗိုလ်မှူးကြီးသန်းတင်(ငြိမ်း)မွေးနေ့ဒါန + ဒေါ်ခင်လှမြင့်မိသားစု | ၅၀၀၀၀၀ | ဦးလှသွင်+ဒေါ်တင်တင် တိုက်(၆ဂ) ပုလဲလမ်း သုဝဏ္ဏ သင်္ဃန်းကျွန်း | ၂၀၀၀၀၀ | ဦးသိန်းစံ+ဒေါ်ကြိုင်ရည်ရှ၍ ကျန်ရစ်သူမိသားစု မင်းဇင်လမ်း သုဝဏ္ဏ | ၂၀၀၀၀၀ |
| ပြည်တောင်စုလမ်း၊ ဗဟန်း | | ဒုတိယမှူးကြီး သူရိန်နိုင်(ငြိမ်း)၊ သားလတ်ဗိုလ်ကြီး Dr.အောင်သူရိန်ကို(မွေးနေ့) | ၁၀၀၀၀၀ | ဦးကျော်စိုးသန်း+ဒေါ်ခင်အေးမောင်၊ ဂုဏ်သိရိပုံနှိပ်တိုက်၊ လမ်း ၃၀ | ၁၀၀၀၀၀ |
| ဦးအောင်ရဲဦး+ဒေါ်မြမြခိုင်(မွေးနေ့ဒါန)၊ သမီးယွန်းသုလဝမ်း၊ သာကေနွဲရဲ | ၄၀၀၀၀၀ | ဦးအောင်မြင့်+ဒေါ်ခင်ခင်ဝင်း(မွေးနေ့ဒါန)၊ လမ်းသစ်လမ်း လမ်းမတော် | ၁၀၀၀၀၀ | ဦးကျော်စော+ဒေါ်မြသန္တာမိသားစု မင်းရဲကျော်စွာအိမ်ရာ၊ တာမွေလေး | ၁၀၀၀၀၀ |
| မိသားစု၊ လိုင်မြင့်ရှိအိမ်ရာကွိုင်မြို့နယ်(၁၀)ဦးအတွက်အလင်းဒါန | | (အဖွားဒေါ်ဖေဦး)လှအောင်+ဒေါ်တင်သူနန္ဒ)ရည်စူး သားသမီးတစ်စုကျောက်မြောင်း | ၁၀၀၀၀၀ | ဦးထိန်လင်း+ဒေါ်အေးကြည်မိသားစု ပန်းရောင်လမ်း စမ်းချောင်း | ၁၀၀၀၀၀ |
| ဦးမြသန်းစံ+ဒေါ်သီတာ(အပ္ပမာဏ)မိသားစုရပ်ကြိုရှင်မြောက်ဒိုင်း | ၃၀၀၀၀၀ | ဒေါ်သင်းရီ ကွမ်းခြံ(၄)လမ်း (၄)ရပ်ကွက် ဟံသာဝတီမြန်း ကမာရွတ် | ၁၀၀၀၀၀ | Dr.တင်အောင် + Dr.နီလာဝင်း သားမောင်ကျော်အေး ကြည့်မြင်တိုင် | ၁၀၀၀၀၀ |
| ဦးစိုးမြင့်+ဒေါ်အေးအေးသန်း ညောင်ပင်လေးပလာဇာ၊ လမ်းမတော် | ၃၀၀၀၀၀ | (ဦးဇေယျနီ)+ဒေါ်သောင်းသောင်းရီ အောင်ဆန်းကွင်း တောင်ဥက္ကလာ | ၁၀၀၀၀၀ | ဦးမောင်အေး+ဒေါ်ရီရီဝင်း ၉၅လမ်း မင်္ဂလာတောင်ညွန့် | ၁၀၀၀၀၀ |
| ဒေါ်သာဝင်မိသားစု နယူးယောက်မြို့ USA | ၁၅၀၀၀၀ | ဦးပီရှူး+ဒေါ်နုနုစေ(မွေးနေ့ဒါန) ဝဏ္ဏသီရိလမ်း မရမ်းကုန်း | ၁၀၀၀၀၀ | မောင်မင်းကြည်+မဝင်းဆန္ဒာအေး သမီးလှလှ ၉၄ လမ်း တောင်ညွှန့် | ၁၀၀၀၀၀ |
| မိခင်ဒေါ်ခွမ်ရင်းသားဦးဌေးအောင်(မွေးနေ့ဒါန)မင်္ဂလာလမ်း စမ်းချောင်း | ၁၁၀၀၀၀ | (ဦးကျော်စိန်) ရည်စူး၍ သမီးမခင်ခင်ဦးသားမောင်ထွန်းထွန်းမောင်မျိုးသန့် | ၁၀၀၀၀၀ | ဆရာဦးမျိုးအောင်+ဒေါ်မြမြဝေမိသားစု ထိုင်းနိုင်ငံ University | USD 100 |
| ဦးနေဝင်း+ဒေါ်ရီရီရွှေ သမီး မသီတာဝင်း သစ်ရာပင် (၄)လမ်း၊ သုဝဏ္ဏ | ၈၅၀၀၀ | မောင်လှဝေဝင်း+မခိုင်ရည်သန်း ဈေးလမ်း ၅-ရပ်ကွက်၊ ကမာရွတ် | ၅၀၀၀၀ | ဒေါ်မြသန်း(မွေးနေ့ဒါန) ၈၇လမ်း ကန်တော်ကလေး | ၅၀၀၀၀ |
| ဒေါ်စိန်စိန်မိသားစုနှင့် ဒေါ်လောပန်ဖွေး၊ သင်္ဃန်းကျွန်း | ၆၀၀၀၀ | မကေသီထွန်း (မွေးနေ့ဒါန)၊ ဆော်ဘီမြို့ | ၅၀၀၀၀ | ဦးခင်မောင်ဝင်း + (ဒေါ်ခင်ဝင်း) အောင်ကာလမ်း သင်္ဃန်းကျွန်း | ၅၀၀၀၀ |
| ဖွံ့ဖြိုးလယ်ရှယ်ဆန်နှင့် ရှင်းသန့်ပဲဆီရောင်းဝယ်ရေးမိသားစု၊ ကြည့်မြင်တိုင် | ၅၀၀၀၀ | ကိုကျော်မြို့ခိုင်+မနှင်းလွင်စိုး(မင်္ဂလာနှစ်ပတ်လည်)၊ တ/ဒဂုံ | ၅၀၀၀၀ | ဦးသန်းလွင် + ဒေါ်မေပုလဲ ကျုံးကြိုင်းနိုင်သား ဗဟန်း | ၅၀၀၀၀ |
| ဦးခင်မောင်+(ဒေါ်ခင်ခင်အေး) ၄၈ လမ်း ဗိုလ်တထောင် | ၅၀၀၀၀ | ဦးတင်မောင်လွင်(မွေးနေ့ဒါန)အရှေ့ကြို့ကုန်း အင်းစိန် | ၄၀၀၀၀ | မဟာနိုင်အေး (နှစ်ပြီးဒါန)စင်ကာပူနိုင်ငံ | ၄၀၀၀၀ |

ဆက်သွယ်လှူဒါန်းနိုင်သောဌာန-ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊ ကိုဋ္ဌာဆုံမူပါဝင်း တာမွေလေး သံလမ်းဆိပ်(ဖုန်း-၅၄၁၄၄၉၃၊ ၀၉-၅၁၀၂၈၉၇) ASHIN KHEMASIRILINKARA , Shwe Gone Daing Baranch, KBZ Bank (Account No. 00712200029870)

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၃ခုနှစ် ဧပြီ ၁၂ရက် (သောကြာနေ့)မှ ၂၁ရက် (တနင်္ဂနွေနေ့)အထိ မြန်မာနှစ်သစ်ကူးရက်သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်များတွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ဝက်ဝံ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပြင်ဦးလွင်မြို့နယ် (၁၉၇၄-၁၉၉၅)ခုနှစ်အတွင်း အလယ်တန်းအဆင့် တက်ရောက်ခဲ့သော ကျောင်းသား ကျောင်းသူများမှ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ၁၉-၄-၂၀၁၃ရက် (သောကြာနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ထိုခုနှစ်များအတွင်း အလယ်တန်းတက်ရောက် သင်ကြားခဲ့သော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အောက်ပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်ပါဝင်ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

၁။ ဦးညွန့်ရွှေ ဝက်ဝံဘူတာရွာ ဖုန်း-၀၉-၄၅၀၀၂၂၂၆၈၊ ၂။ ဦးမြင့်တင် ဝက်ဝံဈေးကုန်း ဖုန်း-၀၉-၄၀၂၇၅၁၂၃၇၊ ၃။ ဦးနိုင်မောင်(မြိုင်ကြီး) ဖုန်း-၀၉-၄၄၄၀၁၉၂၄၃၊ ၄၇၁၂၉၈၇၂၊ ၄။ ဦးတင်ထွန်း(မြိုင်ကြီး) ဖုန်း-၀၉-၆၄၆၃၁၁၆၊ ၀၈၂-၅၀၉၂၈၊ ၅။ ဦးမြင့်သန်း(နောင်လုံး) ဖုန်း-၀၉-၄၇၂၃၂၀၂၇၊ ၆။ ဒေါ်စန္ဒာအောင် (ခြေမြစ်ပင်ရွာ) ဖုန်း-၀၉-၄၀၂၆၃၃၄၄၇၊ ၇။ ဦးအိုက်ဇော်(ညောင်သာယာရွာ) ဖုန်း-၀၉-၄၄၄၀၀၈၇၅၇၊ ၈။ ဦးကျော်ဦး(ရေသရောက်ကုန်း) ဖုန်း-၀၉-၄၇၁၉၈၀၇၂၊ ၉။ ဦးကျော်စိုးလင်း(ကြက်တက်) ဖုန်း-၀၉-၆၈၀၆၄၈၇၊ ၁၀။ ဦးကျော်ထွန်းလင်း (ဂီဂီး)ဝက်ဝံဘူတာ ဖုန်း-၀၉-၄၇၁၃၈၆၅၀၊ ၁၁။ ဒေါ်သိမ့်သိမ့်အေး (ဝက်ဝံကျေးရွာ) ဖုန်း-၀၉-၄၀၂၇၅၁၂၅၉၊ ၁၂။ ဦးမျိုးသန်း(မြိုင်ကြီးရွာ) ဖုန်း-၀၉-၄၀၃၇၆၃၆၂၈

## ရန်ကင်းအေးငြိမ်းရိပ်သာ ရက်(၆၀) တရားစခန်းဖွင့်မည်

မန္တလေးမြို့၊ ရန်ကင်းတောင်ခြေရှိ ကျမ်းပြုဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင် ဦးစီးဖွင့်လှစ်ခဲ့သော ရန်ကင်းအေးငြိမ်းရိပ်သာ၌ မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ အာနာပါန သမထဝိပဿနာ ရက်(၆၀) တရားစခန်းကို ၁၃၇၅ခုနှစ်၊ တန်ခူးလဆန်း ၁၄ရက်၊ ၂၄-၄-၂၀၁၃ရက်၌ စတင်ဖွင့်မည်ဖြစ်ပါ၍ စခန်းဝင်လိုသူ ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

စခန်းဝင်ကြေး၊ ဆွမ်းစရိတ်သတ်မှတ်တောင်းခံခြင်း မပြုပါ။

**သာသနာ့အကျိုးဆောင်အဖွဲ့**

**ဖုန်း-၀၂-၅၇၂၅၃၊ ၀၉-၂၀၃၃၉၂၂၊ ၀၉-၉၁၀၄၆၃၀၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရေစကြိုမြို့နယ်တရားရုံးတော်၌**

**၂၀၁၂ ခုနှစ် တရားမကြီးအမှုအမှတ်-၃၄**

| | | |
|---|---|---|
| မအေး | **နှင့်** | မောင်ဘို(ခ)ဝဏ္ဏ |
| ဖူလုံကျေးရွာ၊ မြေဖြူမုံညင်းကျေးရွာအုပ်စု၊ | | ချယ်ရီရိုးမကုမ္ပဏီ၊ |
| ရေစကြိုမြို့။ | | ရွှေပြည်သာရေနံမှော်၊ ကလေးမြို့။ |
| **တရားလို** | | **တရားပြိုင်** |

ချယ်ရီရိုးမကုမ္ပဏီ၊ ရွှေပြည်သာရေနံမှော်၊ ကလေးမြို့နယ်နေ တရားပြိုင် မောင်ဘို (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မအေးက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၂၆ရက် (၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ စွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိန်းမောင်)**

**ဒုတိယမြို့နယ်တရားသူကြီး၊ ရေစကြိုမြို့နယ်တရားရုံး**

## ဇနီးအဖြစ်စွန့်လွှတ်ခြင်း

ဗဟန်းမြို့နယ်၊ ခြင်္ငါးခြံရပ်ကွက်အတွင်း နေထိုင်သူ မတူး ၁၂/ဗဟန(နိုင်)၀၂၀၀၃၅သည် ခွင့်မလွှတ်နိုင်သည့်ကိစ္စပြုလုပ်သွားပြီး ငွေများအား အလွဲသုံးစားပြုလုပ်သွားပါ၍ ကြော်ငြာသည့်ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် မတူးနှင့် ပတ်သက်သောကိစ္စမှန်သမျှ တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

**ဦးလှမြင့် ၁၂/ဗဟန(နိုင်)၀၁၉၉၅၁**

## ရန်ကုန်တိုင်း လှိုင်သာယာ သာသနာမကုဋ အတုလဗိမာန်တော်ကြီး

**ရေတ်သီးမှုန့် ဘုတ်ဆုံမ စေတနာ**

**နေကဗ တင်လှူတဲ့ပွဲ**

သာသနာ မကုဋ အတုလဗိမာန်

သုခဘို့ စိတ်ကြံရွယ် နိဗ္ဗာန်ဝယ် ဉာဏ်စွဲ

ဘုတ်ဆုံမ စေတနာ

နေကဗ တင်လှူတဲ့ပွဲ။

ဘုရားနှင့် ဘုရားဆောင် အများခေါင် ထိပ်ကဲ

တရားရောင် ဖိတ်ကဲလို့ မိတ်မြဲဖို့ ကြည်ယုံ

သံဃာစင် သံတံခါးရယ်နှင့်

သံဃာအများ စာဖြေတဲ့ခုံ။

ကြွေပြားနှင့် ကုဋီစုံတယ် လှူပြည်ဘုံ ရပ်မနားစေဘဲ

နတ်တံခါး ဖွင့်လိုက်ရာ သင့်ဆိုက်သို့သာ

ရန်ကုန်တိုင်း လှိုင်သာယာ

ကြိုင်ဖြာဖြာ မွေးရနံ့လေး။

(တိုက်သီဟ စာချဆရာ ကာဗျကထာ လှူဒါန်းခြင်းလေး)

**မဟာသီဟနာဒ**

**နေပြည်တော်၊ တပ်ကုန်း**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မန္တလေးခရိုင်တရားရုံးတော်၌**

**၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၃၁၁**

| | | |
|---|---|---|
| ဦးဘသန်း | **နှင့်** | ၁။ ဒေါ်ခင်ထူး |
| | | ၂။ ဦးပေါ်များ |
| | | ၃။ ဦးမြဆွေ |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (သ-၉/၈၄)(ခ)ရပ်ကွက်၊ ၆၄×၆၅လမ်းကြား၊ သာယာဝတီမင်းကြီးလမ်းနှင့် ရွှေစေတီလမ်းကြားနေ ဦးပေါ်များနှင့် ဦးမြဆွေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးဘသန်းက တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၆၃ အရ ဝရမ်းကပ်ထားသော ပစ္စည်းပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၃၀ရက် (၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဧပြီ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရီရီထူး)**

**ဒုတိယခရိုင်တရားသူကြီး(၄)**

**မန္တလေးခရိုင်တရားရုံး**

## ဖိနမာရ်အောင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓဘိသေကဘုရားအနေကဇာတင်လှူခြင်းနှင့်အလှူရှင်များ ရေစက်ချအခမ်းအနားဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သာကေတမြို့နယ်၊ ၇/အနောက် ရပ်ကွက်တွင် တည်ထားကိုးကွယ်သော ဖိနမာရ်အောင်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့အား ၂၆-၃-၂၀၁၃ရက် တပေါင်းလပြည့်နေ့တွင် တင်လှူပူဇော်ပြီးဖြစ်ပါ၍ ဗုဒ္ဓဘိသေက ဘုရားအနေကဇာတင် အလှူတော်မင်္ဂလာနှင့် ရေစက်ချအခမ်းအနားကို ၁၇-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅:၀၀နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အလှူရှင်များအားလုံး ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်** ။ ။ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားသို့ တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဖိနမာရ်အောင်စေတီတော်**

**ဂေါပကအဖွဲ့**

### ဦးတင်ထွန်း ပါ-၆ ဦးနှင့် ဆက်ဆိုင်သူများသိစေရန်

MR.BLUE Co.,Ltd. အပြာရောင်သခင်ကုမ္ပဏီလီမိတက်မှ အလုပ်သမား ဦးတင်ထွန်း ပါ(၆)ဦးတို့အား ခုံသမာဓိကောင်စီ ခုံအဖွဲ့ အမှုတွဲအမှတ်-၁၅/၂၀၁၂ ညှိနှိုင်းဆုံးဖြတ်ချက်အရ အလုပ်မှနုတ်ထွက်ခွင့် ပြုခဲ့ပြီးဖြစ်ပါသည်။

၎င်းတို့သည် MR.BLUE Co.,Ltd. နှင့် မည်သို့မျှသက်ဆိုင်မှုမရှိတော့သဖြင့် ကုမ္ပဏီအကျိုးစီးပွား နစ်နာရန်နစ်နာကြောင်းများမပြုလုပ်ရန် သတိပေးလိုက်သည်။

လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

MR.BLUE Co.,Ltd. ၏လွှဲအပ်ချက်အရ -

| | |
|---|---|
| ဦးမျိုးဇော် (အထက်တန်းရှေ့နေ) | တိုက် ၆/၁/၃၊ ဆရာများရိပ်သာ |
| B.Sc, H.G.P, D.B.L, D.I.L, D.M.L, | လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ |
| DL-IP, WIPO in Geneva | ရန်ကုန်မြို့ Ph: 09 51 56683 |

E-mail : myomaw 2007@gmail.com

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ စုကြီးရပ်ကွက်၊ အကွက်အမှတ်/အမည် (၂၆/စုကြီးအကွက်)၊ ဦးပိုင်အမှတ် ၁၀၃၊ ဧရိယာ ၀ဒသမ ၀၉၀၈ဧကရှိ မြေကွက်သည် မြို့မြေအမှုတွဲအမှတ် ၅၉/၁၉၉၄-၉၅ဖြင့် ၁၄-၃-၂၀၂၄ ရက်အထိ နှစ် ၃၀ ဂရန် ဦးခင်မောင်မြင့်ပါ-၄ ဦး အမည်ပေါက်မြေကွက်အား မိသာစုစီမံမှုအရ အမွေခွဲဝေခြင်းဖြင့် ရရှိပိုင်ဆိုင်ထားသူ ဦးခင်မောင်မြင့် (ဇနီး) ဒေါ်ခင်မာချိုတို့မှ ၎င်းအမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာရာ ကန့်ကွက်လိုသူရှိပါက အကျိုးသက်ဆိုင်သူများအနေဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက မြေငှားဂရန် အမည်ပြောင်းဆောင်ရွက်ခြင်းကိစ္စရပ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးခင်မောင်မြင့်**

**၉/ကဆန(နိုင်)၀၇၇၄၄၉**

## အများသိစေရန် ကြေညာအပ်ပါသည်

ဦးမြင့်သိန်း၏သား ကျွန်တော်ဦးမြင့်နိုင် ၆/မအရ(နိုင်)၁၁၂၄၆၄ နှင့် ဦးအောင်ဝင်း၏သမီး မမိုးမိုးဝင်း ၆/မမန(နိုင်)၁၈၄၇၈၂တို့မှာ လွန်ခဲ့သော ၁၅နှစ် ခန့်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပြီး မြိတ်မြို့၊ မြိတ်တောင်ကျေးရွာ အုပ်စု၊ အောင်မင်္ဂလာရပ်ကွက်၊ သုခ ၂ လမ်းပေါ်တွင် နေထိုင်ခဲ့ပါသည်။ သားယောက်ျား နှစ်ဦးနှင့် သမီးငယ်တစ်ဦး မွေးဖွားခဲ့ပြီး ဖြစ်ပါသည်။

ကျွန်တော်၏ဇနီး မမိုးမိုးဝင်းသည် လင်အပေါ်ထားရှိရမည့် မယားဝတ္တရား၊ သားသမီးအပေါ်ထားရှိရမည့် မိဘဝတ္တရားများ မကျေပွန်သည့်အပြင် လင်ယောက်ျား၏ ဂုဏ်သိက္ခာကိုညှိုးနွမ်းစေရန် မကြာခဏပြုလုပ်ခဲ့ပါသည်။ နေအိမ်ပေါ်မှ မကြာခဏ ဆင်းပြီး အခြားတစ်နေရာတွင် သွားရောက်နေထိုင်ခြင်းပြုလုပ်ခဲ့သည်မှာ လေးကြိမ် ရှိပြီ ဖြစ်ပါသည်။

ဓလေ့ထုံးတမ်းဥပဒေချင်းမတူညီသော ဘာသာခြားမိသားစုနှင့် ကူးလူးရောနှော ဆက်ဆံပြီး ကျွန်တော်တို့၏အိမ်ထောင်ရေးကိုပျက်စီးစေရန် မကြာခဏပြုလုပ်ခဲ့ပါသည်။

မမိုးမိုးဝင်းသည် ကျွန်တော်၏ပြောဆိုဆုံးမခြင်းကို လုံးဝလိုက်နာခြင်းမရှိသည့် အပြင် ကျွန်တော်နှင့် သားသမီးသုံးဦးအား စွန့်ပစ်ခဲ့ပြီး ၁၇-၅-၂၀၁၂ရက်မှစ၍ နေအိမ်ပေါ်မှဆင်းသွားခဲ့သည်မှာ ယနေ့အချိန်တွင် တစ်နှစ်နီးပါးခန့်ရှိနေပြီး ဖြစ်ပါသည်။ မမိုးမိုးဝင်းသည် ပုလောမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ကျောက်ပုံဆိပ်၊ ထမင်းဆိုင် အနီးတွင် သွားရောက်နေထိုင်လျက်ရှိကြောင်း စုံစမ်းသိရှိရပါသည်။

သို့ပါ၍ မမိုးမိုးဝင်းအား ၁-၄-၂၀၁၃ရက်မှစ၍ ကျွန်တော်၏ဇနီးမယားအဖြစ် လုံးဝ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်မယူနိုင် ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဦးမြင့်နိုင်**

# ကြော်ငြာ

**ပျောက်ဆုံးကြောင်း**

ကျွန်တော် စထွန်းဇော်မြင့် ၁၄/ဝခမ(နိုင်)၁၈၂၆၂၂၏ ပတ်စ်ပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၃၉၃၃၁၀**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌**

**၂၀၁၃ ခုနှစ် တရားမအထွေထွေမှုအမှတ်-၄၂**

ဦးသက်ထွန်း **နှင့်** ၁။ ဦးမင်းသက်ဆန်း(ခ)ဦးပြည့် ၂။ ဒေါ်နီနီဝင်း

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

အမှတ် ၄၈၂၊ ခုနစ်လွှာ(ဝဲ)၊ သိမ်ဖြူလမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ယခုနေရပ်လိပ်စာမသိသူ)ဒေါ်နီနီဝင်း သိစေရမည်။

K 544280
K 544290
K 544291

K 544427
K 544518
K 544662
K 544738
k 544908
K 544985
K 545011
k 545102
k 545123
k 545314
K 545335
k 545426
K 545554
K 545600
K 545602
K 545712
K 545768
K 545832
K 545967
K 546034
K 546110
K 546383
K 546483
K 546552
K 546751
K 546802
K 546879
K 547602
K 547701
K 547783
K 547891
K 547986
K 548038
K 548058
K 548100
K 548187
K 548189
K 548251
K 548267
K 548302
K 548313
K 548362
K 548462
K 548463
K 548559
K 548566
K 548576
K 548618
K 548702
K 548705
K 548710
K 548799
K 548810
K 548821
K 548915
K 548957
K 548978
K 548983
K 548992
K 549016
K 549248
K 549371
K 549430
K 549500
K 549517
K 549522
K 549533
K 549619
K 549707
K 549823
K 549834
K 549841
K 549850
K 549854
K 549855
K 549869
K 549952
K 550310
K 550325
K 550332
K 550476
K 550547
K 550587
K 550730
K 550751
K 551032
K 551214
K 551383
K 551426
K 551498
K 551568
K 551827
K 551882
K 552074
K 552384
K 552470
K 552749
K 552813
K 552872
K 552893
K 553519
K 553521
K 553526
K 553578
K 553630
K 553719
K 553721
K 553742
K 553796
K 553805
K 553809
K 553841
K 553848
K 553886
K 553895
K 553946
K 553973
K 554427
k 554685
k 554698
k 554760
k 554769
k 554789
K 556128
K 556149
K 556200
K 556233
K 556389
K 556473
K 556851
K 556963
K 557112

K 557169
K 557424
K 558056
K 558272
K 558273
K 558441
K 558531
K 558723
K 558803
K 558845
K 558927
K 559009
K 559020
K 559179
K 559196
K 559280
K 559364
k 559536
k 559647
k 559898
k 559918
k 559973
k 559999
k 560028
K 560167
K 560232
K 560252
k 560302
K 560350
k 560385
K 560403
K 560519
k 560603
k 560699
K 560963
K 561001
K 561056
K 561230
k 561426
K 561599
K 561712
K 562210
K 562218
K 562669
K 562730
K 562760
K 562812
K 562816
K 562857
K 562951
K 563000
K 563025
K 563106
K 563126
K 563248
K 563350
K 563641
K 563651
K 563726
K 564040
K 564053
K 564213
K 564253
K 564354
K 564358
K 564461
K 564492
K 564983
K 565007
K 565065
K 565430
K 565492
K 565542
K 565580
K 565591
K 565600
K 565641
K 565675
K 565740
K 565784
K 566050
K 566158
K 566309
K 566434
K 566532
K 566761
K 566785
K 566830
K 566871
K 566920
K 566994
K 567046
K 567163
K 567189
K 567327
K 567401
K 567462
K 567503
K 567504
K 567685
K 567716
K 567728
K 567744
K 567768
K 567824
K 567948
K 568021
K 568044
K 568139
K 568351
K 569487
K 569651
K 569664
K 569669
K 569934
K 569965
K 570177
K 570192
K 570224
K 570274
K 570278
K 570311
K 570397
K 570427
K 570617
K 570649
K 570698
K 570738
K 570889
K 570923
K 570938
K 570946

K 571135
K 571301
K 571625
K 571649
K 571754
K 571779
K 571838
K 572083
K 572163
K 572408
K 572496
K 572527
K 572744
K 572780
K 572877
K 572972
K 573021
K 573121
k 573602
k 573627
k 573672
k 573710
k 573882
k 573895
K 573973
K 574158
K 574194
K 574195
K 574365
K 574384
K 574552
K 574577
K 574616
K 574950
K 574992
K 575059
K 575146
K 575206
K 575385
k 575454
k 575464
k 575515
k 575602
K 575631
k 575694
k 575708
k 575778
k 575818
K 575953
K 575971
K 576024
K 576093
K 576129
K 576273
k 576549
k 576587
k 576681
k 576686
k 576786
k 576819
k 576858
k 577131
K 577583
K 577929
K 578242
K 578746
K 578778
K 578846
K 578922
K 579024
K 579079
K 579157
K 579201
K 579300
K 579336
K 579693
K 579734
K 579807
K 579844
K 580057
K 580101
K 580134
K 580149
K 580240
K 580900
K 580947
K 581006
K 581282
K 581352
K 581493
K 581564
K 581569
K 581714
K 581742
K 581766
K 581786
K 581787
K 581788
K 581896
K 581942
K 582035
K 582043
K 582265
K 582270
K 582282
K 582289
K 582493
K 582570
K 582704
K 582720
K 582730
K 582822
K 582824
K 583112
K 583200
K 583318
K 583381
K 583616
K 583741
K 583765
K 583777
K 583871
K 583936
K 584110
K 584210
K 584244
K 584294
K 584390
K 584395
K 584586
K 584771
K 584795

K 585313
K 585381
K 585465
K 585921
K 585927
K 585992
K 586000
k 586176
K 586486
K 586619
K 586635
K 586678
K 586721
K 586880
K 586927
K 586952
K 587030
K 587033
K 587055
K 587125
K 587394
K 587396
K 587429
K 587453
K 587469
K 587678
K 587735
K 587749
K 587763
K 587853
K 588036
K 588141
K 588299
K 588583
K 588851
K 588897
K 588936
K 589130
K 589138
K 589277
K 589514
K 589582
K 589615
K 589707
K 589709
K 589722
K 589725
K 589749
K 589801
K 589880
K 589909
K 590001
K 590021
K 590485
K 590517
K 590537
K 590541
K 590551
K 590587
K 590601
K 590604
K 590610
K 590733
K 590738
K 590815
K 590825
K 590932
K 591061
K 591086
K 591122
K 591132
K 592125
K 592201
K 592318
K 592459
K 592551
K 593186
K 593301
K 593351
K 593663
K 593697
K 593851
K 594569
K 594600
K 594743
K 594748
K 594751
K 594851
K 595318
K 595752
K 596075
K 596183
K 596230
K 596383
K 596450
K 596459
K 596492
K 596543
K 596630
K 596720
K 596767
K 596791
K 596859
K 597263
K 597349
K 597449
K 597565
K 597631
K 597777
K 597856
K 597888
K 598340
K 598374
K 598425
K 598546
K 598630
K 598673
K 598686
K 598831
K 598889
K 598978
K 599169
K 599201
K 599266
K 599269
K 599334
K 599343
K 599348
K 599382
K 599501
K 599744
K 599853

K 599884
K 600229
K 600301
K 600532
K 600617
K 600751
K 600838
K 601001
K 601031
K 601050
K 601112
K 601167
K 601299
K 601444
K 601475
K 601601
K 601651
K 601879
K 602139
K 602141
K 602166
K 602205
K 602475
K 602701
K 602871
K 602905
K 602923
K 602925
K 602932
K 602941
K 602950
K 603186
K 603515
K 603540
K 603577
K 603756
K 603810
K 603835
K 603874
K 603968
K 604081
K 604157
K 604293
K 604331
K 604362
K 604366
K 604381
K 604582
K 604800
K 605000
K 605091
K 605144
K 605174
K 605249
K 605276
K 605320
K 605350
K 605492
K 605716
K 605839
K 605900
K 605969
K 606020
K 606021
K 606217
K 606281
K 606321
K 606363
K 606373
K 606527
K 606547
K 606670
K 606769
K 606810
K 607140
K 607207
K 607236
K 607286
K 607315
K 607349
K 607367
K 607422
K 607516
K 607689
K 607690
K 607715
K 607773
K 607805
K 608077
K 608164
K 608221
K 608229
K 608250
K 608296
K 608440
K 608543
K 608640
K 608691
K 608712
K 609146
K 609211
K 609295
K 609312
K 609370
K 609470
K 609669
K 609674
K 610033
K 610042
K 610087
K 610123
K 610155
K 610215
K 610297
K 610337
K 610418
K 610551
K 610556
K 610854
K 610893
K 610904
K 610950
K 611143
K 611165
K 611213
K 611327
K 611476
K 611534
K 611610
K 611645
K 611678
K 611712

K 611795
K 611863
K 611971
K 612025
K 612342
K 612474
K 612583
K 612849
K 613000
K 613122
K 613142
K 613244
K 613281
K 613328
K 613397
K 613653
K 613931
K 613962
K 614226
K 614378
k 614485
K 614581
K 614599
K 614637
K 614801
K 614968
k 614971
K 615005
K 615258
K 615317
K 615324
K 615345
K 615380
K 615424
K 615449
K 616434
K 616730
K 616780
K 616864
K 616914
K 616977
K 617088
K 617210
K 617282
K 617334
K 617459
K 617583
K 618039
K 618051
K 618156
K 618363
K 618527
K 618656
K 619011
K 619032
K 619062
K 619071
K 619082
K 619218
K 619238
K 619472
K 619582
K 619634
K 619689
K 619781
K 619846
K 619911
K 619974
K 620033
K 620212
K 620295
K 620359
K 620372
K 620623
K 621711
K 621933
K 621972
K 622286
K 622325
K 622395
K 622651
K 622838
K 622845
K 622889
K 622983
K 623116
K 623257
K 623347
K 623482
K 623545
K 623599
K 623610
K 623720
K 623875
K 624020
K 624108
K 624242
K 624368
K 624801
K 624866
K 624951
K 625297
K 625436
K 625445
K 625495
K 625598
K 625681
K 625850
K 625985
K 626127
K 626442
K 626701
K 626791
K 626869
K 626930
K 627140
K 627221
K 627447
K 627527
K 627545
K 627697
K 627966
K 628137
K 628229
K 628555
K 628607
K 628952
K 629255
K 629284
K 629441
K 629494
K 629506

K 629599
K 629678
K 629820
K 629929
K 630019
K 630040
K 630058
K 630086
K 630187
K 630241
K 630271
K 630290
K 630300
K 630357
K 630387
K 630738
K 630896
K 631011
K 631092
K 631136
K 631188
K 631546
K 631652
k 632684
K 633126
K 633200
K 633230
K 633295
K 633312
K 633411
K 633486
K 633491
K 633684
K 633738
K 633798
K 633799
k 634179
k 634278
k 634305
k 634361
k 634374
k 634407
k 634415
k 634542
k 634561
k 634624
K 634934
K 635100
K 635233
K 635277
K 635501
K 635596
K 635807
K 636205
K 636828
k 636858
k 637008
k 637053
k 637071
K 637539
K 637562
K 637571
K 637577
K 637616
K 637665
K 637688
K 637743
K 637952
K 638019
K 638528
K 638570
K 638829
K 638836
K 638945
k 639061
k 639104
k 639170
K 639201
k 639300
K 639315
K 639561
K 639887
K 639932
K 639949
K 639955
K 640060
K 640071
K 640200
K 640401
K 640501
K 640565
K 640601
K 640851
K 640879
K 640926
K 640942
K 641031
K 641090
K 641225
K 641436
K 641597
K 641748
K 641756
K 641786
K 641898
K 641949
K 641989
K 642031
K 642045
K 642093
K 642205
K 642271
K 642276
K 642331
K 642437
K 642464
K 642482
k 642672
K 643128
K 643338
K 643748

K 645540
K 645572
K 647541
K 647722
K 647805
K 647806
K 647892
K 647950
K 648119
K 648246
K 648466
K 648625
K 648654
K 648768
K 648886
K 649025
K 649174
K 649279
K 649397
K 649464
K 649475
K 649559
K 649652
K 649725
K 649777
K 649914
K 649993
K 650010
K 650019
K 650054
K 650068
K 650117
K 650187
K 650204
K 650315
K 650343
K 651775
K 651887
K 651913
K 652051
K 652150
K 652160
K 652217
K 652280
K 652281
K 652386
K 652774
K 652815
K 652862
K 652888
K 652965
K 653006
K 653076
K 653092
K 653237
K 653570
K 653598
K 653620
K 653640
K 653666
K 653782
K 653928
K 654052
K 654184
K 654230
K 654410
K 654431
K 654500
K 654699
K 655980
K 656230
K 656561
K 657001
K 657107
K 657305
K 657359
K 657381
K 657414
K 657537
K 657589
K 657688
K 657879
K 657901
K 657992
K 658262
K 658375
K 658413
K 658547
K 658579
K 658614
K 658708
K 658901
K 659050
K 659073
K 659139
K 659193
K 659401
K 659465
K 659918
K 659995
K 660002
K 660308
K 660468
K 660667
K 661009
K 661450
K 661485
K 661634
K 661701
K 662035
K 662200
K 662433
K 662434
K 662502
K 662700
K 662801
K 662871
K 664095
K 664324
K 664504
K 664826
K 665351
K 665496
K 665762
K 665781
K 665791
K 665825
K 665847
K 666064
K 666146
K 666172

ကံထူးရှင်များသည် ဆုငွေထုတ်ယူရန် ဤကြော်ငြာပါသည့်နေ့မှစ၍ (၄၅) ရက်အတွင်း သက်ဆိုင်ရာရုံးခွဲတွင် စုံစမ်းမေးမြန်း၍ လာရောက်ထုတ်ယူနိုင်ပါသည်။ ဆုငွေများကို ရုံးဖွင့်ရက်များတွင် နံနက် (၁၀း၀၀) နာရီမှ မွန်းလွဲ (၂း၃၀) နာရီအထိ လာရောက်ထုတ်ယူနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ဆုငွေလာရောက်ထုတ်ယူခြင်းမရှိပါက ပယ်မဲအဖြစ် သတ်မှတ်မည် ဖြစ်ပါသည်။ ထို့အပြင် (၂၅.၁၀.၂၀၁၂) မှ (၃.၁၂.၂၀၁၂) အထိ sms ပေးပို့ထားသူများထံမှ ငွေကျပ် နှစ်သောင်း ကံထူးရှင် စုစုပေါင်း (၄၀၀) ဦးကို ရွေးချယ်အကြောင်းကြား၍ ဆုငွေများ ထုတ်ပေးပြီး ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (၃၁.၅.၂၀၁၃ )နေ့တွင် သက်တမ်းကုန်ဆုံးမည့် ကူပွန်များကို sms ပေးပို့ထားသူများထံမှ နေ့စဉ်ကံထူးရှင် (၁၀)ဦးကို (၁၅.၁.၂၀၁၃) မှ (၃၁.၅.၂၀၁၃) အထိ ရွေးချယ်ပေးနေပြီဖြစ်ပါကြောင်း ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။

## ကြော်ငြာ

### အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ လင်းကယ်ကျေးရွာနေ ဦးတင်အောင်၏သမီး မှတ်ပုံတင်အမှတ် ၈/မလန(နိုင်) ၀၆၂၅၇၈ ကိုင်ဆောင်သူ မသန်းဆင့်အား မမြတ်ဆင့်ဆင့်ခင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမြတ်ဆင့်ဆင့်ခင် ၈/မလန(နိုင်)၀၆၂၅၇၈**

### အမည်ပြောင်းနှင့်မွေးသက္ကရာဇ်အမှန်ဖြစ်ပါကြောင်း

ရမည်းသင်းမြို့နယ်၊ ဝါးရုံတော(အရှေ့)နေ ဦးမြိုင်မောင်၏သမီး မိတ္ထီလာတက္ကသိုလ် တတိယနှစ်မှ မဖွေးဖွေးသူ ၉/ရမသ(နိုင်) ၁၅၁၆၁၆ အား မရွှေနှင်းဆီဟု ပြောင်းလဲခေါ်ပါရန်နှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၆-၆-၁၉၉၃ ဖြစ်ပါကြောင်း။

**မရွှေနှင်းဆီ ၉/ရမသ(နိုင်)၁၅၁၆၁၆**

### ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂အိတ်ချ်၊ မြေကွက်အမှတ် ပဋ္ဌမတန်းစား ၉၄၊ မြေကွက်တည်နေရာအမှတ် ၂၇၊ မန္တလေးလမ်းသွယ် ၃လမ်း၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်စရီနာအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်မိခင် ဒေါ်စရီနာနှင့် ဖခင် ဦးဆာမိ(ခ)ဒင်းမိုဟာမက် ကွယ်လွန်သဖြင့် (၁) ဦးတင်ဝင်း ၁၂/မဂတ (နိုင်)၀၁၉၉၇၈၊ (၂) ဦးတင်လှ ၁၂/မဂတ(နိုင်)၀၂၃၈၅၁၊ (၃) ဒေါ်အေးမြင့် ၁၂/ မဂတ(နိုင်) ၀၂၄၇၅၄၊ (၄) ဦးတင်ဌေး MTNT-၀၂၅၁၀၅၊(၅) ဒေါ်သန်းသန်းမြင့် MTNT- ၀၃၄၇၂၈၊ (၆) ဒေါ်မြမြဝင်း ၁၂/မဂတ(နိုင်)၀၇၈၁၁၅ တို့က သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈/၃၂၂၃ ယာဉ်လက်ဝယ်ရှိသူ ဦးသောင်း ၁၂/သဃက(နိုင်)၀၁၂၈၇၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**အလိမ္မာ စာမှာရှိ**




### ပြည်တွင်းဌာသခန့်ထားရန်

StarWayCo.,Ltd၏နိုင်ငံတကာအဆင့်မြင့်(FMCG) ကုန်ပစ္စည်းဖြန့်ဖြူး ရောင်းချမှုအားအောက်ပါရာထူးနေရာများတွင် [illegible] လာရောက်လျှောက်ထားနိုင်ပါသည်။

မြန်မာနိုင်ငံ(အောက်ပိုင်း) တွင်ခန့်ထားရန်
ရန်ကုန်(ရုံးချုပ်)တွင်ခန့်ထားရန်

| | | |
|---|---|---|
| (1) National Sales Manager | ကျား/မ | (၁) ဦး |
| (2) Assistant Sales Manager | ကျား/မ | (၂) ဦး |
| (3) Sales Executive | ကျား | (၂) ဦး |
| (4) supervisor | ကျား | (၅) ဦး |
| (5) Senior Sales Representative | ကျား | (၁၀)ဦး |
| (6) Sales Representative | ကျား | (၃၀)ဦး |
| (7) Driver | ကျား | (၆) ဦး |
| (8) Chief Accountant | ကျား/မ | (၁) ဦး |

လျှောက်ထားရမည့်လိပ်စာ - အမှတ်(၃၁) ပြည်လမ်း(၇)မိုင် မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-[illegible] လိုအပ်သည့်အရည်အချင်းများ

(1) National Sales Manager ရာထူးအတွက်- ဘွဲ့ရ MBA အသက်(၃၅)နှစ်အထက်၊ Sales&Distribution Planning ကို ကျွမ်းကျင်စွာ [illegible] လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁၅)နှစ်၊ နိုင်ငံတကာကုမ္ပဏီတွင် လုပ်ကိုင်ဖူးသူ ဦးစားပေးမည်။

(2) Assistant Area Sales Manager ရာထူးအတွက်- ဘွဲ့ရ အသက်(၃၀)နှစ်အထက်၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁၀)နှစ်

(3) Sales Executive ရာထူးအတွက်- ဘွဲ့ရ အသက်(၂၅)နှစ်အထက် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၅)နှစ်

(4) Supervisor ရာထူးအတွက်- ဘွဲ့ရ အသက်(၂၅)နှစ်အထက်၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်

(5) Senior Sales Representative ရာထူးအတွက်- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်(၁၈)နှစ်အထက် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်

(6) Sales Representative ရာထူးအတွက် - တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်(၁၈)နှစ်အထက် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်

(7) Driver ရာထူးအတွက် - အနည်းဆုံးတက္ကသိုလ်ဝင်တန်း၊ အသက်(၂၀)နှစ်အထက်

(8) Chief Accountant ရာထူးအတွက် - B.Com. CPA အောင်မြင်ပြီး အသက်(၃၀)နှစ်အထက် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်

အမှတ်စဉ် (1)မှအမှတ်စဉ် (4) အထိနှင့် အမှတ်စဉ် (8) အထိလျှောက်ထားသူများသည်English နှင့် Computer ကျွမ်းကျင်သူဖြစ်ရမည်။ အမှတ်စဉ်(1)မှအမှတ်စဉ်(7)အထိလျှောက်ထားသူများသည် ယာဉ်မောင်းလိုင်စင်ရှိ၍ မော်တော်ယာဉ်ကျွမ်းကျင်စွာမောင်းနှင်နိုင်ပြီး မြန်မာနိုင်ငံအတွင်းမည်သည့်ဒေသမဆို ကျွမ်းကျင်စွာမောင်းနှင်နိုင်ပြီး မြန်မာနိုင်ငံအတွင်းမည်သည့်ဒေသမဆိုကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများ - ကိုယ်ရေးရာဇဝင်၊ ဘွဲ့လက်မှတ်(မိတ္တူ)၊ သန်းခေါင်စာရင်း(မိတ္တူ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့်မြို့နယ်ရဲစခန်း၏ထောက်ခံချက်(မူရင်း) အလုပ်သမားမှတ်ပုံတင်(မိတ္တူ)၊ လျှောက်လွှာတင်ပြီ(၁)လအတွင်းရိုက်ထားသော (Passport) ဓာတ်ပုံ(၂)ပုံတို့နှင့်တကွ ပူးတွဲ၍ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်းအထက်ပါလိပ်စာသို့လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
# ရန်ကုန်နည်းပညာတက္ကသိုလ်
# ဘွဲ့လွန်ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ၂၀၁၃ ခုနှစ် ဇွန် ၃ ရက်မှစတင်၍ အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

| စဉ် | ဖွင့်လှစ်မည့်ဌာန | ဖွင့်လှစ်မည့်သင်တန်းများ | အခြေခံဘွဲ့လိုအပ်ချက် |
|---|---|---|---|
| ၁။ | မြို့ပြအင်ဂျင်နီယာ | ၁။ Diploma in Structural Engineering | B.E. (Civil) |
| | | ၂။ Diploma in Water Resources Engineering | B.E.(Civil) |
| | | ၃။ Diploma in Environmental Engineering | B.E. (Civil/Chemical) |
| | | ၄။ Diploma in Environmental Planning and Management | All B.E/B.Arch./M.B.,B.S/ B.D.S/M.Sc. (Chemistry)/ M.Sc.(IC)/M.Sc(Zoology)/ M.Sc. (Marine Biology)/ B.Sc. (Forestry/B.Ag.) |
| | | ၅။ Diploma in Geotechnical Engineering | B.E. (Civil) |
| | | ၆။ Diploma in Transportation Engineering | B.E. (Civil) |
| | | ၇။ Diploma in Construction Management | B.E. (Civil) |
| | | ၈။ Diploma in Surveying, Remote Sensing and GIS | B.E. (Civil/Mining)/B.Arch./ B.E. (MAEU)/B.E.(MME)/ M.Sc. (Geology)/B.Arch. M.A. (Geography)/ B.Sc. (Forestry) |
| | | ၉။ Diploma in Urban Planning and Infrastructure Design | B.E. (Civil)/B.Arch./ M.A. (Geography) |
| ၂။ | စက်မှုအင်ဂျင်နီယာ | ၁။ Diploma in Renewable Energy Engineering | All B.E. |
| | | ၂။ Diploma in Industrial Engineering Technology | All B.E. |
| ၃။ | လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ | ၁။ Diploma in Renewable Energy System | B.E. (EP,EC), M.Res(Phys), M.S. (Engg:Phys), M.Sc. (Phys) |
| | | ၂။ Diploma in Power System Control Engineering | B.E. (EP,EC), M.Res. (Phys), M.S. (Engg:Phys), M.Sc. (Phys) |
| ၄။ | မက္ကထရောနစ်အင်ဂျင်နီယာ | Diploma in Biomedical Engineering Technology | B.E. (IT,EC,Mech.,McE.,EP M.S. (Engg: Physics),M.Sc. (Phy., Specialization in Electronics) |
| ၅။ | ဓာတုအင်ဂျင်နီယာ | ၁။ Diploma in Food Technology | B.E. (Chemical)/M.B.,B.S/B.V.S/ B(Pharm)/B.Med. Tech/B.Sc(IC)ဘွဲ့ရရှိသူများ၊ အစိုးရဌာနမှ အစားအသောက်ဆိုင်ရာ လုပ်ငန်းတွင် အနည်းဆုံးလုပ်သက်(၃)နှစ်ရှိပြီးသော B.Sc (Chemistry)/B.Sc (Zoology)/B.Sc(Botany)/B.Ag ဘွဲ့ရရှိသူများ |
| | | ၂။ Diploma in Biomass Energy | B.E. (Chemical) |
| ၆။ | ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ | ၁။ Diploma in Textile Engineering | B.E. (Textile) |
| ၇။ | သတ္တုတူးဖော်ရေးအင်ဂျင်နီယာ | ၁။ Diploma in Mine Project Management | B.E. (Mining) |
| | | ၂။ Diploma in Environmental Impact Assessment and Environmental Management System | All B.E./B.Arch./M.B.,B.S/ All M.Sc./B.Sc.(Forestry)/B.Ag. |
| | | ၃။ Diploma in Geotechnical Engineering for Tunnel Construction | B.E (Mining, Civil)/ M.Sc.(Geology) |
| ၈။ | ရေနံအင်ဂျင်နီယာ | ၁။ Diploma in Petroleum Engineering | B.E. (Petroleum) |
| ၉။ | သတ္တုဗေဒအင်ဂျင်နီယာ | ၁။ Diploma in Extractive Metallurgy | B.E. (Met.,Min), B.Sc.(Geol.) |
| | | ၂။ Diploma in Adaptive Metallurgy | B.E (Met., Mech.) |
| | | ၃။ Diploma in Experimental Archaeometallurgy | B.E (Met.)/B.Sc. (Che.)/ B.A (Archaeology) |
| ၁၀။ | ဗိသုကာ | ၁။ Diploma in Settlement Planning and Design | B.Arch/B.E. (Civil) |
| ၁၁။ | အင်ဂျင်နီယာဘူမိဗေဒ | ၁။ Diploma in Engineering Geology | B.Sc (Geology) (Hons.)/ B.Tech (Civil/Min./Pet.) |

၂။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-
(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး (သုံးဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူတင်ပြနိုင်ရမည်)။
(ခ) ဘွဲ့လိုအပ်ချက်မှာ အထက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်းဖြစ်ပါသည်။ အကယ်၍ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာအင်ဂျင်နီယာဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
(ဂ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်(မူရင်း)တင်ပြရမည်။
(င) သင်တန်းတက်ရောက်မည့်သူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အဆင့် ဆေးရုံမှဆရာဝန်၏ထောက်ခံချက် လက်မှတ်တင်ပြနိုင်ရမည်။

၃။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်၊ ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံသုံးပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်များမှ ဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။

၄။ လျှောက်လွှာပုံစံများကို ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင်ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၃၀-၄-၂၀၁၃ ရက်(အင်္ဂါနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၅။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၆-၅-၂၀၁၃ ရက် (တနင်္လာနေ့) | အင်္ဂလိပ်စာ | နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ |
| ၇-၅-၂၀၁၃ ရက် (အင်္ဂါနေ့) | သက်ဆိုင်ရာဘာသာရပ် | နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ |

၆။ ရေးဖြေစာမေးပွဲအောင်စာရင်းကို ၂၀-၅-၂၀၁၃ ရက် (တနင်္လာနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများအား ၂၂-၅-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပြီး ဘွဲ့လွန်ဒီပလိုမာသင်တန်း တက်ရောက်ခွင့်ရရှိသူများ၏အမည်စာရင်းကို ၃၁-၅-၂၀၁၃ ရက် (သောကြာနေ့)တွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်။

၇။ ဘွဲ့လွန်ဒီပလိုမာသင်တန်းအသီးသီး၌ မဟာဘွဲ့သင်တန်းတက်ရောက်ရန် အရည်အချင်းပြည့်မီစွာ အောင်မြင်သူများအား ၎င်းဘာသာရပ်တွင် မဟာဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၉။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၊ ဖုန်း-၀၁-၆၄၂၄၁၃၊ ၀၁-၆၄၂၅၆၀ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

# ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာ ဒေါ်သံဒါဖြူ

အသက်(၈၇)နှစ်

Fortune International Ltd မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာမြဟန်-ဒါရိုက်တာ ဒေါ်ခင်စပယ်ကြည်တို့၏မိခင် ဒေါက်တာဒေါ်သံဒါဖြူသည် ရန်ကုန်မြို့၌ ၉-၄-၂၀၂၃ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး-ဒေါ်နီနီ မိသားစု**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာ ဒေါ်သံဒါဖြူ အသက်(၈၇)နှစ်

Fortune International Limited မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာမြဟန်-ဒါရိုက်တာ ဒေါ်ခင်စပယ်ကြည်တို့၏မိခင် ဒေါက်တာဒေါ်သံဒါဖြူသည် ရန်ကုန်မြို့၌ ၉-၄-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **၁၉၈၂-၈၃ B.V.S ကျောင်းဆင်းသူငယ်ချင်းများ**

---

## (၉)နှစ်ပြည့် လွမ်းဆွတ်သတိရ အမျှပေးဝေခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတိုင်း ဒါယကာကြီး

သတင်းစာဆရာ၊ စာရေးဆရာ

## ဦးကြည်ညွှန့် (ချစ်ကြည်ရေး-ကြည်ညွှန့်)

သတင်းစာပညာဒီပလိုမာ (၁၉၅၇)

မြန်မာနိုင်ငံသတင်းစာပညာအတတ်သင်ကျောင်း

အယ်ဒီတာချုပ်(ငြိမ်း)၊ မြန်မာ့အလင်းသတင်းစာ

အနန္တကျေးဇူးရှင်ဖေဖေ ကွယ်လွန်ခဲ့သည်မှာ ၁၁-၄-၂၀၂၃ရက်တွင် (၉) နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပါပြီ။ ဖေဖေ့အတွက်ရည်စူး၍ လှူဒါန်းလျက်ရှိသော နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ကုသိုလ်ကောင်းမှုများကို ဖေဖေရောက်လေရာ ဘုံဘဝ၊ ဘုံဌာနမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါရန် အမျှပေးဝေလိုက်ပါသည်။

ဖေဖေရေ-အမျှ-အမျှ-အမျှ ယူတော်မူပါ။

**ဇနီး ဒေါ်ခင်ခင်နုနှင့်မိသားစု**

---

အထူးကျေးဇူးတင်လွှာ

## ဦးကျော်မင်းသန့်(ခ)ဦးလှသန်း (သာယာဝတီ)

၃၁-၃-၂၀၂၃ရက်တွင် သာယာဝတီမြို့၌ကွယ်လွန်သွားသော ဆရာဦးကျော်မင်းသန့်(ခ)ဦးလှသန်း အသက်(၇၃)နှစ် (ပညာရှာ အင်္ဂလိပ်စာနည်းပြဆရာ)၏ နာရေးကိစ္စအဝဝကို အစမှအဆုံးတိုင် ဝိုင်းဝန်းကူညီပေးကြသော ဒေါက်တာအောင်သန်းနှင့် ငြိမ်းချမ်းရေး နာရေးကူညီမှုအသင်း၊ သာယာဝတီမြို့နယ် ပညာရေးမှူးနှင့် ရုံးဝန်ထမ်းများ၊ ဆရာဦးကိုဝင်း(ပညာပျိုးခင်း)၊ ဆရာဦးတင်ရွှေ (ထိပ်တန်းအောင်)၊ ဆရာဦးဟန်ဇော်ထွန်း(အလင်းသစ်)၊ ဆရာဦးရဲထွဋ်နှင့် တပည့်ဟောင်း၊ တပည့်သစ်များ၊ ဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ဝိုင်းဝန်းကူညီပေးကြသောသူများအား အထူးကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးဝဏ္ဏရဲဝင်း(ပြင်ဦးလွင်)၏ဖခင် ဦးရဲဝင်းသည် ၈-၄-၂၀၂၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးကြီးမျိုးသန့်-ဒေါ်သီတာတိုး**

**ပြင်ဦးလွင်**

---

## ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးဝဏ္ဏရဲဝင်း(ပြင်ဦးလွင်)၏ဖခင် ဦးရဲဝင်းသည် ၈-၄-၂၀၂၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဌာနချုပ်မှူးနှင့် အရာရှိ၊ အရာခံ၊ စစ်သည်**

**မိသားစုများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်ခင်ခင်တင့် (ဝါးခယ်မ)

အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် ၆၄၁၊ ဦးစလမ်း၊ (၄၂)ရပ်ကွက်နေ ဦးထွန်းမောင်၏ဇနီး၊ ဦးနေဝင်းထွန်း-ဒေါ်နှင်းယုလွင်၊ ဗိုလ်မှူးသစ်လွင်(ငြိမ်း)-ဒေါ်သီတာ၊ ဗိုလ်မှူးရဲဝင်းထွန်း-ဒေါ်နေခြည်ထက်ထက်စိုးတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၀-၄-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၂၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၂၃ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် ၆၄၁၊ ဦးစလမ်း၊ (၄၂)ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်ခင်တင့် (ဝါးခယ်မ)

အသက်(၆၄)နှစ်

ဗိုလ်မှူးသစ်လွင်(ငြိမ်း)(အထွေထွေမန်နေဂျာ၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း) - ဒေါ်သီတာတို့၏မိခင် ဒေါ်ခင်ခင်တင့် အသက်(၆၄)နှစ်သည် ၁၀-၄-၂၀၂၃ရက် နံနက် ဝ၃း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ဒါရိုက်တာနှင့်မိသားစု**

**အရာထမ်းအမှုထမ်းမိသားစု**

---

## ဦးသန့်သူမိုး(သန်လျင်) (Best Video အခွေဆိုင်)

အသက်(၄၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ ဗိုလ်သန်းတင်လမ်း၊ အမှတ် ၂၆နေ ဦးအောင်မြင့်(ရေနံ၊ ငြိမ်း)-ဒေါ်ခင်မာညိုတို့၏ သားလတ်၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ရွာ၊ ကျောင်းပိုင်းနေ ဦးမြသိန်း-ဒေါ်မြင့်ကြည်တို့၏သားသမက်၊ ကိုအောင်သူမိုး-မအေးအေးမူ၊ ကိုဝင်းသူမိုး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)-မသင်းသင်းခိုင်တို့၏ညီ/မောင်၊ ကိုထွန်းသူမိုး၊ ကိုဝင်းဇော်-မနီလာမြင့်တို့၏အစ်ကို၊ မသိမ့်သိမ့်အေး(သင်္ဂီတဖိတ်စာဆိုင်)၏ခင်ပွန်း၊ မောင်အံ့ဦးအောင်၏ဖခင်၊ တူ၊တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၉-၄-၂၀၂၃ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၂၃ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ဗိုလ်ချုပ်ရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါက်တာဒေါ်သံဒါဖြူ (မေ့ဆေးအထူးကုဆရာဝန်ကြီး၊ ငြိမ်း)

အသက်(၈၇)နှစ်

စစ်တွေမြို့နေ(ဦးကျော်ဇံ-ဒေါ်နု)တို့၏သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မာလာလမ်းသွယ်၊ ပြည်လမ်း၊ အမှတ်(615/D1)နေ အငြိမ်းစားပါမောက္ခ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဇော်ဝင်း၏ဇနီး၊ ဦးအောင်ခိုင်-ဒေါ်ခင်စောဝေ၊ ဦးမြဟန်-ဒေါ်ခင်စပယ်ကြည်၊ ဒေါက်တာသန်းဝင်း-ဒေါ်တင်တင်အေး(မီးမီး)၊ ဦးစောထွေးဇော်-ဒေါ်သက်သက်တင်တို့၏မိခင်၊ မမြမာလာဟန်၊ မဝေရီခိုင်၊ မောင်ပိုင်ဆက်ခိုင်၊ မထက်မြတ်ဟန်၊ မောင်မင်းထက်ခိုင်၊ မလင်းလက်ဝင်း၊ မောင် Brandon မောင်ဝင်း၊ မသက်သက်နွေးထွေး၊ မ Amy မီမီဝင်း၊ မောင်အေးခန့်ဇော်တို့၏အဘွားသည် အာရှတော်ဝင်ဆေးရုံ၌ ၉-၄-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၂၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ဂူသွင်းမည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၂၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊မာလာလမ်းသွယ်၊ ပြည်လမ်း၊ အမှတ် 615/D1 နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သံဒါဖြူ (မေ့ဆေးဆရာဝန်ကြီး၊ ငြိမ်း)

မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီး(ရန်ကုန်)

အသက်(၈၇)နှစ်

ရန်ကုန်မြို့နေ ဒေါက်တာသန်းဝင်း(MD, Concordia int's Co., Ltd.)-ဒေါ်မီမီဝင်း (Director Concordia int's Co.,Ltd.)တို့၏မိခင်ကြီး ဒေါက်တာဒေါ်သံဒါဖြူ(မေ့ဆေးဆရာဝန်ကြီး၊ ငြိမ်း) မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီး(ရန်ကုန်)သည် ၉-၄-၂၀၂၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Concordia int's Co., Ltd.**

**ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှ ဝန်ထမ်းများ**

---

## ဦးထွန်းရွှေ

(ဘိုကလေးမြို့နယ်အသင်း ကန်တော့ခံ ရာသက်ပန်အသင်းဝင်)

အသက်(၈၃)နှစ်

ဘိုကလေးမြို့နေ ဦးကျင်ဟုတ်-ဒေါ်ကြင်တို့၏သား၊ ဦးပုကြီး-ဒေါ်အုန်းခင်တို့၏သားသမက်၊ (ဒေါ်သန်းမီ)၏ခင်ပွန်း၊ (ဒေါ်အေးအေးဆန်း)၊ (ဦးဝေလွင်)-ဒေါ်သန်းသန်းအေး၊ ဦးတင့်လွင်-ဒေါ်နွဲ့နွဲ့ဦး၊ ဦးအောင်သူ-ဒေါ်နီလာမိုး၊ ဦးမျိုးလွင်-ဒေါ်ချယ်ရီလွင်တို့၏ဖခင်၊ မြေး ၁၄ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၉-၄-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၁၁း၂၀နာရီတွင် အမှတ် ၂၉၇၊ မြို့ပတ်လမ်းသွယ်(၂)၊ သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၂၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးငြိမ်းဖေ (ခရားအပြင်ရွာ၊ ဘားအံမြို့နယ်)

အသက်(၈၂)နှစ်

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ခရားအပြင်ရွာနေ (ဦးညား-ဒေါ်အုံးစဉ်)တို့၏သား၊ ဒေါ်တာပို့၏ခင်ပွန်း၊ (ဦးညောက်)၊ ဦးစစ်တီး၊ ဦးကျယ်လာတို့၏အစ်ကို၊ ဦးထွန်းရှိန်(တာဝန်ခံအင်ဂျင်နီယာ၊ TZTM Co., Ltd.)-ဒေါ်ခင်စိန်ကြည် (သားဖွားဆရာမ၊ ငြိမ်း)၊ ဦးအောင်ခင်-ဒေါ်တင်ငွေ၊ ဦးဝင်းတင်၊ ဦးကျော်မင်းထွန်း-ဒေါ်မြင့်ကြည်တို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၉-၄-၂၀၂၃ရက် ညနေ ၃း၂၄နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စိုးရီ(အုန္နဲ) အသက်(၈၀)

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အုန္နဲစံပြကျေးရွာနေ (ဦးရွှေဘ-ဒေါ်ခင်မြ)၊ (ဦးမောင်မောင်သွင်-ဒေါ်ခင်သိန်း)တို့၏သမီး၊(ဦးဘညွန့်-ဒေါ်ဖွားမြစ်)တို့၏ သမီးချွေးမ၊ အမှတ်(H-2)၊ ရွှေအင်ကြင်းလမ်း၊ ရွှေသရဖီရိပ်မွန်၊ ကမာရွတ်မြို့နယ်နေ (ဦးစိန်မြင့်)၏ဇနီး၊ ဦးမြတ်သူ-ဒေါ်သန်းသန်းအေး၊ (ဦးသန့်ဇင်)၊ ဒေါ်နွယ်နီအေး၊ ဦးမျိုးခိုင်-ဒေါ်ငွေငွေဝင်း၊ ဒေါ်အိအိမိုးမြင့်(ခေတ္တ-စင်ကာပူ)၊ ဦးတင်မိုးလွင်-ဒေါ်ယုယုနွယ်(ခေတ္တ-စင်ကာပူ)တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၉-၄-၂၀၂၃ရက်(အင်္ဂါနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်သီတာဖြူ (မြိတ်)

အသင်းဝင်အမှတ်(၂၀၄၇)

အသက်(၆၆)နှစ်

မြိတ်မြို့၊ နောက်လယ်ရပ်၊ ၁၀လမ်း၊ အမှတ် ၄၃၂နေ ဦးဖော်ရှင်-ဒေါ်သန်းရွှေတို့၏သမီး၊ ဦးထွန်းရှင်(ခ)ဦးခွေးငယ်၏ဇနီးသည် ၈-၄-၂၀၂၃ရက် (တနင်္လာနေ့)နံနက် ၆နာရီတွင်ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၂၃ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

---

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)

## ဦးဇော်မြင့် (ကျောက်တံခါး)

အလုပ်အမှုဆောင်အဖွဲ့ဝင်

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၆ လမ်း၊ အမှတ် ၁၀၊ သုံးလွှာ(အေ)နေ ဒေါ်အေးအေးမြင့်၏ခင်ပွန်း၊ မောင်စိုးဝဏ္ဏဇော်-မအေးအေးမျိုး၊ (မောင်အောင်သူရဇော်)၊ မောင်ထက်မြက်ဇော်တို့၏ဖခင်၊ မသဒ္ဒါမေမြတ်နိုး၏အဘိုးသည် ၉-၄-၂၀၂၃ရက်(အင်္ဂါနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၄-၂၀၂၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) အလုပ်အမှုဆောင်အဖွဲ့

---

## ဦးဇော်မြင့် (ကျောက်တံခါး)

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၆ လမ်း၊ အမှတ် ၁၀၊ သုံးလွှာ(အေ)နေ ဒေါ်အေးအေးမြင့်၏ခင်ပွန်း၊ မောင်စိုးဝဏ္ဏဇော်-မအေးအေးမျိုး၊ (မောင်အောင်သူရဇော်)၊ မောင်ထက်မြက်ဇော်တို့၏ဖခင်၊ မသဒ္ဒါမေမြတ်နိုး၏အဘိုးသည် ၉-၄-၂၀၂၃ရက်(အင်္ဂါနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၄-၂၀၂၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးဇော်မြင့် (ကျောက်တံခါး)

အသက်(၅၆)နှစ်

ကျောက်တံခါးမြို့၊ အမှတ် ၇၊ ဗိုလ်ချုပ်လမ်းနေ(ဦးဝှက်လာ-ဒေါ်ကျင်ညွန့်)တို့၏သား၊ ဦးမြင့်ဝင်း-ဒေါ်ခင်မာဖြူ၊ ဦးမြင့်လွင်-ဒေါ်တင်တင်ယု၊ ဦးသက်လွင်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးကျော်ထွန်း-ဒေါ်သိန်းသိန်းလွင်၊ (ဦးမျိုးလွင်)-ဒေါ်လွင်လွင်သန်းတို့၏ ညီ/မောင်၊ (ဦးဇော်တင့်)-ဒေါ်ပိုပိုမွန်၊ ဦးကိုကိုအောင်-ဒေါ်ရီရီသိန်းတို့၏ အစ်ကိုသည် ၉-၄-၂၀၂၃ရက်(အင်္ဂါနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၄-၂၀၂၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမောင်နှမတစ်စု

---

ရဟန်းဒါယကာ

## ဦးတင်မောင်

အသက်(၈၉)နှစ်

မအူပင်မြို့ (ဦးဘိုးဆောက်-ဒေါ်ငွေမှုင်)တို့၏သား၊ (ဦးပန်းလှိုင်-ဒေါ်မှုင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၁၀၈၊ (၁၀)ရပ်ကွက်၊မဇ္ဈိမရာဇာလမ်းနေ ဒေါ်သန်းမြိုင်၏ခင်ပွန်း၊ ဘဒ္ဒန္တကောဝိဒ (ဓမ္မာစရိယ) (ရွှေသလ္လာ ပရိယတ္တိစာသင်တိုက်)၏ ခမည်းတော်၊ ဦးဝင်းမောင်-(ဒေါ်ယဉ်စိန်)၊ ဦးဇော်မင်း-ဒေါ်ခင်အေးကြွယ်၊ (ဦးငွေဝင်း-ဒေါ်သန်းသန်းနွဲ့)၊(ဦးဉာဏ်ငွေး)-ဒေါ်သီတာ၊ (ဦးငွေးညွန့်)-ဒေါ်မြင့်မြင့်ကျော်၊ ဦးမြင့်လွင်-ဒေါ်ဖြူဖြူဝင်းတို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၁၀-၄-၂၀၂၃ရက် နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၂၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းရွှေ (မရွှေ) (စစ်ကိုင်း)

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ တေးနယာဉ်လမ်း၊ အမှတ် ၄၅(ဟေမာန်)နေ (ဒုတိယဗိုလ်မှူးကြီးကိုလေး - လေ)၏ဇနီး၊ စစ်ကိုင်းမြို့နေ (ဦးဖိုးဆင်-ဒေါ်စိန်ဖြူ)တို့၏သမီး၊ ဒေါ်ခင်ပြုံးဝေ၊ ဒေါ်ခင်သန့်ဇင်၊ ဒေါ်ခင်ချောလေး၊ ဒေါ်ခင်ထွေးလေး (ရန်ကုန်တိုင်းဒေသကြီး၊ စက်မှု)တို့၏မိခင်သည် ၁၀-၄-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်ရီ (ကျုံပျော်မြို့)

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊တိုက်အမှတ် ၁၀၃၊အခန်း ၉၊ (၅)ရပ်ကွက်၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်နေ (ဒုတိယဗိုလ်မှူးကြီး ကျော်ငွေး)၏ဇနီး၊ (ဦးအောင်ကျော်)-ဒေါ်တင်အောင်၊ ဦးဝင်းမြင့်-ဒေါ်ပြုံး တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည်၁၀-၄-၂၀၂၃ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၂၃ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၂၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီး မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးသက်နိုင်

ပလက်ဝမြို့နယ်ဦးစီးအရာရှိ

(လဝက-၄၅၇၂)

အသက်(၄၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နေ(ဦးထွန်းမောင်-ဒေါ်ညွန့်စိန်)တို့၏သား၊ မြင်းခြံမြို့၊ ၁၅လမ်း၊ အမှတ် ၆/၆၁နေ ဗိုလ်မှူးမျိုးညွန့်(ငြိမ်း)-ဒေါ်ခင်မျိုးဆင့်(အထကကျောင်းအုပ်၊ ငြိမ်း)တို့၏သားသမက်၊ ဦးဝင်းနိုင်ဦး၊ ဒေါ်ခင်သက်မူ၊ ဒေါ်သင်္ဂီမျိုးတို့၏ညီ/မောင်၊ ဦးစိုးလွင်-ဒေါ်နီနီမျိုးညွန့်တို့၏ အစ်ကို၊ ဒေါ်ဥမ္မာမျိုး(ဒုလဝကမှူး၊ မြင်းခြံမြို့)၏ခင်ပွန်း၊ မောင်ပိုင်ဟိန်းကျော် (MC Final Part 2, Mandalay)၊ မသင်းသင်းသာတို့၏ဖခင်သည် ၉-၄-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၅း၃၀နာရီတွင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ပလက်ဝမြို့နယ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၂၃ရက်တွင် ချင်းပြည်နယ် ပလက်ဝမြို့၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသောင်း (ခရိုင်လယ်ဝန်၊ ငြိမ်း)

အသက်(၉၉)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)၊ စံပြရပ်၊ အမှတ် ၂၈နေ ဒေါ်ဝင်းမေ၏ခင်ပွန်း၊ ဦးဖြူ(Upcountry Manager,Advanced Diagnostic Co., Ltd.)-ဒေါ်စန်းစန်း(လ/ထ ညွှန်ကြားရေးမှူး၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အထက်မြန်မာပြည်)တို့၏ဖခင်၊ မသူဇာဖြူ(Ph.D-IT) (Course Work), YTU၊ ဗိုလ်ကြီးနိုင်ဇော်လင်း၊ မအေးအေးအောင်(Grade-X ၊ အထက-၁၆)တို့၏အဘိုးသည် ၂၆-၃-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၃ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာဗေဒဌာန မန္တလေးဆေးတက္ကသိုလ်သို့ ပို့ဆောင်လှူဒါန်းပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးစောစိန်(ခ)စောစိန်လျောင့်

အသက်(၉၁)နှစ်

အမှတ် ၈၀၆ (ရှစ်လွှာ)၊ သံဈေးကွန်ဒိုမီနီယံ၊ လသာမြို့နယ်နေ ဦးဝင်းမြင့်-ဒေါက်တာတင်တင်အေး၊ ရေနံချောင်းမြို့နေ ဒေါက်တာစိုးဝင်း-ဒေါ်ခင်နှင်းနွယ်၊ ဦးကျော်ဇင်ဦး-ဒေါ်ရီရီခိုင်(ခ)ဒေါ်စောလေစိန်(ခေတ္တ-စင်ကာပူ)၊ အမှတ် ၉၈၊ ၄၂လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်သင်းသင်းရီ၊ အမှတ် ၁၀၉၊ ၃၉လမ်းနေ ဦးအောင်ဝင်း (ထွန်းတောက်မြေ ကုမ္ပဏီလီမိတက်) - ဒေါက်တာစန်းစန်းဝင်း [လက်ထောက်ကထိက၊ အဆောင်(၉+၁၀)ရန်ကုန်ပြည်သူ့ဆေးရုံကြီး]တို့၏ဖခင်၊ မောင်ဇင်လင်းပိုင်၊ မဇင်နှင်းထက်၊ မောင်ထက်နိုင်အောင်၊ မောင်မြတ်မင်းဇင်၊ မနှင်းနှင်းအေးတို့၏အဘိုးသည် ၉-၄-၂၀၂၃ရက် (အင်္ဂါနေ့)နံနက် ၅း၃၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၂၃ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (ဗိုလ်တထောင်မြို့နယ်၊ ၄၂လမ်း၊ အမှတ် ၉၈ နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဆရာကြီး ဦးလှကျော် B.A (B.Ed)

(အထက်တန်းပြ၊ ငြိမ်း)

အထက(၅)၊ကမာရွတ်

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊အလုံမြို့နယ်၊လွတ်လပ်ရေးရပ်ကွက်၊သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ တိုက်(စီ-၅)၊ အခန်း ၁၀၁နေ ဒေါ်သိန်းဆင့်၏ခင်ပွန်း၊ ဦးဝင်းမော်-ဒေါက်တာသန်းသန်းယဉ်(သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ UK)၊ ဒေါက်တာမင်းဟဏ်(မိသားစု၊ အေးရိပ်သာ သွားနှင့်ခံတွင်းဆေးခန်း)-ပါမောက္ခ ဒေါက်တာမြမြသွင်(ဌာနမှူး၊ ဇီဝကမ္မဗေဒဌာန၊ ဆေးတက္ကသိုလ်၊ မကွေး)တို့၏ဖခင်၊ မောင်သစ်ဦး(အထက-၂၊ ကမာရွတ်)၏အဘိုးသည် ၉-၄-၂၀၂၃ရက် (အင်္ဂါနေ့) ည ၁၁း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၂၃ရက်(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်သန်း(ခ) ပေါက်ပေါက်

လ/ထညွှန်မှူး(လဝက) (ငြိမ်း)

အသက်(၆၁)နှစ်

ရန်ကုန်မြို့နေ (ဦးခင်မောင်-ဒေါ်ခင်ခင်) (သံတွဲ)တို့၏သား၊ (ဦးခင်မောင်ထွန်း)-ဒေါ်ဝင်းမြမြတို့၏မောင်၊ (ဦးမျိုးချစ်) - ဒေါ်မာမာခင်တို့၏အစ်ကိုသည် ၉-၄-၂၀၂၃ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၂၃ရက်(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(အမှတ်၁၀၀၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ် နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးခင်ဇော် (အသံဖမ်း)

(အလင်္ကာဝတ်ရည်စတူဒီယို)

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ၁၂လုံးတန်းနေ (ဦးတင်ရွှေ)-ဒေါ်ခင်ခင်ညွန့်တို့၏သားကြီး၊ ဦးမြင့်ကျော်-ဒေါ်ဝါဝါလွင်၊ ဦးကျော်ပြည့်အောင်-ဒေါ်ဦးဦးကြည်၊ ဦးသန်းဇော်-ဒေါ်ခင်စိုးရီတို့၏အစ်ကိုကြီး၊ လှိုင်း ၄၊အခန်း ၈၊ စည်ပင်အားကစားဝင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဉာဏ်လင်းဦး) ဗိုလ်ကြီးဝေယံဦး (ခမရ-၄၃၀၊ ဘော်လခဲ)တို့၏ဖခင်၊ ဒေါ်ခင်မမအေး (ဌာနစုမှူး၊ ဆက်ဆံ/ပြန်ကြား၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၏ခင်ပွန်း၊ တူ၊ တူမ ခြောက်ယောက်တို့၏ဘကြီးသည် ၁၀-၄-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၀၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၂၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးမြင့်လွင် (မြင်းခြံမြင့်လွင်)

မြို့နယ်သတင်းထောက်၊မြင်းခြံမြို့

အသက်(၇၂)နှစ်

မြင်းခြံမြို့၊ အမှတ်(၁၀)ရပ်ကွက်နေ (ဦးဖိုးအောင် - ဒေါ်အေးသွယ်)တို့၏ သား၊(ဦးအောင်မြိုင်)-ဒေါ်သန်းစိန်တို့၏ သားသမက်၊ ဆရာမဒေါ်ကျင်သောင်း (အထက-၂၊ ငြိမ်း)၏ခင်ပွန်း၊ မထက်ထက်လွင်၊ ကိုမိုးကောင်း-မမီမီလွင် (ဝက်လက်မြို့)၊ မရီရီလွင်၊ မအိအိလွင်၊ မောင်စည်သူမြင့်လွင်(B.M.T.M)၊ မမို့မို့မြင့်လွင် (အမက၊ မြို့ကြီးကုန်း)တို့၏ ဖခင်၊ မယွန်းမီမီကောင်း၊ မောင်ရှင်းခန့်ကောင်းတို့၏အဘိုးသည် ၉-၄-၂၀၂၃ ရက် (အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၄-၂၀၂၃ရက် ညနေ ၅နာရီတွင် ကျောက်ရုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအသင်းများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## စောဝေထူး

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အမှတ် ၁၀၀၊ မဟာသုခိတလမ်းနေ (စောစံကေ-နော်အေးကြူ)တို့၏သားကြီး၊ စောကော်ဝေထူး-နော်ထူးလေ၊ နော်သလေဖော-စောကူ့သေး၊ နော်ဆိဆာထူး-စောချစ်ဦး၊ စောဝါးဆက်ထူး-နော်သလေဝါးတို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊နော်ဒယ်လ်ဖီးမာ၏ခင်ပွန်းသည် ၁၀-၄-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၃နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၄-၂၀၂၃ ရက် (သောကြာနေ့) နံနက် ၉နာရီတွင် တောင်သူကုန်း ကရင်နှစ်ခြင်းအသင်းတော် အင်းစိန်၊ ဗိမာန်တော်၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပခွင့်ရခြင်းသည် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်

**နေပြည်တော် ဧပြီ ၁၀**

အားကစား အောင်မြင်မှုအား နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ဖော်ထုတ်ပြသနိုင်သည့် ဂုဏ်အင်္ဂါတစ်ရပ်အဖြစ် လက်ခံကျင့်သုံးနေကြသည့် မျက်မှောက်ကာလတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး လက်ခံကျင်းပခွင့်ရခြင်းသည် မိမိတို့အတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပါကြောင်း၊ ဤပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးသည် ယနေ့ နိုင်ငံသားတိုင်း၏ပခုံးပေါ်တွင် ကျရောက်လာသည့် ဂုဏ်ယူဖွယ် သမိုင်းပေးတာဝန်ကြီးဖြစ်ပါကြောင်း၊ ဤတာဝန်ကို နိုင်ငံချစ်စိတ်နှင့် အမျိုးသားရေး အားမာန်ကို အခြေခံ၍ ကျေပွန်စွာ ထမ်းဆောင်သွားရန် လိုအပ်ပါကြောင်း ဖြင့် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ၏ သတ္တမအကြိမ် အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတက ဆက်လက်ပြောကြားရာတွင် သဘာဝပတ်ဝန်းကျင် အရည်အသွေးမြှင့်တင်မှုနှင့် ဂေဟစနစ် စနစ်တကျထိန်းသိမ်းမှုကို ပေါ်လွင်စေသည့် အစိမ်းရောင် အားကစားပွဲ၊ အားကစားနေရာခင်းများ သန့်ရှင်းမှုနှင့် အားကစားစိတ်ဓာတ်ဖြင့် သန့်ရှင်းစွာ ယှဉ်ပြိုင်မှုနှင့်ပြည့်စုံသည့် သန့်ရှင်းသော အားကစားပွဲ၊ အာဆီယံနိုင်ငံများအကြား နားလည်ယုံကြည်ချစ်ခင်မှု ပိုမိုခိုင်မာစေမည့် ယဉ်ကျေးမှုများ ပေါင်းကူးဖလှယ်နိုင်သည့် *စာမျက်နှာ ၉ ကော်လံ ၁* ✳

ဒုတိယသမ္မတ ဦးညဏ်ထွန်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ သတ္တမအကြိမ် အစည်းအဝေးတွင် တက်ရောက်၍ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## စာပို့လုလင်နှင့် ကြေးနန်းပို့လုလင်များအား ရေပက်ကစားခြင်းမပြုရန် မေတ္တာရပ်ခံ

**နေပြည်တော် ဧပြီ ၁၀**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ နှစ်သစ်ကူး မဟာသင်္ကြန်ရက်များအတွင်း မဟာသင်္ကြန်အကြတ်နေ့ဖြစ်သော ဧပြီ ၁၅ ရက်နှင့် နှစ်သစ်ကူး ရုံးပိတ်ရက်ဖြစ်သည့် ဧပြီ ၂၀ ရက်တို့တွင် အများပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ စာပေလုပ်ငန်းနှင့် ကြေးနန်းစာပေလုပ်ငန်းများကို နားရက်မယူဘဲ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အမြန်ချောပို့လုပ်ငန်းကိုလည်း နှစ်သစ်ကူး မဟာသင်္ကြန်ရုံးပိတ်ရက်များတွင် ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါ ရက်များအတွင်း ဝတ်စုံပြည့်ဖြင့် တာဝန်ထမ်းဆောင်နေကြသည့် စာပို့လုလင်များ၊ ကြေးနန်းပို့လုလင်များကို ရေပက်ကစားခြင်းမပြုကြရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မေတ္တာရပ်ခံထားသည်။ **(သတင်းစဉ်)**

## မြန်မာရေကူးအသင်း ရွှေ ၁၀ ခု၊ ငွေ ၁၀ ခုနှင့် ကြေးသုံးခုတို့ဆွတ်ခူး

**သတင်း-စိန်လွင်အောင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဧပြီ ၁၀**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဧပြီ ၅ ရက်မှ ၈ ရက်အထိ ကျင်းပသည့် Thailand National Age Group Swimming Championship 2013 ပြိုင်ပွဲသို့ မြန်မာနိုင်ငံရေကူးအသင်းမှ မြန်မာလူငယ်ရေကူးသမားများ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေ ၁၀ ခု၊ ငွေ ၁၀ ခုနှင့် ကြေးသုံးခုတို့ ဆွတ်ခူးခဲ့ပြီး အောင်နိုင်မှုများရရှိ၍ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ခဲ့သည်။ **(ယာပုံ)**

ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရေကူးအားကစားသမားမျိုးဆက်သစ်များဖြစ်သော အမျိုးသားနှစ်ဦးဖြစ်သည့် မောင်နေအောင်လင်းနှင့် *စာမျက်နှာ ၇ ကော်လံ ၃* ❐

## ရောဝတီအသင်း ပထမဆုံးနိုင်ပွဲရ

မာဇီယာအသင်းဘက်သို့ ရောဝတီအသင်း ထိုးဖောက်တိုက်စစ်ဆင်နေစဉ်။

**ရန်ကုန် ဧပြီ ၁၀**

၂၀၁၃ AFC CUP ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်(၄)ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရောဝတီယူနိုက်တက်အသင်းက မော်လ်ဒိုက်ကလပ် မာဇီယာအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

အုပ်စုပွဲစဉ် သုံးပွဲဆက်တိုက်အရေးနိမ့်ထားသည့် ရောဝတီအသင်းမှာ အိမ်ကွင်း၌ ဂိုးပြတ်သွင်းပြီးပထမဆုံးနိုင်ပွဲရရှိခဲ့သည်။ ရောဝတီအသင်းမှာ ယခုပွဲအနိုင်ရရှိခဲ့သော်လည်း အုပ်စုတက်ရန် မျှော်လင့်ချက်မှာ မသေချာသေးဘဲ လက်ကျန်နှစ်ပွဲစလုံးကို အနိုင်ရရန် လိုအပ်နေသလို ကီလန်တန်အသင်းနှင့် ဒါနန်းအသင်းတို့၏ ရလဒ်များကို စောင့်ကြည့်ရမည်ဖြစ်သည်။ ပွဲအစ ၆ မိနစ်တွင်းမှာပင် ရောဝတီတို့ နှစ်ဂိုးဆက်တိုက်ရခဲ့၍ ရောဝတီအသင်း ပွဲကိုဦးဆောင်ကစားနိုင်ခဲ့သည်။ ၅ မိနစ်တွင် ဒိုမီနစ်က ပထမဂိုး၊ ၆ မိနစ်တွင် လီအန်အိုက ဒုတိယဂိုးကို သွင်းယူခဲ့ခြင်းဖြစ်သည်။ရောဝတီအတွက် တတိယဂိုးကို ပထမပိုင်းပြီးခါနီးတွင် နေလင်းထွန်းက သွင်းယူပေးခဲ့သည်။

ယမန်နေ့က မော်လ်ဒိုက်နိုင်ငံတွင် ယှဉ်ပြိုင်ကစားခဲ့သော အုပ်စု (F)ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းမှာ အိမ်ရှင်ကလပ် နယူးရေဒီးယန့်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ **သတင်းနှင့်ဓာတ်ပုံ-ညီမြတ်သော်တာ**

## ၂၀၁၃ ခုနှစ် သင်္ကြန်ရက်များအတွင်း ရေပေးဝေရေးအစီအစဉ်

**ရန်ကုန် ဧပြီ ၁၀**

၂၀၁၃ ခုနှစ် မဟာသင်္ကြန်ရက်များအတွင်း ပြည်သူများ ရေပြတ်လပ်မှု မရှိစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က စီစဉ်ထားရှိရာ ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့)၊ ဧပြီ ၁၄ ရက် (သင်္ကြန်အကျနေ့)၊ ဧပြီ ၁၅ ရက် (သင်္ကြန်အကြတ်နေ့)နှင့် ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)တို့တွင် အောက်ပါအတိုင်း ရေပေးဝေမည်ဖြစ်သည်။

(က) ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗဟန်းနှင့်ဒဂုံမြို့နယ်များသို့ နံနက် ၇ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ၆ နာရီအထိ တစ်ကြိမ်၊ နှစ်ကြိမ်ခွဲ၍ရေပေးဝေမည်ဖြစ်သည်။ (ခ)အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်တို့အား နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရေပေးဝေသွားမည်ဖြစ်သည်။ (ဂ) တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာဒုံ၊ *စာမျက်နှာ ၉ ကော်လံ ၆* ●